www.burmeseclassic.com

ဘုမ္မာဝတီစာပေ

# မင်းသိင်္ခ

# မွှေးပင်မွှေးကြွားပန်းစကား

ဒုတိယအကြိမ်



မွှေးပင်မွှေးကြွားပန်းစကား

L ဏင်း
09 420040335

www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ

## မွှေးပင်မွှေးပြား ပန်းစံကား

▶▶▶▶▶▶▶▶▶▶

မူပိုင်ရှင် – ဒေါ်သန်းနုအောင် (၁၂/တမန(နိုင်)၀၇၈၂၄၀)
၏ ခွင့်ပြုမိန့်အရ ထုတ်ဝေသည်။

ဖြန့်ချိရေး
ဘုမ္မာဝတီစာပေ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 25 22 99 559 , 09 310 58 787
e-mail : bommarwaddy.books@gmail.com

www.burmeseclassic.com

www.burmeseclassic.com

“မျောက်ကွက်လေးချိုး၊ ကျားကိုးကွက်သွား
နဂါးကြေးလှန်၊ ကုမ္ဘဏ်ပန်းရှူး
ဘီလူးပန်းဆွဲ၊ ပုလဲတွဲသီ
နကျည်ပျားတုတ်၊ ကျားပုတ်လက်ကြမ်း
ဝက်ဝံဝမ်းခွဲ၊ မျောက်လွှဲမြေတူး
ကျွဲဦးတိုက်ခွေ့၊ မောင်းလွှဲမွေ့သည်
လက်ဇော့လက်ပန်း၊ ဆယ့်နှစ်ခန်းတည်း”

BURMESE CLASSIC .com

# မွှေးပင်မွှေးငြား ပန်းစံကား

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ - ၂၀၁၇ ခုနှစ်၊ ဧပြီလ
ဒုတိယအကြိမ်၊ အုပ်ရေ(၅၀၀)
ထုတ်ဝေသူ - ဘုမ္မာဝတီစာပေ (၀၁၅၅၁)
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ၉ ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် - လောကနတ်သားပုံနှိပ်တိုက် (၀၁၂၇၄)မြ
အမှတ်(၅၈)၊ အနော်မာလမ်းမကြီး
(၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။
တန်ဖိုး - ၂၅၀၀ ကျပ်

| | |
|---|---|
| မွှေးပင်မွှေးငြားပန်းစံကား<br>မင်းသိမ်<br>ဘုမ္မာဝတီစာပေ၊ ၂၀၁၇။<br>၁၅၆ - စာ၊ ၁၈ × ၁၀ စင်တီမီတာ။ | CIP - ၈၉၅.၈၃ |

ဖြန့်ချိရေး

ဘုမ္မာဝတီစာပေ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ၉ ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – 09 25 22 99 559 , 09 310 58 787
e-mail : bommarwaddy.books@gmail.com

www.burmeseclassic.com

www.burmeseclassic.com

## ပထမအကြိမ် ပုံနှိပ်ခြင်း၏ အမှာစာ

# ဝမ်းနည်း မှတ်တမ်း

မြန်မာစာပေလောကသာမက၊ ဝေဒင်လက္ခဏာ၊ နက္ခတ္တဘာသာရပ်၌ သူမတူအောင် ထူးချွန်လှစွာသော အဘဆရာကြီး မင်းသိခ် သည် အသက် (၇၀) ပြည့်နှစ် နောက်ပိုင်း ကမာရွတ်မြို့နယ်၊ ပြည်လမ်းပေါ်ရှိ သုခကမ္ဘာအထူးကု ဆေးခန်းကြီးတွင် (၁ . ၈ . ၂၀၀၈) သောကြာနေ့ နံနက် (၆း၀၂) နာရီက သူချစ်သော စာပေလောက၊ ဝေဒင်လောက နှင့် အသိုင်းအဝိုင်း တစ်ခုလုံးအား ကျောခိုင်းသွားခဲ့ပါပြီ။

အဘ ဆရာကြီး မင်းသိခ်၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား (၅ . ၈ . ၂၀၀၈) အင်္ဂါနေ့ နံနက် (၁၁ း ၀၀) နာရီ၌ ရေဝေးသုသာန် တွင် ကောင်း မွန်စွာ ဂူသွင်းသဂြိုဟ် ပြီးစီးခဲ့ပါသည်၊

ကျေးဇူးရှင် အဘရာကြီး မင်းသိခ် ကွယ်လွန်သွားသွားခြင်းအတွက် ကြီးစွာသော ဆုံးရှုံးမှု ဖြစ်သည်နှင့်အမျှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်း ဝမ်းနည်းမှတ်တမ်းတင် အပ်ပါသည်၊

လာဘ်မိုးရွာ စာပေ
အမှတ် - ၁၁၁၊ (ပ)ထပ်၊ ၃ - လမ်း(လယ်)၊
မြို့တော်ခန်းမအနီး၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၂၅၃၅၁၉၊



## နိဒါန်း

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဂျိမ်းဟီလတန် (JameHiton) ဆိုသည့် အမေရိကန်နိုင်ငံသား ခံယူထားသော အင်္ဂလိပ်လူမျိုး စာရေးဆရာတစ်ဦး၏ **'ပျောက်ဆုံးနေသော မိုးကုပ်စက်ဝိုင်း'** (Lost Horizon) ဆိုသည့် ဇာတ်သွားကို သဘောကျခဲ့မိလေ၏။

သို့ရာတွင် နှစ်များကြာသောအခါ မေ့မေ့ပျောက်ပျောက်ပင် ဖြစ်ခဲ့၏။ တစ်ခါက ဆရာမောင်ကျောက်တိုင်က ဆရာမောင်ထွန်းသူ ဘာသာပြန်သော (ပထမအကြိမ်) ရှန်ဂရီလာဘာသာပြန်ဝတ္ထုစာအုပ်ကို ကျွန်ုပ်အား ပေးခဲ့လေ၏။ ကျွန်ုပ်သည် အကြိမ်ကြိမ် ဖတ်ရှုခဲ့၏။

ရှန်ဂရီလာဆိုသော ဒေသကိုလည်း သွားရောက်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့၏။ အမှန်စင်စစ် ရှန်ဂရီလာဆိုသော ဒေသမှာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် အနောက်ဘက်ရှိ တိဗက်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသခွဲ ကျုံတီယန်ခရိုင်တွင် တည်ရှိပြီး ၂၀၀၁ ခု၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် တရုတ်အစိုးရက ကျုံတီယန်ခရိုင်ကို ရှန်ဂရီလာခရိုင်အဖြစ် အမည်ပြောင်းလိုက်သည်ဟု ဆောင်းပါး တစ်စောင်ကို ဖတ်ရှုခဲ့ရပါသည်။

(၉)နှစ်တိုင်တိုင် ပညာရှင်များ၊ ပါရဂူများက 'လော့စ်ဟော်ရဇင်'ဝတ္ထုထဲက ရှန်ဂရီလာကို သုတေသနပြုလုပ်ခဲ့ပြီး ကျုံတီယန်ခရိုင်ပဲဟု အတိအကျ ဆုံးဖြတ်ခဲ့ကြ၏။

ထိုဒေသတွင် တောင်ပေါ်ရေကန်များ၊ ထင်ရှားသော တောင်ကြားဒေသများ၊ ရှေးကျသော သစ်တောများဖြင့် ပြည့်နှက်လျက်ရှိ၏။ ထိုဒေသကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လွန်စွာမှ စိတ်ဝင်စား၏။ ဆရာမောင်ထွန်းသူ၏ ဘာသာပြန်ဝတ္ထုကိုဖတ်ပြီးနောက် ပို၍ပင် သွားချင်စိတ်များ ပေါ်ပေါက်လာ၏။ ထို့ကြောင့် ကျွန်ုပ်သည် ရှန်ဂရီလာသို့ သွားနိုင်ရန် လေ့လာစုံစမ်းရလေတော့၏။

ပြည့်ပြည့်စုံစုံ စုံစမ်းသောအခါ၌ ကျွန်ုပ်တို့သည် ခရီးသည်တင်ကားတစ်စီးကို စကားပြန်နှင့်တကွ ငှားရမ်းခဲ့ပြီးနောက် ရှန်ဂရီလာဒေသသို့ ခရီးထွက်ခဲ့ကြလေ၏။

ထိုသို့ ခရီးထွက်ခဲ့ကြရာတွင် ရှန်ဂရီလာသို့ ရောက်ခါနီး ကီလိုမီတာ ၅၀ ကျော်ကျော် လောက်အလိုတွင် 'ဂျင်ရှာမြစ်'၏ နံဘေး 'ကျားခုန်တောင်ကြား' ဆိုသော တောင်ကြားဒေသဆီသို့ ရောက်ရှိခဲ့ပါသည်။ ထိုတောင်ကြားဒေသမှာ မြစ်၏နံဘေးတွင် သေသပ် သပ်ရပ်စွာ ဆောက်တည်ထားသော တိုက်အဆောက်အအုံများဖြင့် သိပ်သိပ်သည်းသည်း လှလှပပရှိရှိသည့် မြို့ကလေးတစ်မြို့ပင် ဖြစ်၏။

ကျွန်ုပ်တို့သည် ဂျင်ရှာမြစ်တစ်ဖက်တွင်ရှိသော စားသောက်ဆိုင်တွင် ဝင်၍ နံနက်စာထမင်းကို စားကြ၏။ ကျွန်ုပ်သည် မည်သည့်အစားအသောက်ကို စားရသည်ဖြစ်စေ လက်ဖက်ရည်မသောက်ရလျှင် မကျေနပ်သောကြောင့် စားသောက်ဆိုင်မှ ထွက်၍ မြစ်၏တစ်ဖက်ကမ်းကို တံတားမှဖြတ်၍ကူးလေ၏။ ကူးပြီးသည်နှင့် စတိုးဆိုင်ကလေးများကို တွေ့ရလေ၏။ စတိုးဆိုင်တစ် ဆိုင်၏ ရှေ့သို့ လှမ်းမျှော် ကြည့်ရှုလိုက်ရာ 'ဂျော့ဂ်ျတိုက်ဂါး' (Gorged Tiger Cafe) ဟု ရေးထားသော အင်္ဂလိပ်စာကို တွေ့ရလေ၏။

ကျွန်ုပ်သည် ထိုဆိုင်းဘုတ်အောက်သို့ လှမ်းမျှော်ကြည့်ရှုလိုက်ရာ ဂါဝန်ဝတ်အမျိုးသမီးတစ်ယောက်ကို ရှားရှားပါးပါး တွေ့မြင်ရလေတော့၏။ ကျွန်ုပ်သည် ထိုအမျိုးသမီး၏အနီးသို့ ခပ်သွက်သွက်ကပ်၍ သွား၏။ ထို့နောက် ထိုအမျိုးသမီးကို ကြည့်လိုက်ရာ အနောက်တိုင်းသူတစ်ဦး ဖြစ်ကြောင်းကို သတိပြုမိလေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် 'မည်သည့်လူမျိုးဖြစ်သနည်း'ဟု စုံစမ်းကြည့်ရာ 'ဩစတြေးလျန်း'အမျိုးသမီးဖြစ်ကြောင်း သိရလေတော့၏။





"ထိုလူအားလုံးကို လက်ဖက်ရည် ရောင်းနိုင်ပါသလား"

ဟု မေးရာ ၎င်းက. . .

"ရောင်းနိုင်ပါသည်"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်တို့လည်း လက်ဖက်ရည်တစ်ခွက်စီ မှာ၍ သောက်ကြလေ၏။

"နေစမ်းပါဦး၊ ဩစတြေးလျအမျိုးသမီးက ဒီလောက်ခေါင်တဲ့ တောကြီးထဲကို ဘယ်လိုလုပ်ရောက်နေတာလဲ"

ဟု မေးလိုက်ရာ ၎င်းက. . .

"တိဗက်အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ရောက်နေတာပါ"

ဟု ပြောပြလေ၏။ ၎င်းအမျိုးသမီးသည် လွန်စွာမှ ဖော်ရွေလှ၏။

"ရှန်ဂရီလာရောက်ရင် အန်ကယ်တို့အားလုံး တိဗက်မိသားစုတွေအိမ်ကို သွားရောက်လည်ပတ်ကြပါ၊ အဲဒီမှာ စိတ်ဝင်စားစရာတွေ အများကြီးတွေ့ပါလိမ့်မယ်၊ ရွှေအမိုးနဲ့ လားမားဘုန်းတော်ကြီးကျောင်းကြီးကိုလည်း ရောက်အောင်သွားကြပါ၊ မြက်ခင်းအစိမ်းတွေမှာ နွားနောက်တွေလည်း ရှိပါတယ်၊ တစ်ခါစီးမှ ငါးကျပ်၊ တစ်ဆယ်လောက်ပဲ ပေးရတာ၊ ဝင်ပြီးစီးဖြစ်အောင် စီးခဲ့ကြပါ၊ ရှန်ဂရီလာအမှတ်တရ ပစ္စည်းရောင်းတဲ့ ဆိုင်တွေလည်း ရှိပါတယ်၊ အဲဒါတွေကိုလည်း ဝယ်ခဲ့ပါ။ အန်ကယ်တို့လည်း စကားပြန်ပါတာပဲ၊ ရှန်ဂရီလာက ဓာတ်လမ်းတွေလည်း နားထောင်ခဲ့ပေါ့၊ အထူးသဖြင့်ကတော့ နွားနောက်သားရေနဲ့ ချုပ်ထားတဲ့ ဦးထုပ်တစ်လုံး ဝယ်ပြီး ဆောင်းလိုက်ရင် အကောင်းဆုံးပေါ့"

ဟု ၎င်းအမျိုးသမီးက ပြောလေ၏။

ကျွန်ုပ်သည် ထိုဩစတြေးလျ အမျိုးသမီးနှင့် စကားပြောတည့်လျက်ရှိသည် သူထံမှ ရှန်ဂရီလာနှင့် ပတ်သက်သော သဲလွန်စ အချို့ရခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်တို့သည် ရှန်ဂရီလာသို့ ခရီးဆက်ခဲ့ကြလေ၏။ ထိုခရီးမှ အပြန်တွင် ရှန်ဂရီလာနှင့် ပတ်သက်သော ဝတ္ထုဇာတ်လမ်းကို ရေးလိုစိတ်များ တဖွားဖွား ပေါ်လျက်ရှိ၏။

ထို့ကြောင့် ကျွန်ုပ်အား ရှန်ဂရီလာသို့ သွားရန်ဖြစ်ရန် ကူညီခဲ့သော မိတ်ဆွေများအတွက် ကျွန်ုပ်၏ရင်ထဲ၌ လက်ဆောင်တစ်ခု သယ်လာခဲ့လေ၏။ ထိုလက်ဆောင်မှာ ယခုဖော်ပြလတ္တံ့သော **'မွှေးပင်မွှေးပြောင်း ပန်းစံကား'** ဟူသော ဝတ္ထုပင်ဖြစ်လေတော့သတည်း။







ဆရာမင်းသိခ် နှင့် ရှန်ဂရီလာ ခရီးဖော်များ





## အခန်း ( ၁ )

## စလင်းမြို့က ကလေးတစ်ယောက်

တစ်ခါက စလင်းမြို့ဈေးအနီးတွင် ကုန်ခြောက်ဆိုင်ကလေး တစ်ဆိုင်ရှိ၏။ ထိုကုန်ခြောက်ဆိုင်ကလေးမှာ ကိုနီနှင့် မဝါးဆိုသူတို့ ပိုင်ကြ၏။

၎င်းတို့ လင်မယားသည် လင်တစ်ထမ်း၊ မယားတစ်ရွက် ဆိုသကဲ့သို့ တက်ညီလက်ညီ လုပ်ကိုင်ကြ၏။ ကိုနီသည် ကုန်ခြောက် ရောင်းသည့်အခါ ရောင်း၏။

သို့ရာတွင် ဆိုင်တွင် မဝါနှင့်ထားခဲ့ပြီး ၎င်းကမူ တစ်ခါတစ်ရံ ထီပေါက်စဉ်၊ တစ်ခါတစ်ရံ သင်္ကြန်စာ၊ တစ်ခါတစ်ရံ အဝတ်ဖြင့် ချုပ်ထားသော ကလေးဦးထုပ်၊ သင်္ကြန်ကျခါနီး အချိန်များတွင် သံဖြူဖြင့်ပြုလုပ်ထားသော ရေပြွတ်စသည်ဖြင့် ပေါ်ပင်ပစ္စည်း ကလေးများကို ပွေ့ပိုက်၍ ဈေးဝတွင် ရောင်းလေ့ရှိသည်က များလေ၏။

ထိုပစ္စည်းကလေးများသည် အမြင်အားဖြင့် သေးဖွဲ့သကဲ့သို့ ရှိသော်လည်း အမှန်စင်စစ်အားဖြင့် 'အမြတ်ကြမ်း'သော ပစ္စည်းများ ဖြစ်ကြလေ၏။

ထို့ကြောင့် ကိုနီနှင့် မဝါးတို့သည် အိမ်ထောင်ကျပြီး များမကြာမီ၌ပင် 'ဈေးမ'ဟုခေါ်သည့် ရပ်ကွက်တွင် မြေကွက်တစ်ကွက် ဝယ်ယူ၍ အိမ်ကလေးတစ်လုံး ဆောက်နိုင်ခဲ့လေ၏။

ရပ်ကွက်ထိပ်ရှိ ဦးကိတ္တိကျောင်းသို့လည်း လပြည့်လကွယ် နေ့တိုင်း ဆွမ်းဟင်း မှန်မှန်ပို့နိုင်ခဲ့လေ၏။

တစ်နှစ်ခန့်ကြာသောအခါ၌ ၎င်းတို့တွင် သားကလေး တစ်ယောက် ထွန်းကားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးအား ကင်ပွန်းတပ်ရာတွင် ပုဏ္ဏားနှင့် ပြည်ပန်းညိုဟင်းချိုချက်ဖြင့် ကျွေးမွေးဧည့်ခံ ခဲ့လေ၏။

ရပ်ရွာမှ လူကြီးများက ကင်ပွန်းတပ်ရာ အမည်အမျိုးမျိုးကို ရွေးချယ် ခဲ့ကြလေ၏။

ရွာသူကြီးဖြစ်သူ ဦးထွန်းရှိန်က 'ကြက်သွန်ဖြူဥ တစ်လုံး'စုဆိုသော နည်းဖြင့် 'သန်းမောင်ဦး'ဟု အမည်မှည့်ခေါ်ရန် ပြောလေ၏။

ဦးကိုရင်ဆိုသူက ပဥ္စပွတ်၊ ဆပွတ်၊ အညွှန့်နည်းဖြင့် 'လှမောင်အေး' ဟု မှည့်သင့်ကြောင်း ပြောလေ၏။

ဦးတူးဆိုသူ ဘီအိုစီကိုယ်စားလှယ်ကြီးက 'အရင်းမွေးနံ အဖျားခံ မှည့်ရင် ပဥ္စပွတ်'ဆိုသောနည်းဖြင့် 'တင်လှ'ဟု မှည့်ရန် တိုက်တွန်း၏။

စာရေးကြီး ဦးဘအေးကမူ 'အမည်ကိုမှန်စေ၊ နေရပ်ကို ဆန်စေ' ဆိုသော နည်းဖြင့် 'တင်အောင်'ဟုသာ မှည့်သင့်ကြောင်း ပြောပြန်၏။

ဗေဒင်ဆရာ ဦးကြည်ကမူ မဟာဘုတ်နည်းအရ 'ရာမောင်'မှည့်ရမည်။ ဤသို့မမှည့်ပါက ကလေးတွင် ခိုက်နိုင်ကြောင်း အခြောက်အလှန့်များဖြင့် ပြောလေ၏။

ထိုအခါတွင် ကိုယ်ရေပြားရောဂါသည် ဒေါ်ချောက. . .

"အောင်မလေးတော် ကလေးတစ်ယောက် နာမည်ပေးတာများ ခက်နေလိုက်ကြတာ၊ တစ်ယောက်တစ်ပေါက်နဲ့ ပြီး,မပြီးနိုင်ဘူး၊ မောင်နီနဲ့ မိဝါးက မွေးတဲ့ကလေးပဲဥစ္စာ 'နီဝါး'လို့ ပေးလိုက်ပြီးရောပေါ့"

ဟု အော်ဟစ်၍ ပြောလိုက်ရာ ကလေး၏ဖခင် ကိုနီသည် လွန်စွာသဘောကျသွားကာ. . .

"ဟာ. . . သိပ်ပြီးဟုတ်တာပေါ့ ဒေါ်ချောရယ်၊ နီဝါး . . . ဟား. . . ဟား. . . ဟား သိပ်ပြီးကောင်းတယ်၊ ကျုပ်သားကလေးကို မောင်နီဝါးလို့ခေါ်မယ်"

ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

ထိုအခါ ဗေဒင်ဆရာ ဦးကြည်က. . .





"မောင်နီတို့များကွာ၊ ရပ်ရွာလူကြီးတွေ၊ ဘီအိုစီကိုယ်စားလှယ်ကြီးတွေ၊ စာရေးကြီးတွေ၊ ငါလို ဗေဒင်ဆရာကြီးတွေပေးတဲ့ နာမည်ကျတော့ အင်တင်တင်လုပ်နေတယ်၊ အနူပေးတဲ့ နာမည်ကျမှ သဘောခွေ့သတဲ့ ကောင်းရော့ကွာ၊ ကလေးရေ မင်းအဖြစ်ကတော့ ဆိုးသကွာ"

ဟု နိမိတ်ဖတ်လိုက်လေတော့သည်။




ရှန်ဂရီလာ အသွားလမ်းရှိ တရုတ်ပြည်၏ တစ်နေရာတွင် မင်းသိမ် တံပိုးမှုတ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com






ရပ်ရွာမှ လူကြီးများက ကင်ပွန်းတပ်ရာ အမည်အမျိုးမျိုးကို ရွေးချယ်ခဲ့ကြလေ၏။

ရွာသူကြီးဖြစ်သူ ဦးထွန်းရှိန်က 'ကြက်သွန်ဖြူ တစ်လုံး'စုဆိုသော နည်းဖြင့် 'သန်းမောင်ဦး'ဟု အမည်မှည့်ခေါ်ရန် ပြောလေ၏။

ဦးကိုရင်ဆိုသူက ပဥ္စပွတ်၊ ဆပွတ်၊ အညွန့်နည်းဖြင့် 'လှမောင်အေး' ဟု မှည့်သင့်ကြောင်း ပြောလေ၏။

ဦးတူးဆိုသူ ဘီအိုစီကိုယ်စားလှယ်ကြီးက 'အရင်းမွေးနံ အဖျားခံ မှည့်ရင် ပဥ္စပွတ်'ဆိုသောနည်းဖြင့် 'တင်လှ'ဟု မှည့်ရန် တိုက်တွန်း၏။

စာရေးကြီး ဦးဘအေးကမူ 'အမည်ကိုမှန်စေ၊ နေရပ်ကို ဆန်စေ' ဆိုသောနည်းဖြင့် 'တင်အောင်'ဟုသာ မှည့်သင့်ကြောင်း ပြောပြန်၏။

ဗေဒင်ဆရာ ဦးကြည်ကမူ မဟာဘုတ်နည်းအရ 'ရာမောင်'မှည့်ရ မည်။ ဤသို့မမှည့်ပါက ကလေးတွင် ခိုက်နိုင်ကြောင်း အခြောက်အလှန့်များဖြင့် ပြောလေ၏။

ထိုအခါတွင် ကိုယ်ရေပြားရောဂါသည် ဒေါ်ချောက. . .

"အောင်မလေးတော် ကလေးတစ်ယောက် နာမည်ပေးတာများ ခက်နေလိုက်ကြတာ၊ တစ်ယောက်တစ်ပေါက်နဲ့ ပြီး,မပြီးနိုင်ဘူး၊ မောင်နီနဲ့ မိဝါးက မွေးတဲ့ကလေးပဲဥစ္စာ 'နီဝါး'လို့ ပေးလိုက်ပြီး ရောပေါ့"

ဟု အော်ဟစ်၍ ပြောလိုက်ရာ ကလေး၏ဖခင် ကိုနီသည် လွန်စွာ သဘောကျသွားးကာ. . .

"ဟာ. . . သိပ်ပြီးဟုတ်တာပေါ့ ဒေါ်ချောရယ်၊ နီဝါး . . . ဟား. . . ဟား. . . ဟား သိပ်ပြီးကောင်းတယ်၊ ကျုပ်သားကလေးကို မောင်နီဝါး လို့ခေါ်မယ်"





## အခန်း ( ၂ )

## နောက်လင်က အရင်လင်ကို အပြစ်တင်ခြင်း

လေးနှစ်ခန့် ကြာသောအခါ၌ မောင်နီသည် အလုပ်ပင်ပန်းလွန်း၍ ပန်းဖျား ဖျားကာ ကွယ်လွန်အနိစ္စ ရောက်သွားလေတော့သည်။

မဝါးတစ်ဦးတည်းသာလျှင် ကုန်ခြောက်ဆိုင်ကို ဆက်လက် ရောင်းချခဲ့လေ၏။

မောင်နီ သေပြီး တစ်နှစ်ခန့် ကြာသောအခါ၌ မဝါး၏ ကုန်ခြောက်ဆိုင်မှ ကုန်များကို သယ်ပို့လုပ်ရသော မြင်းလှည်းသမား စိန်လှိုင်နှင့် မဝါး တို့သည် ငြိစွန်းကြလေတော့၏။

ထိုသို့ ငြိစွန်းရာမှအစ မဝါးသည် မြင်းလှည်းသမား စိန်လှိုင်အား ပေါ်ပေါ်ထင်ထင်ပင် လင်သားအဖြစ်ယူ၍ အိမ်ပေါ်သို့ တင်လိုက်လေတော့၏။

ထိုနေ့မှစ၍ စိန်လှိုင်သည် မြင်းလှည်းမမောင်းတော့ပေ။ သူ၏ မြင်းလှည်း ကို ပိုင်ရှင်ထံသို့ အပြီးပြန်အပ်လိုက်လေတော့၏။

ထိုအခါ ပိုင်ရှင်ဖြစ်သူ ဦးကုလားက. . .

"စိန်လှိုင်ရယ် နောင်မောင်းချင်တဲ့ အခါကျတော့ အချိန်မရွေး လာယူ ပါကွာ"

ဟု ပြောရာ စိန်လှိုင်က. . .

"အောင်မယ်လေး. . . ကိုကုလားရယ်၊ ဒီတစ်သက်အတွက်ကတော့ စိန်လှိုင်နဲ့ မြင်းလှည်းနဲ့ ဇာတ်ခေါင်းကွဲပြီ၊ ဘယ်တော့မှ မမောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ပြီးတော့ ခင်ဗျားမြင်းမကြီးကလည်း ပေကတ်ကတ်နဲ့ လုပ်စားရတာ ဘယ်လောက်ကျပ်တယ် မှတ်လဲ၊ ခင်ဗျား မြင်းမ စိန်လှလေးကို မောင်းမယ့်အစား မဝါးကိုပဲ မောင်းတော့မယ်"

ဟု ပြန်၍ပြောလျှင် မြင်းလှည်းပိုင်ရှင် ကိုကုလားက. . .

"မင်းဟာ ဆီသီးသည် မဖျိုင်းလိုကောင်ပဲ၊ မိဝါးက မောင်နီကိုတော့ ဝါးလိုက်ပြီ၊ စိန်လှိုင်ဆိုတဲ့ကောင်ကိုလည်း ဝါးပစ်လိုက်ဦးမယ်၊ သချိုင်းကုန်းကို ရောက်မယ့်ကောင် သွားတော့"

ဟု မောင်းထုတ်လိုက်လေ၏။

စိန်လှိုင်သည် အိမ်သို့ ပြန်လာပြီးလျှင် မဝါးအား. . .

"ဒီနေ့ စျေးပိတ်တယ် မဝါး၊ အော်ကောက်တို့အိမ်မှာတော့ ဝက်သားပေါ်တယ်လို့ ကြားရတယ်၊ ဝက်သားနှစ်တွဲလောက် သွားဆွဲဗျာ၊ ပြီးရင် ပိန္နဲကွင်းနဲ့ချက်ဗျာ၊ ပုစွန်ခြောက်များများနဲ့ စိမ်းစားငါးပိကို ထောင်းဗျာ၊ ငရုတ်သီးလည်း ထည့်ရမှာပေါ့၊ အဲဒါလေးကို ဆီပူတိုက်၊ အီဖေကိုယ့်အကြိုက်"

ဟု ပြောရာ မဝါးသည် တရုတ်အော်ကောက်အိမ်သို့သွား၍ ဝက်နံ့အုံသားနှစ်တွဲ ဆွဲလာလေ၏။ ထို့နောက် ပိန္နဲကွင်းနှင့် တွဲစပ်၍ ချက်ပြုတ်လေ၏။ ငါးပိစိမ်းစားကိုလည်း ပုစွန်ခြောက်နိုင်နိုင်၊ ငရုတ်သီးနိုင်နိုင်ဖြင့် ငါးပိကြော်လုပ်လေ၏။

အလုံးစုံ ချက်ပြုတ်ပြီးသောအခါ စိန်လှိုင်ကို ထမင်းကျွေးလေ၏။ စိန်လှိုင်သည် တဝတပြ စားလေ၏။ စားပြီးလျှင် အိမ်ရှေ့ခန်းသို့ ထွက်၍ ခေါင်းအုံးကိုချကာ ပက်လက်လှန်၏။ စန်းစန်း ဆေးလိပ်ကို ဖွာ၏။

အနီးတွင်လည်း ငါးသေတ္တာခွက်ဖြင့် ပြုလုပ်ထားသော ဆေးလိပ်ခွက်ကို ချ၏။ ဆေးလိပ်မီးခိုးများကို အိမ်ခေါင်ဆီသို့ မှုတ်ထုတ်လေ၏။

ထိုအခိုက်မှာပင် မရွာစဖူး ထူးထူးကဲကဲ မိုးသည်းသည်းရွာလေတော့၏။ စိန်လှိုင်သည် မိုးသံတပြောင်းပြောင်းကို နားထောင်ရင်း မျက်စိကို မှေး၍ အိပ်ရန် တာစူလေတော့၏။





ထိုအချိန်၌ သက်ကယ်အမိုးကြားမှ မိုးစက်ကြီးကြီးတစ်စက်သည် စိန်လှိုင်၏ရင်ဘတ်ဆီသို့ ပေါက်ခနဲ ကျလေ၏။

စိန်လှိုင်သည် လန့်၍ ဟာခနဲဖြစ်သွား၏။ သူ၏ ရောမ စည်းစိမ်ကြီးပျက်သွားလေတော့၏။

ထိုအခါ 'တောက်'ဟု တောက်တစ်ချက် ခေါက်လိုက်ပြီး. . .

"မောင်နီတို့များ အိမ်ကို သွပ်မိုးမတင်ခဲ့ဘဲ သေရွာကို ရောက်သွားတာကိုး၊ တကယ်ဆို သွပ်ကလေး ဘာလေး မိုးခဲ့ပါလား၊ တော်တော်မိုက်ရိုင်းတဲ့ကောင်၊ အခုတော့ ကြည့်စမ်း သူ့တာဝန်ကို ယူရမယ့် နောက်လင်မှာ စည်းစိမ် မရှိလိုက်တာ"

ဟု သေဆုံးသွားရှာပြီဖြစ်သော လင်ကြီးဖြစ်သူ မောင်နီကို နောက်လင်ဖြစ်သော ဒင်းက အပြစ်မရှိ အပြစ်ရှာ၍ ကြုံးဝါးလိုက်လေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဈေးပိတ်တယ် မဝါး၊ အော်ကောက်တို့အိမ်မှာတော့ ဝက်သား ပေါ်တယ်လို့ ကြားရတယ်၊ ဝက်သားနှစ်တွဲလောက် သွားဆွဲဗျာ၊ ပြီးရင် ပိန္နဲကွင်းနဲ့ချက်ဗျာ၊ ပုစွန်ခြောက်များများနဲ့ စိမ်းစားငါးပိကို ထောင်းဗျာ၊ ရေတ်သီးလည်း ထည့်ရမှာပေါ့၊ အဲဒါလေးကို ဆီပူတိုက်၊ အီဖေကိုယ့် အကြိုက်"

"အိမ်ကို သွပ်မိုးမတင်ခဲ့ဘဲ သေရွာကို ရောက်သွား တာကိုး၊ တကယ်ဆို သွပ်ကလေး ဘာလေး မိုးခဲ့ပါလား၊ တော်တော် မိုက်ရိုင်းတဲ့ကောင်၊ အခုတော့ ကြည့်စမ်း သူ့တာဝန်ကို ယူရမယ့် နောက်လင်မှာ စည်းစိမ် မရှိလိုက်တာ"

"ဒီတစ်သက်အတွက်ကတော့ စိန်လှိုင်နဲ့ မြင်းလှည်းနဲ့ ဇာတ်ခေါင်းကွဲပြီ၊ ဘယ်တော့မှ မမောင်း တော့ဘူး၊ ပြီးတော့ ခင်ဗျားမြင်းမကြီးကလည်း ပေကတ်ကတ်နဲ့ လုပ် စားရတာ ဘယ်လောက်ကျပ်တယ် မှတ်လဲ၊ ခင်ဗျား မြင်းမ စိန်လှလေး ကို မောင်းမယ့်အစား မဝါးကိုပဲ မောင်းတော့မယ်"





## အခန်း ( ၃ )
## မထွေးကာ နှုတ်ပိတ်ကတွေ

စိန်လှိုင်သည် မဝါးနှင့်ရသည့် အချိန်မှစ၍ လွန်စွာမှ စည်းစိမ်တွေ့ လျက် ရှိလေတော့၏။ ကုန်ခြောက်ဆိုင်သို့လည်း မလိုက်ပေ။ မဝါးက ခေါ် သောအခါ၌. . .

"မလိုက်ချင်ပါဘူး မဝါးရယ်၊ တချို့လူတွေက 'ကိုနီ' 'ကိုနီ' လို့ လာလာ ခေါ်ကြတယ်၊ ပြီးတော့မှ '*ဩော်. . . ဩော်၊ စိတ်မဆိုးနဲ့နော်၊ နှုတ်ကျိုးနေလို့ပါ*' လို့ ပြောသေးတယ်၊ အဲဒီလို အခေါ်ခံရတိုင်း ကျုပ် အနေနဲ့ ဖင်ရှုံ့ရှုံ့သွားတယ်ဗျ၊ ဒီတစ်ချက်တည်းနဲ့ကို မဝါးကိုယူရတာ ကျုပ် ဘယ်လောက်နစ်နာတယ်ဆိုတာ မဝါး သိလောက်ပါတယ်"

ဟု ပြောလျှင် မဝါးက. . .

"ဟုတ်ပါတယ် ကိုစိန်လှိုင်ရယ်၊ ကြာရင်တော့ ဒီလိုခေါ်တာ ပြောတာ ပျောက်သွားမှာပါ"

ဟု ဖျောင်းဖျရလေ၏။ ထိုအခါ စိန်လှိုင်က. . .

"ပျောက်သွားရင် ကောင်းတာပေါ့ဗျာ၊ တစ်ခုတော့ရှိတယ် မဝါး၊ တခြားလူတွေက ယောင်ပြီး ကျုပ်ကို ကိုနီလို့ခေါ်တာကိုတော့ ထား လိုက်ပါတော့၊ မဝါးအနေနဲ့ကတော့ ယောင်ပြီး ကျုပ်ကို အဲဒီလို မခေါ်မိစေနဲ့နော်၊ ခေါ်တဲ့နေ့ကတော့ ခင်ဗျားနဲ့ကျုပ် ဇာတ်ဂေါင်း ကွဲတဲ့နေ့ပဲ၊ ပြီးတော့ ခင်ဗျားလုပ်စာကို ကျုပ်က အငြိမ့်သား ထိုင်ပြီး စားနေတာ မဟုတ်ဘူးနော်၊ ကျုပ်ဘဝက လူတောမတိုးဝံ့သူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဗျ၊ အဲဒါတွေ ထားလိုက်ပါတော့၊ ဈေးသိမ်းပြီး ပြန်လာရင်တော့ တစ်ပိုင်းပါလာဖို့ လိုတယ်"

ဟု ဆိုကာ အရက်ကို မှာလေ၏။ မဝါးလည်း ဈေးသိမ်းပြီး ပြန်လာသောအခါ၌ စိန်လှိုင်အတွက် အရက်ပုန်းဆိုင်မှ အရက်တစ်ပိုင်း ဝယ်လာလေ၏။ အရက်တစ်ပိုင်းဆိုသည်မှာ အရက်ပုလင်းကြီး တစ်လုံး၏ တစ်ဝက်တိတိကို ဆိုလိုခြင်းဖြစ်၏၊

စိန်လှိုင်သည် အရက်တစ်ပိုင်းရသောအခါ၌ မျက်နှာသည် ကြည်လင်၍ သွားလေ၏၊

"အမြည်းလေးဘာလေး မပါဘူးလားဗျာ"

ဟု ၎င်းကမေးရာ မဝါးက. . .

"ဒေါ်အေးမယ်ဆိုင်က ဝက်ခေါင်းသုပ်နဲ့ ဝက်သွေးသုပ် ဝယ်လာပါတယ်တော်"

ဟု ဆိုကာ အထုပ်တစ်ထုပ် ထုတ်၍ ပေးလေ၏၊

စိန်လှိုင်လည်း ဖန်ခွက်အလွတ်များ၊ ရေများယူကာ အမြည်းထုပ်ကို ဖြေ၍ အရက်ကို စတင်သောက်လေ၏၊

"ကောင်းလိုက်တာ မဝါးရယ်၊ အရက်ကလည်း ပြင်းမှ၊ ဒေါ်အေးမယ် ဝက်ခေါင်းသုပ်ကလည်းကောင်း၊ ဒါလေးရှိမှဗျ၊ မဝါးကို ပိုပြီးချစ်နိုင်မှာ"

ဆိုကာ စိန်လှိုင်သည် အရက်ကို မော့လိုက်၊ ဝက်ခေါင်းသုပ်ကို ဝါးလိုက်၊ ဆေးပေါ့လိပ်ဖွာလိုက်နှင့် အလုပ်ရှုပ်နေလေ၏။

ထိုအချိန်၌ နီဝါးကလေးသည် အနီးသို့ ရောက်လာပြီးလျှင် ပန်းကန်အတွင်းမှ ဝက်သွေးတစ်ဖက်ကိုကောက်၍ ကိုင်လိုက်လေ၏။

ထိုအခါ စိန်လှိုင်က. . .

"သေချင်းဆိုးလေး လူကြီးစားနေတာကို မပြောဘဲနဲ့ လာနှိုက်တယ်"

ဟု ဆိုကာ ပါးကို ဖြန်းခနဲ ရိုက်လိုက်လေ၏။

နီဝါးလည်း ကြောက်လန့်ခြင်း၊ နာကျင်ခြင်းတို့ကြောင့် အော်၍ ငိုလေတော့၏၊

ထိုအခါ မဝါးထွက်လာပြီးလျှင်. . .





"ကလေးပဲရှင် ဒီလောက်တော့ မလုပ်ပါနဲ့၊ သူ့အဖေရှိတုန်းကလည်း သူ့အဖေ စားသောက်နေရင် ဒီလိုပဲ နှိုက်ပြီးစားတတ်တယ်"

ဟု ပြောရာ စိန်လှိုင်က. . .

"အဲဒါခက်တာပေါ့၊ ကလေးကို ကလေးလိုမထားဘဲ အလိုလိုက်တာကိုး၊ အဲဒါကြောင့် ကျုပ်က ဆုံးမရတာ၊ ဖ,မဆုံးမ ကလေးမို့လို့ ကျုပ်က ဆုံးမရတာ၊ ကျုပ်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းကတော့ ဒီကောင်လေးကြောင့် တစ်နေ့နေ့ ပြဿနာ တက်လိမ့်မယ်၊ ဒီကောင်လေးဟာ ဆူးငြောင့်ခလုတ်ကလေးပဲ"

ဟု ပြောလျှင် မဝါးသည် နီဝါးကလေးကိုချီ၍ မီးဖိုခန်းအတွင်း ဝင်သွားပြီးလျှင် ပုစွန်ခြောက်များကို နှိုက်၍ ပါးစပ်အတွင်းသို့ ခွံ့လေ၏။

ထို့နောက်. . .

"သားရယ် တိတ်ပါကွယ်၊ နောက်ကို လူကြီးစားရင် ဒီလို မနှိုက်ရဘူးနော်"

ဟု ပြောရာ နီဝါးကလေးက. . .

"အဖေက နှိုက်စားလို့ ပြောတယ်"

ဟု မပီကလာ ပီကလာဖြင့် ပြန်၍ ပြောလျှင် မဝါးသည် ဆိုနင့်၍ သွားလေတော့၏။

ဤအမျိုးသည် တစ်ကြိမ်သာ မဟုတ်၊ အကြိမ်ကြိမ် ဖြစ်လာခဲ့လေ၏။ စိန်လှိုင်သည် အရက်မူးလာသောအခါ၌ နီဝါးကလေးကို အပြစ်မရှိ အပြစ်ရှာ၍ ရိုက်၏။ ထို့နောက်တွင်ကား အသောက်အစားသာမက စိန်လှိုင်အနေဖြင့် လောင်းကစားပါ ဖက်လာလေတော့၏။

ဖဲရှုံးလာသောအခါများတွင် မဝါးကိုပါ ရိုက်လားနှက်လား လုပ်လာလေတော့၏။ မဝါးအနေနှင့်လည်း စိန်လှိုင်ကို မပစ်နိုင်သည်ကလည်း တစ်ကြောင်း၊ အိမ်ထောင်ဆက်များလွန်သည့် အဖြစ်ကို မလိုလားနိုင်သည်ကလည်း တစ်ကြောင်းတို့ကြောင့် ကြိတ်မှိတ်၍ သည်းခံနေရရှာလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com






ဘုရားပွဲဈေးတန်းပုံ

"ဘယ်လိုဖြစ်ပြီး သူက အိမ်ထောင်ဦးစီး ဖြစ်ရတာတုန်း၊ အမေက ဆိုင်ထွက်တယ်၊ ကျွန်တော်က ကျောင်းတက်တယ်၊ သူက အရက် သောက်တယ်၊ ဖဲရိုက်တယ်၊ သူဟာ လူမိုက်ပဲ၊ ကျောင်းမှာ ဆရာလေး က သင်တယ်၊ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမိုဝဲနဲ့ ကင်းအောင် နေတဲ့၊ သူနဲ့ကင်းအောင်နေရမယ်၊ အမေက ဘာဖြစ်လို့ အဲဒီလူမိုက် ကို မှီဝဲနေတာလဲ"

"ဒီလူကြီးဟာ ဘာအလုပ်မှ လုပ်တာမဟုတ်ဘူး၊ ဘာလို့ ပေးရတာလဲ၊ ကျွန်တော် စာမေးပွဲအောင်လို့ ဘောင်းဘီလေး ချုပ်ပေးပါဆိုတာ ကျတော့ အမေက ချုပ်မပေးဘူး၊ ဘာအလုပ်မှ မလုပ်တဲ့ လူကြီးကို ကျတော့ အမေက အလိုလိုက်တယ်၊ ကဲပါ ပြောစမ်းပါ၊ ဒီလူကြီးက ဘာလုပ်လို့လဲ"





အခန်း ( ၄ )

## လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့

နီဝါးသည် (၆)နှစ်ပြည့်သောအခါ၌ ကျောင်းအပ်ခဲ့ပြီ ဖြစ်၏။ တစ်နှစ် တစ်တန်း မှန်မှန် အောင်သောကြောင့် နီဝါးသည် (၃)တန်းသို့ ရောက်လာ ပြီဖြစ်၏။

၎င်းတို့၏ စလင်းမြို့တွင် ကုသိနာရုံဘုရားပွဲ ကျင်းပသော အချိန်၌ လွန်စွာ လူစည်ကား၏။

ထိုဘုရားပွဲသို့ သွားလျှင် ဝတ်ဆင်ရန်အတွက် ဘောင်းဘီကလေး တစ်ထည် လိုချင်ကြောင်း နီဝါးက မိခင်အား ပူဆာလေ၏။ မိခင်ကလည်း ချုပ်ပေးမည်ဟု ကတိပေးထား၏။

ဘုရားပွဲ နီးလာသောအခါ၌ နီဝါးက. . .

"အမေ ဘောင်းဘီချုပ်ပေးလေ"

ဟု ပူဆာရာ မိခင်ကလည်း. . .

"အေးပါကွယ်. . . အမေ ဒီနေ့ပဲ ချုပ်ပေးပါမယ်"

ဟု ပြောလေ၏။

ထိုအခါ မလှမ်းမကမ်းတွင် ထိုင်နေသော စိန်လှိုင်က. . .

"ချုပ်မပေးရဘူး၊ ရှိတာပဲ ဝတ်ပြီး သွားရမယ်၊ ကျုပ်က ဝိုင်းကောင်း လို့ ပိုက်ဆံတောင်းတော့ ခင်ဗျားက မရှိဘူးလို့ ပြောတယ်၊ အခု ခင်ဗျားသားကို ဘောင်းဘီချုပ်ပေးဖို့ ပိုက်ဆံ ဘယ်က ထွက်လာသလဲ၊ ချုပ်ရဲချုပ်ကြည့် သားအမိနှစ်ယောက်စလုံး သေဖို့သာ ပြင်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြိမ်းမောင်းလေတော့၏။

"မဟုတ်တာပဲ ကိုစိန်လှိုင်ရယ်၊ သူက ပူဆာတတ်တဲ့ ကလေးမဟုတ်ပါဘူး၊ စာမေးပွဲ အောင်ရင် ချုပ်ပေးမယ်လို့လည်း နဂိုကတည်းက သူ့ကို ကတိပေးထားတယ်လေ၊ တကယ်လို့ ချုပ်မပေးဘူးဆိုရင် သူဟာ အမေအပေါ်မှာ အယုံအကြည်မဲ့ သွားမှာပေါ့"

ဟု မဝါးက တောင်းပန်ရာ စိန်လှိုင်က. . .

"ဒီကောင်လေး မယုံအကြည်မဲ့တာ အရေးမကြီးပါဘူးဗျာ၊ စိန်လှိုင့်ကို အယုံအကြည်မမဲ့လို့ဘဲ အရေးကြီးပါတယ်၊ ကျုပ်ကလည်း ဒီအချက်ကိုပဲ ကြည့်နေတာ၊ မဝါးဆိုတဲ့မိန်းမဟာ ပထမလင်နဲ့ရခဲ့တဲ့ သားကိုချစ်သလား၊ ငါ့ကိုချစ်သလားဆိုတာကို ချိန်ဆနေတာဗျ၊ ခင်ဗျားသားကို ပိုချစ်ရင်တော့ စိန်လှိုင်က ကျောကော့ပြီး ဆင်းသွားရုံပဲ"

ဟု ဆိုကာ တိုင်တွင်ချိတ်ထားသော ကုတ်အကျႌကို ဝတ်၍ စိန်လှိုင်သည် ဖဲဝိုင်းသို့ ထွက်သွားလေတော့သည်။

ထိုအခါ နီဝါးက. . .

"အမေ ဘောင်းဘီချုပ်မယ်လေ၊ စက်ဆိုင်ကို သွားရအောင်"

ဟု ပြောလိုက်ရာ မိခင်ဖြစ်သူက. . .

"နင့်ကြောင့် ခက်တော့တာပဲ"

ဟု ပြောလေ၏။

"မခက်ပါဘူး အမေရယ်၊ စက်ဆိုင်မှာ အထည်စတွေ ရှိတယ်လေ၊ အဲဒီက အထည်စနဲ့ပဲ ကျွန်တော့ကို တိုင်းပြီး ချုပ်ခိုင်းလိုက်ရုံပဲ၊ ဘာများ ခက်လို့လဲ"

ဟု နီဝါးက ပြန်၍ပြောလေ၏။ ထိုအခါ မိခင်က. . .

"နင့်ကို ဘောင်းဘီချုပ်ပေးတာကို ဟိုက မကျေနပ်ဘူးဟဲ့"

ဟု ပြောလျှင် နီဝါးက. . .





"ဘောင်းဘီချုပ်တဲ့ ဥစ္စာ အမေရယ်၊ ကျွန်တော်ရယ်၊ စက်ဆရာရယ် ကျေနပ်ရင် ပြီးတာပဲလေ၊ သူက မလိုပါဘူး၊ သူချုပ်မှာမှ မဟုတ်တာဲ"

ဟု ပြောလိုက်ရာ မိခင်ဖြစ်သူက. . .

"သူက အိမ်ထောင်ဦးစီးဟဲ့၊ သူက မကျေနပ်ရင် လုပ်ဖို့ မကောင်းဘူး"

ဟု ပြန်၍ ပြောလေ၏။

ထိုအခါ နီဝါးက. . .

"ဘယ်လိုဖြစ်ပြီး သူက အိမ်ထောင်ဦးစီး ဖြစ်ရတာတုန်း၊ အမေက ဆိုင်ထွက်တယ်၊ ကျွန်တော်က ကျောင်းတက်တယ်၊ သူက အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ သူဟာ လူမိုက်ပဲ၊ ကျောင်းမှာ ဆရာလေးက သင်တယ်၊ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေတဲ့၊ သူနဲ့ကင်းအောင်နေရမယ်၊ အမေက ဘာဖြစ်လို့ အဲဒီလူမိုက်ကို မှီဝဲနေတာလဲ"

ဟု ပြောသည်။

"အမယ်လေးတော် စကားကြောရှည်လိုက်တဲ့ စကားတောင်းစားလေးနှယ်၊ နင်လုပ်တာနဲ့ လင်မယားတော့ ကွဲတော့မယ်"

ဟု မိခင်ဖြစ်သူက စိတ်မရှည်နိုင်သော လေသံဖြင့် ပြောလေ၏။

"ကွဲလည်း ဘာဖြစ်လဲ အမေရယ်၊ ဒီအိမ်မှာ သူမရှိလည်း ဖြစ်တာပဲ၊ အမေက ဆိုင်ထွက်တယ်၊ ပိုက်ဆံရတယ်၊ အဲဒါနဲ့ ကျွန်တော်တို့ နေနေကြတာပဲ သူဟာ အပိုပဲ"

ဟု နီဝါးက ချက်နှင့်လက်နှင့် ပြန်၍ ပြောလိုက်ရာ မိခင်ဖြစ်သူက. . .

"နင် မသိပါဘူး ကောင်လေးရယ်၊ နင့်အတွက်တော့ အပိုပေါ့ဟဲ့၊ ငါ့အတွက် မပိုဘူးဟဲ့၊ လိုအပ်လို့ ဒီမှာရှိနေတာပေါ့၊ နင်ဒါတွေ နားမလည်ပါဘူး၊ တိတ်တိတ်နေစမ်းပါ၊ ဘောင်းဘီရဖို့လည်း ထပ်ပြီး မပူဆာနဲ့တော့"

ဟု ပြောလိုက်လျှင် ဆွေးမြည့်၍ သွားလေတော့၏။

"မဟုတ်သေးပါဘူး အမေရယ်၊ ဒီလူကြီး အရက်သောက်ဖို့ အမေ ပိုက်ဆံပေးတယ်၊ ဒီလူကြီး ဖဲကစားဖို့ အမေ ပိုက်ဆံ ပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီ လူကြီးဟာ ဘာအလုပ်မှ လုပ်တာမဟုတ်ဘူး၊ ဘာလို့ ပေးရတာလဲ၊ ကျွန်တော် စာမေးပွဲအောင်လို့ ဘောင်းဘီလေး ချုပ်ပေးပါဆိုတာ ကျတော့ အမေက ချုပ်မပေးဘူး၊ ဘာအလုပ်မှ မလုပ်တဲ့ လူကြီးကို ကျတော့ အမေက အလိုလိုက်တယ်၊ ကဲပါ ပြောစမ်းပါ၊ ဒီလူကြီးက ဘာလုပ်လို့လဲ”

ဟု နီဝါးက မေးလိုက်လျှင် မိခင်ဖြစ်သူက. . . .

“ကောင်လေး တိတ်စမ်း၊ မတိတ်ရင် ငါ ထရိုက်မိလိမ့်မယ်”

ဟု ငေါက်ငမ်းလိုက်လေတော့သတည်း။

နီဝါး . . . သွားပြီး အမေရေ





## အခန်း ( ၅ )

## သွားပြီ အမေရေ . . .

နီဝါးသည် အိမ်၏ထောင့်တွင် ကုပ်၍ထိုင်ကာ တရှုပ်ရှုပ် ငိုနေလေ၏။ သူ၏နှလုံးသားတွင်လည်း အရွယ်နှင့်မမျှအောင် ခံစားလိုက်ရသော နာကြည်းမှုဝေဒနာတစ်ခုကို အပြင်းအထန် ခံစားနေလေ၏။

မိခင်၏မေတ္တာ မိုးစက်မိုးပေါက်များသည် သူ့အပေါ်၌ မကျရောက်ဘဲ အရက်သမား၊ ဖဲသမား၊ စိန်လှိုင်အပေါ်၌သာ ရွာသွန်းနေကြောင်း သူကောင်းစွာ နားလည်သွားပြီ ဖြစ်၏။ ထို့ကြောင့် သူ၏နှလုံးသား၌ အရှိုးထင်ခဲ့ပြီဖြစ်၏။ ထိုအရှိုးရာမှာ ဒုတိယဖြစ်၏။

ပထွေးဖြစ်သူ စိန်လှိုင်က သူ(၄)နှစ်သား အရွယ်က အရက်နှင့်မြည်းသော အမြည်းကို နှိုက်မိသဖြင့် ပါးကို ဖြန်းခနဲရိုက်၍ ထင်ခဲ့သောအရှိုးသည် ပထမအရှိုးဖြစ်၏။ ထိုအရှိုးရာများသည် ဘဝတစ်လျှောက်လုံးတွင် စွဲထင်သွားမည့် အရှိုးရာများ ဖြစ်၏။ မည်သည့်အခါမျှ ပျောက်သွားလိမ့်မည် မဟုတ်ပေ။ နှလုံးသားတွင် စွဲထင်သော အရှိုးရာများဟု အလွယ်တကူ ပြောရသော်လည်း အမှန်စင်စစ်အားဖြင့် စိတ်တွင် စွဲထင်သွားသော အရှိုးရာများ ဖြစ်သောကြောင့်တည်း။

ဒုတိယ အရှိုးရာအတွက် ငိုကြွေးနေသောအခါ၌ ပထမ အရှိုးရာသည် ဘွားခနဲပြန်၍ ပေါ်လာတတ်၏။

ထို့ကြောင့် နှလုံးသားပေါ်မှ အရှိုးရာများသည် သူတစ်လှည့် ငါတစ်လှည့် ဆိုသလို အလုအယက် ပေါ်နေမြဲဖြစ်၏။ ဤအချက်သည် နီဝါတို့သို့



www.burmeseclassic.com

www.burmeseclassic.com



နူနယ်သော ကလေးငယ်အဖို့ လူဆိုးဖြစ်သွားစေနိုင်၏။

ထို့အတူ ထိုနာကြည်းချက်များအပေါ် အကြောင်းခံ၍ ကောင်းသောဘက်မှ ကြိုးစားပါကလည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်နိုင်၏။ ထွန်းထွန်းပေါက်ပေါက် ဖြစ်မည်လော၊ လူဆိုးလူမိုက် ဖြစ်မည်လောကို မည်သူမျှ အတပ်မပြောနိုင်ပေ။

နီဝါးသည် ငိုကြွေးရင်း မျက်ရည်များ၊ ခန်းခြောက်လာကာ အငိုရပ်၍ သွားလေ၏။ ထို့နောက်. . .

"ဒီလူကြီးကတော့ ငါ့ကို မေတ္တာမရှိတာ သေချာတယ်၊ ငါ့အမေကလည်း ဒီလူကြီးကို မေတ္တာရှိတယ်၊ ငါ့အပေါ်မှာ မေတ္တာမရှိဘူး၊ ဒီအိမ်မှာ လူသုံးယောက်ပဲ နေတာ၊ နှစ်ယောက်က ငါကို မေတ္တာမရှိဘူး၊ ငါ ဘာလုပ်မလဲ၊ ငါ အမြန်ဆုံး ထွက်သွားတာကောင်းတယ်"

ဟု ဆုံးဖြတ်လိုက်ပြီးလျှင် အိမ်ခန်းအတွင်းသို့ ဝင်၍ မဝါးနှင့် စိန်လှိုင်တို့ အိပ်သောအိပ်ရာမှ ဖျာကိုလှန်လိုက်ရာ ငွေကိုးကျပ်ကို တွေ့ရလေ၏။

သူလည်း တွံ့ဆိုင်းမနေတော့ဘဲ ထိုငွေကိုးကျပ်ကို သူ၏အင်္ကျီအိတ်အတွင်းသို့ ထည့်လိုက်လေ၏။ ထို့နောက် မီးဖိုချောင်တွင် အလုပ်ရှုပ်နေသော မိခင်အား နှုတ်မျှပင် မဆက်တော့ဘဲ အိမ်ပေါ်မှ ဆင်းလာခဲ့လေ၏။ မလှမ်းမကမ်းသို့ အရောက်တွင် အိမ်ကလေးဘက်သို့ တစ်ဖန်လှည့်၍ ကြည့်၏။ ထိုအိမ်ကလေးတွင် သူ၏ဖခင် ကိုနီ၊ သူ၏မိခင် မဝါးတို့နှင့်အတူ နေခဲ့ရသော အဖြစ်ကို အောက်မေ့ လွမ်းဆွတ်သွားလေ၏။ ထို့နောက် သူ၏စိတ်၌. . .

"မတက်နိုင်ဘူးလေ၊ ထွက်သွားတာ အကောင်းဆုံးဖြစ်တော့လည်း ထွက်သွားရတော့မှာပဲ"

ဟု စိတ်တွင်းမှ ရေရွတ်ကာ အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် ကိုက်၍ မာန်တင်းလိုက်ပြီးရေ. . .

"နီဝါး သွားပြီ အမေရေ"

ဟု စိတ်တွင်းမှ အော်ဟစ် ပြောဆိုကာ ချာခနဲ လှည့်၍ ထွက်သွားလေတော့၏။





## အခန်း ( ၆ )

နီဝါးသည် ဇင်းနေထိုင်ရာမြို့တွင်ရှိသည့် ဦးလာဘကြီးဆိုသူ ပိုင်ဆိုင်သည့် စံရှားအမည်ရှိ ဘတ်စ်ကားဖြင့် ရှောက်တောဆိုသော အရပ်သို့ လိုက်ပါလာခဲ့လေ၏။ ရှောက်တောမှတစ်ဆင့် မြင်းလှည်းကြုံဖြင့် သံကိုင်းသို့ သွားရပြန်၏။ သံကိုင်းမှတစ်ဖန် ကူးတို့လှေဖြင့် ရေနံချောင်းဘက်သို့ ကူးလေ၏။

ရေနံချောင်းသို့ ရောက်သောအခါ၌ စနေနံဘုရားပွဲအချိန်နှင့် ကြုံကြိုက်နေသည်ဖြစ်ရာ သူသည် ဘုရားအနီး လူစည်ကားရာတွင် လျှောက်၍ကြည့်နေ၏။ မည်မျှကြာကြာလှည့်ပတ်၍ ကြည့်နေမိသည် မသိ။

ခြေထောက်များ ညောင်း၍ ဗိုက်မှာ တဂျုတ်ဂျုတ် မြည်နေ၏။ သူ၏ အိတ်ထဲတွင် ငွေ ၈ ကျပ်ကျော်ကျော် ရှိသေး၏။

သို့သော် ထိုငွေဖြင့် စားသောက်လိုက်ပါက နောင်တွင် အခက်ကြုံမည်ကို နားလည်၏။

"ဒီငွေ ၈ ကျပ်ကို စားပစ်လို့မဖြစ်ဘူး၊ ဒါလေးကုန်သွားရင် အခက်တွေ့မယ်၊ ခြေစောင့်လက်စောင့် သဘောတော့ ထားရမှာပဲ၊ အဲဒီတော့ ဗိုက်ကလည်းဆာနေပြီ၊ ဘယ်လိုလုပ်မတုံး၊ ပစ္စည်းတစ်ခုခုဝင်ပြီး ခိုးရင် ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ဆရာလေးက ပြောတယ်၊ သူများ ပစ္စည်းကို မခိုးရဘူးတဲ့၊ ခိုးဝှက်ခြင်းဟာ ငါးပါးသီလကို ဖျက်စေတယ်တဲ့၊ ပြီးတော့ မိသွားရင် လူတွေက ရိုက်ကြမှာတဲ့၊ ထောင်လည်းကျမှာတဲ့၊ အဲဒီတော့ ခိုးလို့တော့ မဖြစ်ဘူး၊ ငါတတ်နိုင်တဲ့အလုပ်တွေ ဝင်ပြီးလုပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း ၎င်းလုပ်နိုင်မည့် အလုပ်များကို စဉ်းစားကြည့်ရာ စဉ်းစား၍မရနိုင်အောင် ရှိလေတော့၏။

ထိုသို့ စဉ်းစားရင်း လျှောက်လာခဲ့ရာ 'မထွားထမင်းဆိုင်'ဟု ပိတ်ဖြင့် ရေးသားထားသော ဆိုင်းဘုတ်ကို ဖတ်မိလေ၏။

သူသည် လွန်စွာ ဆာလောင်မွတ်သိပ်နေပြီဖြစ်၏။ ထိုထမင်းဆိုင်သို့ လှမ်း၍ကြည့်လိုက်ရာ အသက်(၄၀)အရွယ်ခန့် အသားမည်းမည်းလူကြီးတစ်ဦးသည် လက်သီးဆုပ်ခန့်ရှိသော ဝက်သားတုံးကြီးကို ကိုက်၍ မြိန်ရှက်စွာ ထမင်းစားနေသည်ကို တွေ့ရလျှင် ပို၍ပင် ဆာလောင်မွတ်သိပ် သွားလေ၏။

ထို့နောက် ထိုဆိုင်ကို စေ့စေ့စပ်စပ်ကြည့်ပြန်ရာ ဆိုင်၏နောက်ဘက်တွင် သစ်သားရေဇလုံတစ်ခုအနီး၌ စားပြီးသား ပန်းကန်များကို ဆေးနေသော မိန်းမကြီးတစ်ယောက်ကို တွေ့ရလေ၏။

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ ငါလုပ်နိုင်တဲ့ အလုပ်တွေ့ပြီ၊ ဟိုမိန်းမကြီး ပန်ကန်ဆေးသလို ငါးလည်းဆေးနိုင်တယ်၊ တစ်ဆိုင်လုံးမှာရှိတဲ့ စားပြီးသား ပန်းကန်တွေကို ဆေးပေးမယ်ဆိုရင်တော့ ဒေါ်ထွားဆိုတဲ့ မိန်းမကြီးက ငါ့ကို ထမင်းတစ်နပ်တော့ ကျွေးမှာပေါ့"

ဟု တွေးမိသည့် တစ်ခဏ၌ပင် သူ၏ခြေလှမ်းများသည် ပန်းကန်ဆေးနေသည့် မိန်းမကြီးဆီသို့ ဦးတည်၍ လျှောက်သွားနေပြီဖြစ်၏။

ထိုမိန်းမကြီးအနီးသို့ ရောက်သောအခါ၌. . .

"ကြီးတော် ကျွန်တော်ကူပြီး ဆေးပေးပါ့မယ်၊ ကျွန်တော့်ကို ထမင်းတော့ကျွေးပါ"

ဟု၍ ပြောပြောဆိုဆို ပန်းကန်တစ်ချပ်ကို ယူ၍ ဆေးလေတော့၏။

"အလိုတော်. . . လက်ရဲဇက်ရဲ နိုင်လှချည်လား၊ ဒီက ဆေးပါလို့တောင် မပြောရသေးဘူး ဝင်ပြီးဆေးနေပြီ"

ဟု ထိုမိန်းမကြီးက အော်ဟစ်လေ၏။

"မဟုတ်ပါဘူး ကြီးတော်ရယ်၊ ကျွန်တော်က ထမင်းဆာနေလို့ပါ၊ ဒီပန်းကန်တွေဆေးပြီးမှ ကျွန်တော် ထမင်းစားရမှာမို့ပါ"





ဟု နီဝါးက ပြောလိုက်ရာ မိန်းမကြီးက. . .

"ဘယ်အချိန်က ပေါ်လာတဲ့ ပြဿနာလေးလဲ၊ အငတ်တိုင်းပြည်ကလာတဲ့ ကောင်ဖြစ်မှာပဲ၊ ငါက ဆိုင်ရှင်မဟုတ်ဘူးဟဲ့၊ ငါလည်း နင့်လို အငတ်ပဲ၊ ဒီဆိုင်မှာ ငါက ပန်းကန်ဆေးရတယ်၊ မီးမွှေးရတယ်၊ ထင်းခွဲရတယ်၊ လက်သုတ်ပဝါတွေ လျှော်ရတယ်၊ ဆိုင်ရှင် မိထွား မီးယပ်ထပြီး နောက်ကြောတက်ရင် ဇက်ကြောဆွဲပေးရတယ်၊ ကျောကုန်းကို လက်မနဲ့ထိုးပေးရတယ်၊ နောက်တစ်ခု ပြောရဦးမယ်၊ မိထွား အိပ်ဖို့ အိမ်ရာခင်းပေးရတယ်၊ မိထွားရဲ့ တိတ်တိတ်ပုန်းလင် ငတော အရက်သောက်တဲ့အခါ အမဲခြောက်ဖုတ်ပြီး ရေတက်ကျည်ပွေ့နဲ့ ထုရတယ်၊ ပြီးတော့ ဆီစိမ်းဆမ်းပေးရတယ်၊ အဲဒီလိုလုပ်နိုင်လို့ ထမင်းတစ်နပ်စားရတာ အငတ်ရေ"

ဟု မဆိုင်းသော စကားများပါ ပြောပြလေ၏။ ထိုအခါ နီဝါးက. . .

"ထမင်းစားတဲ့အခါ ဘာဟင်းနဲ့စားရသလဲ၊ ဝက်သားတုံးအကြီးကြီးနဲ့ ချက်ထားတဲ့ဟင်းနဲ့ စားရသလား"

ဟု အားတက်သရော မေးလိုက်လေ၏။

"ဝေးသေးတယ်၊ ရောင်းတဲ့အထဲမပါလို့ ကျန်နေတဲ့ အကျန်တွေနဲ့ စားရတာ၊ ငါတို့ ထမင်းဆိုင်က ကြက်သား၊ ဝက်သာ၊ ဆိတ်သား၊ ချဉ်ပေါင်ကြော်၊ မှိုစ်ကြော်၊ ပဲပြုတ် အဲဒါတွေနဲ့ ရောင်းတာ၊ ဒါပေမဲ့ ငါစားရတာကတော့ ချဉ်ပေါင်ကြော်၊ မှိုစ်ကြော်၊ ပဲပြုတ် တစ်ခုခုပဲ၊ ကြက်သား၊ ဝက်သား၊ ဆိတ်သား တစ်ခါမှ မစားရဖူးဘူး၊ မိထွားရဲ့ ထမင်းဆိုင်က ဒီနေရာမှာ အမြဲရောင်းတာ မဟုတ်ဘူး အငတ်လေးရဲ့၊ ဘုရားပွဲတွေလှည့်ပြီး ရောင်းတာ၊ ၁၂ ပွဲ ထမင်းဆိုင်ဟဲ့"

ဟု မိန်းမကြီးက ပြောလေ၏။

"နေစမ်းပါဦး ကြီးတော်ရယ်၊ အဲဒီလို ဘုရားပွဲတွေလှည့်ပြီး ရောင်းတဲ့အခါမှာ စလင်းမြို့က ကုသိနာရုံဘုရားပွဲကိုရော ရောက်သလား"

ဟု နီဝါးက မေးလိုက်ရာ မိန်းမကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ပြောရဦးမယ်၊ ဘုရားပွဲမှန်သမျှ မိထွား မရောက်တာမရှိဘူး၊ ဒါပေမဲ့ စလင်းမြို့က ဘယ်ဘုရားပွဲကိုမှ မိထွား ဈေးသွားမရောင်းဘူး၊ ဘာဖြစ်သလို့လဲလို့တော့ မမေးနဲ့ ကောင်လေး၊ အဲဒီမှာ သူနဲ့ ရဖူးတဲ့ လင်ဟောင်းက ရှိတယ်တဲ့၊ အဲဒီလင်ဟောင်းနဲ့ အခု တိတ်တိတ်ကလေး ယူထားတဲ့လင် ငတောနဲ့ နောင်ဂျိန်ချမှာစိုးလို့ပေါ့၊ လျှောက်ပြီးမမေးနဲ့ ကောင်လေး"

ဟု ပြောနေစဉ်၌ပင် ဆိုင်ရှင် မထွားအနီးသို့ ရောက်လာလေ၏။

"အမယ်လေး ဒေါ်စိန်ရယ်၊ စကားတွေ တဖောင်ဖောင် ပြောနေတော့ ဘယ်သူနဲ့များ ပြောနေသလဲလို့၊ နေစမ်းပါဦး ဒီကောင်လေးက ဘယ်က ကောင်လေးလဲ"

ဟု မထွားက မေးလိုက်ရာ ဆိုင်အလုပ်သမား ဒေါ်စိန်က. . .

"အငတ်တိုင်းပြည်ကလာတဲ့ အငတ်ကလေးပေါ့ဟယ်၊ ပန်းကန်ဝိုင်းဆေးပေးပါ့မယ်တဲ့၊ သူ့ကို ထမင်းကျွေးပါတဲ့၊ ကျွေးရင်လည်း ဝက်သားတုံးအကြီးကြီးနဲ့ ချက်ထားတဲ့ဟင်းကို ကျွေးပါတဲ့၊ အဲဒါကြောင့် ဝက်သားတော့ မရဘူး၊ လက်ဝါးပဲ ရမယ်လို့ ပြန်ပြီးပြောနေတာ"

ဟု ပြောလျှင် မထွားက. . .

"နေပါဦး ဒေါ်စိန်ရယ်၊ သေသေချာချာလည်း မေးပါဦး၊ ကယ်ပါလေးတွေ၊ စဉ္စာလလေးတွေ ဖြစ်နေတတ်တယ်၊ ဒါမှမဟုတ်လည်း ခိုးတတ်ဝှက်တတ်တဲ့ ကလေးမျိုးတွေ ဖြစ်တတ်တယ်၊ ဘုရားပွဲတွေမှာ ဒီအရွယ်လေးတွေပဲ လိုက်ပြီး ခိုးနေတာ"

ဟု ပြောလိုက်လျှင် နီဝါးက. . .

"ကျွန်တော် မခိုးပါဘူး၊ ခိုးရင် ငါးပါးသီလ ကျိုးသွားမှာပေါ့၊ နောက်ပြီးတော့ အစ်မပြောသလို ကျွန်တော်က စဉ္စာလလည်း မဟုတ်ဘူး၊ ကယ်ပါလည်း မဟုတ်ဘူး၊ ကျွန်တော့် အမေမှာ ကုန်ခြောက်ဆိုင်ရှိတယ်၊ ကျွန်တော့်ပထွေးက ကျွန်တော့်ကို အနိုင်ကျင့်လို့ အိမ်ကထွက်ပြေးလာတာ၊ ကျွန်တော် ပန်းကန်ဆေးမယ်၊ အစ်မ ခိုင်းတာ





အကုန်လုပ်မယ်၊ နောက်ကျောကိုတော့ လက်မနဲ့မထောက်တတ်ဘူး၊ သနပ်ခါးကိုတော့ ကျွန်တော် သွေးတတ်ပါတယ်၊ အမေ့ကို ခဏခဏ သွေးပေးဖူးတယ်၊ ကိုတောကြီး အရက်သောက်တဲ့အခါ မြည်းဖို့ကိုလည်း အမဲခြောက်ကို မီးဖုတ်ပေးပါ့မယ်၊ ပြီးတော့ ငရုတ်ကျည်ပွေ့နဲ့ထုမယ်၊ ပြီးရင် ဆီဆမ်းဆမ်းပေးပါ့မယ်၊ ကျွန်တော့်ကို ထမင်းကျွေးပါ၊ ရောင်းလို့မကုန်ရင်တော့ ဝက်သားနဲ့ကျွေးပါ၊ ကုန်ရင်တော့ ရောင်းပစ်လိုက်ပါ၊ ချဉ်ပေါင်ကြော်၊ မှျစ်ကြော်၊ ပဲပြုတ်နဲ့လည်း ကျွန်တော် စားနိုင်ပါတယ်"

ဟု နီဝါးက ပြောလျှင် မထွားက. .

"အမလေးတော် ကိုတော အရက်သောက်တာလည်း သူသိနေတယ်၊ အမဲခြောက်ဖုတ်ပေးရတာလည်း သိနေတယ်၊ မဟုတ်မှလွဲရော ဒေါ်စိန် လျှောက်ပြောပြီ ထင်တယ်"

ဟု ပြောလိုက်ရာ ဒေါ်စိန်က နီဝါး၏ ခေါင်းကို 'ဒေါင်'ခနဲ ခေါက်လိုက်ပြီးလျှင်

"မိကျောင်းသား လျှာကို ရှည်တယ်၊ နင့်နဲ့သာ ဓားပြတိုက်စားရရင် အဲဒီလို နှုတ်မလုံတာနဲ့ ထောင်ထဲက ထွက်ရမှာ မဟုတ်ဘူး၊ သိတာတွေ အကုန်လုံး လျှောက်ပြောတော့တာပဲ၊ သာလီကာနဲ့ ကြက်တူရွေး စပ်ပြီးကျတဲ့အကောင်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မထွားက. .

"ဒေါ်စိန်ရေ ကလေးကို လက်ခံထားလိုက်ပါ၊ အမဲခြောက်ဖုတ်နည်းလည်း ပြလိုက်ဦး၊ မီးကျွမ်းပြီး တူးကုန်ရင် ကိုတောက မစားဘူး"


ဟု ပြောဆိုကာ ဆိုင်ရှေ့သို့ ဖင်ကလေး လှုပ်တုတ်လှုပ်တုတ်ဖြင့် ထွက်သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com










## အခန်း ( ၇ )
## ကိုတော၏ သဘောထား

ထိုနေ့က နီဝါးသည် ချဉ်ပေါင်ကြော်နှင့် ထမင်းစားရလေ၏။ သို့ရာတွင် ဒေါ်စိန်ကြီးက ဝက်သားတုံးတစ်တုံး ခိုး၍ထည့်ပေးသည်ဖြစ်ရာ လွန်စွာမှ စား၍ကောင်းလေ၏။

ညနေပိုင်းသို့ ရောက်လျှင် မထွား တိတ်တိတ်ပုန်းယူထားသည်ဆိုသော ကိုတောဆိုသူ ရောက်လာ၏။ ကိုတော ရောက်လာလျှင် မထွားက အနီးရှိ လက်ဖက်ရည်ဆိုင်မှ နွားနို့တစ်ခွက် ဝယ်၍ တိုက်လေ၏။ ကိုတောသည် နွားနို့သောက်ရင်း နီးဝါးကိုမြင်သွားလျှင်. . .

"မထွားရေ ဒီကလေးက ဘယ်ကလဲကွယ်"

ဟု မေးလေ၏။ ထိုအခါ မထွားက. . .

"ကိုတောရယ် ဘုရားပွဲ ဈေးရောင်းတဲ့ဆိုင်တွေမှာ ဒီလိုပဲ ရေမျောကမ်းတင်ကလေးတွေ ရောက်လာတာပေါ့၊ ဘယ်ကလဲလို့ အတပ်ပြောလို့ဘယ်ရမလဲ၊ ရေမျောကမ်းတင်ပေါ့"

ဟု ပြန်၍ ဖြေသည့်အချိန်၌ နီဝါးက ကိုတောအား. . .

"အမဲခြောက် ဖုတ်ရတော့မလား"

ဟု မေးလေ၏။ ထိုအခါ ကိုတောက. . .

"ဘာဖြစ်လို့ အမဲခြောက်ဖုတ်လိုက်ရမှာလဲ ကလေးရဲ့"

ဟု ပြန်၍ မေးရာ. . .

"အမဲခြောက်ကို မီးမကျွမ်းအောင် ဖုတ်မယ်လေ၊ ပြီးတော့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ရေှတ်ကူညီပွဲ.နဲ့ထုပြီး ဆီဆမ်းပေးမယ်လေ၊ အစ်ကိုကြီး အရက် သောက်ဖို့ပါ"

ဟု နီဝါးက ပြောလိုက်လျှင် ကိုတောက ရယ်လေ၏။

"တော်တော် သွက်တဲ့ကောင်ပဲ၊ မင်း မလုပ်တတ်ပါဘူးကွာ၊ ဒေါ်စိန့် ကို ခိုင်းပါ့မယ်၊ ပြီးတော့ ဒီနေ့ဟာ လပြည့်နေ့ကွ၊ လပြည့်တို့ လကွယ် တွေမှာ အစ်ကိုကြီး အရက်မသောက်ဘူးကွ"

ဟု ကိုတောက ပြောလိုက်လျှင် နီဝါးသည် နားမလည်သော မျက်နှာဖြင့် ကိုတော၏ မျက်နှာကို ကြည့်လေ၏။

"လပြည့်၊ လကွယ်မှာ ဘာဖြစ်လို့ အရက်မသောက်ရတာလဲ အစ်ကို ကြီး"

ဟု နီဝါးက မေးလိုက်ရာ. . .

"မင်းကိုပြောရင် နားမလည်မှာ မဟုတ်ဘူးကွ၊ လ,ဟာ မင်းတို့၊ ငါ တို့နဲ့ အပတ်သက်ဆုံး အရင်းနှီးဆုံး ဂြိုဟ်တစ်ခုပဲကွ၊ သူတို့တော့ လေးစားရမှာပေါ့ကွာ၊ လပြည့်၊ လကွယ်ရက်တွေမှာ လူတွေ ဥပုသ် စောင့်တာတော့ မင်း သိတယ်မဟုတ်လား၊ ဒီသဘောပဲပေါ့ကွာ၊ လ,ကို လူတိုင်းချစ်တယ်ကွာ၊ လ,ကို စန်းလို့ခေါ်တယ်၊ လူချစ်လူခင် ပေါတဲ့လူကို စန်းပွင့်တယ်လို့ ခေါ်တယ်မဟုတ်လား၊ လနဲ့ပတ်သက် တာပေါ့ကွာ၊ အဲဒီတော့ အဲသလောက်ပဲ မှတ်ထားပါကွာ၊ ဒီထက် ပိုပြီးပြောရင်လည်း မင်းနားလည်ဖို့မရှိပါဘူး"

ဟု ကိုတောကြီးက စိတ်ရှည်လက်ရှည် ပြောပြလေ၏။

ဤသို့နှင့်ပင် နီဝါးသည် မထွားကြီး၏ ဘုရားပွဲထမင်းဆိုင်တွင် သောင်တင်၍ သွားလေတော့၏။ မထွားတို့၏ ထမင်းဆိုင်သည် မကွေး မြသလွန် ဘုရားပွဲဆီသို့ ရောက်ခဲ့ပြီဖြစ်၏။ နီဝါးလေးမှာလည်း ထမင်းဆိုင်အလုပ်များ ကို အကျအန လုပ်တတ်သွားပြီ ဖြစ်၏။

ဆိုင်သိမ်း၍ အိမ်ချိန်ရောက်သောအခါအခါ၌ နီဝါးသည် ဒေါ်စိန် နှင့်အတူ အိပ်ရ၏။ ဒေါ်စိန်သည် နီဝါးအား အကြောင်းအရာ အမျိုးမျိုးကို





ပြောပြလေ့ရှိ၏၊ နီဝါးသည် ထိုအကြောင်းအရာများကို နားထောင်ရင်း အိပ် ပျော်သွားလေ့ရှိ၏၊ တစ်ခါက နီဝါးက. . .

"ကြီးတော် ဆွေမျိုးမရှိဘူးလား"

ဟု မေးရာ ဒေါ်စိန်က. . .

"ခင်ရာဆွေမျိုးပေါ့ ပြိတ္တာလေးရယ်၊ တကယ်တော်တဲ့ ဆွေမျိုးက တော့ ဘယ်ရှိမလဲ၊ တစ်ကောင်ကြွက်ဆိုတာ ငါ့လိုလူမျိုးကိုခေါ်တာ တဲ့၊ ငါ့အဖေက ငါရှစ်နှစ်သမီးမှာ အိမ်ပေါ်ကကျပြီးသေတယ်၊ သူက လက်သမားဆရာကြီး၊ နှစ်ထပ်အိမ်ဆောက်တာ သံနဲ့တည်း၊ တည်း ထားတဲ့ ဝရန်တာကို အခိုင်မာလုပ်ပြီးပြီ အောက်မေ့လို့ မှီလိုက်တာ ပြုတ်ကျပြီး ပွဲချင်းပြီး သွားတယ်၊ ငါ့အမေကတော့ ငါ ဆယ့်ခုနစ်နှစ် သမီးမှာ ခွေးရူးပြန်ပြီးသေတယ်၊ တခြားအမျိုးတွေဆိုတာလည်း မရှိ ပါဘူး"

ဟု ပြောလိုက်လျှင် နီဝါးက. . .

"ကြီးတော်က ယောကျ်ားမယူဘူးလား"

ဟု တုံးတိတိ မေးလိုက်လေ၏။

"မယူပါဘူး ပြိတ္တာရယ်၊ ဆယ့်ရှစ်နှစ်သမီးလောက်မှာ မုဆိုးဖိုတစ် ယောက်နဲ့စပ်ဖူးတယ်၊ အဲဒီမုဆိုးဖိုက ပိုက်ဆံရှိပါတယ်၊ ငါက ရုပ်ဆိုး လို့မယူခဲ့ဘူး၊ အသက်နှစ်ဆယ်လောက်မှာ ထန်းလျက်ပွဲစားတစ်ယောက် နဲ့ ရုပ်ရွာက စပ်ပေးပါတယ်၊ အဲဒီလူက အလွန်ကို သွားခေါတာ၊ တိုတိုပြောတော့ ရုပ်ဆိုးလို့ပေါ့ဟာ၊ ငါက မယူခဲ့ဘူး၊ အသက်အစိတ် လောက်မှာ ကားစပယ်ယာက လူပျိုစကားပြောဖူးပါတယ်၊ အရုပ်က အလွန်ပုတာကလား၊ ငါ လက်မခံခဲ့ဘူး၊ အသက်သုံးဆယ်လောက် မှာ စက်ဘီးနဲ့လိုက်ပြီး ချည်လုံးရောင်းတဲ့ အကြွီးဆိုတဲ့ တရုတ်က ကမ်းလှမ်းဖူးနပါတယ်၊ ခြေခွင်လို့ ငါကမယူခဲ့ဘူး၊ နောက်လည်း လာပြီးဆက်စပ်တာတွေ ရှိပါသေးတယ်၊ အသာမည်းတာတို့၊ ပါးစပ် ပြဲတာတို့၊ နှာဂလန်တာတို့ ဒါမျိုးတွေကြီးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်စိန်က ပြောလျှင် နီဝါးက. . .

"ကြီးတော်က ချေးများတာကိုး"

ဟု ပြောလိုက်ရာ ဒေါ်စိန်က နီးပါး၏ခေါင်းကို 'ဒေါက်'ခနဲ ခေါက်၍. . .

"အောင်မလေးတော်၊ ကျုပ်နဲ့ပေါင်းရမှာ ကျုပ်စိတ်ကြိုက်တော့ ရွေးရမှာပေါ့ ပြီတ္တာရဲ့"

ဟု ပြော၍ ရယ်လေ၏၊

"အခု ကြီးတော် အသက်ကြီးလာပြီ၊ ဒီထက် အသက်ကြီးလာလို့ အလုပ်မလုပ်နိုင်ရင် ထမင်းဘယ်လိုစားမလဲ၊ ယောကျ်ားယူခဲ့ရင် သားတွေ သမီးတွေရမယ်၊ သူတို့က တစ်လှည့်ပြန်ကျွေးမှာပေါ့"

ဟု နီဝါးက ပြောလျှင် ဒေါ်စိန်က. . .

"နင်က ငါ့ ကို ဆရာလုပ်တယ်ဟုတ်လား ပြီတ္တာကလေး၊ ငါတို့ရွာက ဆရာတော်ကြီးက အသက်ကြီးလာလို့ မလုပ်နိုင်၊ မကိုင်နိုင်ရင် ကျောင်းကိုလာခဲ့တဲ့၊ ဘုန်းကြီးကျောင်းမှာ စားလို့ရတယ်၊ ငါ့အတွက် မပူနဲ့၊ ငါက နင့်အတွက်ပူတာ"

ဟု ပြောလေ၏။

မကွေးမြသလွန်ဘုရားပွဲသို့လည်း ကိုတောကြီး လိုက်လာပြန်၏။ အရောင်းအဝယ်ပါးသော ညတစ်ညတွင် ကိုတောကြီးက နီဝါးအတွက် အင်္ကျီတစ်ထည်နှင့် ဘောင်းဘီအတိုကလေးတစ်ထည် ဝယ်ပေးလေ၏။ ထို့နောက် မထွားအားခေါ်ယူကာ. . .

"မထွားရေ. . .၊ ဒီကောင်လေးက ဥပမိရုပ်သန့်တယ်ကွယ့်၊ မျက်နှာအကျကလေးလည်း ယောကျ်ားပီပီသသ ရုပ်ကလေးကွယ်၊ ခြေဆံလက်ဆံလည်း ရှည်တယ်၊ အရွယ်လေးရောက်ရင် အလုံးအထည်တွေထွက်လာရင် ကြည့်ကောင်းမယ့်ကောင်လေးပဲ၊ ခိုင်းစရာရှိတာတော့ ခိုင်းရမှာပေါ့ကွယ်၊ ဒါပေမဲ့ နှိပ်နှိပ်စက်စက် မလုပ်ပါနဲ့၊ မတော်တဆ ကောက်ရတဲ့ ကျောက်ကောင်းကလေး တစ်စေ့လို့ သဘောထားပါ"

ဟု ပြောလိုက်လျှင် မထွားက. . .





"ကျောက်ကောင်းလား၊ ကျောက်စုတ်လားတော့ မသိဘူး ကိုတောရေ၊ စကားတော့ အတော်များတဲ့ကောင်လေး၊ ဒေါ်စိန်နဲ့ နှစ်ယောက်ပေါင်းပြီး ဘာတွေပြောကြမှန်းမသိဘူး၊ သူက မေးချင်ရာမေး၊ ဟိုက ဖြေချင်ရာဖြေ၊ သူတို့နှစ်ယောက်တွေ့ရင် ရေပက်လို့မဝင်ဘူး"

ဟု ပြောရာ ကိုတောက. . .

"ဒီအရွယ်ဟာ ဒီလိုပဲကွ၊ အကုန်သိချင်တော့တာ၊ အဲဒီတော့ မြင်မြင်သမျှ မေးတော့တာပဲကွာ၊ အဲဒီမှာ မေးသမျှကို ကောင်းကောင်းမွန်မွန် ဖြေတဲ့သူနဲ့တွေ့ရင် ကလေးဟာ တော်သွားတော့တာပဲကွ၊ ရိုက်လားနှက်လားလုပ်ရင် ကလေးဟာ နုံသွားတတ်တယ်၊ နီဝါးလေးဟာ အခုအခါမှာတော့ နွံနစ်နေတာပေါ့ကွာ၊ ဒါပေမဲ့ ပတ္တာမြားဖြစ်နိုင်တယ်၊ ထဘီတွေ ဘာတွေ မလျှော်ခိုင်းပါနဲ့ကွာ၊ သူ့အထိုက်အလျောက် ဘုန်းကံလေးပွင့်ပါစေကွယ်"

ဟု ပြောလိုက်လျှင် မထွားက နှုတ်ခမ်းကိုမဲ့၍ မေးကို ဘယ်ဘယ်သို့ ထိုးလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားပဲကွာ၊ မကျေနပ်ရင် မငိုရဘူး၊ တောက်ခေါက်ရတယ်၊ ယှဉ်ပြိုင်ဖို့စိန်ခေါ်ရင် အကျီလက်မောင်းကိုပင့်ပြီး လက်ပန်းပေါက်ခတ်ရတယ်၊ သူတစ်ပါးကို အလစ်မလုပ်ရဘူး၊
အသိပေးစိန်ခေါ်ပြီး တိုက်ခိုက်ရတယ်၊ ဒါမှ ယောကျ်ားကွ၊ အလစ်အငိုက်ဖမ်းလုပ်လို့ တစ်ဖက်လူ သေချင်သေသွားမယ်၊ အဲဒါအနိုင်မဟုတ်ဘူး အရှုံးပဲ၊ စိန်ခေါ်ပြီး မတိုက်ရဲကတည်းက အရှုံးပဲ၊ ကြားလား"

"မင်းကိုပြောရင် နားမလည်မှာ မဟုတ်ဘူးကွ၊ လ,ဟာ မင်းတို့ ငါတို့နဲ့အပတ်သက်ဆုံး အရင်းနှီးဆုံး ဂြိုဟ်တစ်ခုပဲကွ၊ သူတို့တော့ လေးစားရမှာပေါ့ကွာ၊ လပြည့် လကွယ်ရက်တွေမှာ လူတွေ ဥပုသ် စောင့်တာတော့ မင်းသိတယ်မဟုတ်လား၊
ဒီသဘောပဲပေါ့ကွာ၊ လ,ကို လူတိုင်းချစ်တယ်ကွာ၊ လ,ကို စန်းလို့ခေါ်တယ်၊ လူချစ်လူခင် ပေါတဲ့လူကို စန်းပွင့်တယ်လို့ ခေါ်တယ်မဟုတ်လား၊ လနဲ့ပတ်သက် တာပေါ့ကွာ၊ အဲဒီတော့ အဲသလောက်ပဲ မှတ်ထားပါကွာ၊ ဒီထက် ပိုပြီးပြောရင်လည်း မင်းနားလည်ဖို့မရှိပါဘူး"

"ဒီအရွယ်ဟာ ဒီလိုပဲကွ၊ အကုန်သိချင်တော့တာ၊ အဲဒီတော့ မြင်မြင်သမျှ မေးတော့တာပဲကွာ၊ အဲဒီမှာ မေးသမျှကို ကောင်းကောင်းမွန်မွန် ဖြေတဲ့သူနဲ့တွေ့ရင် ကလေးဟာ တော်သွားတော့တာပဲကွ၊
ရိုက်လား နှက်လားလုပ်ရင် ကလေးဟာ နုံသွားတတ်တယ်၊ နီဝါးလေးဟာ အခုအခါမှာတော့ နှံနစ်နေတာပေါ့ကွာ၊ ဒါပေမဲ့ ပတ္တာမြားဖြစ်နိုင်တယ်၊ ထဘီတွေ ဘာတွေ မလျှော်ခိုင်းပါနဲ့ကွာ၊ သူ့အထိုက်အလျောက် ဘုန်းကံလေးပွင့်ပါစေကွယ်"





## အခန်း ( ၈ )
## တိုက်ကြက်ပမာ

ဘုရားပွဲရက်အတွင်း၌ နီဝါးသည် ထမင်းဆိုင်သို့ လူခေါ်သောကိစ္စနှင့်ပတ်သက်၍ မျက်နှာချင်းဆိုင်ရှိ ခေါက်ဆွဲဆိုင်မှ သူကဲ့သို့သော ကလေးတစ်ဦးနှင့် စကားများ ရန်ဖြစ်လေတော့၏။

ခေါက်ဆွဲဆိုင်မှ ကောက်တေးဆိုသော ကောင်လေးက သူ့အား ပြေး၍ လက်သီးနှင့် ထိုးလေ၏။ သူကလည်း ခုခံ၍ ထိုးသတ်လေ၏။ ထိုသို့ ထိုးသတ်နေသည်ကို ကိုတော တွေ့မြင်၏။

သို့ရာတွင် ဖျန်ဖြေခြင်းမပြုဘဲ ကြည့်၍နေ၏။ အနီးအပါးမှ လူများက လာရောက်၍ ဖျန်ဖြေကြလေ၏၊ နှစ်ဦးထိုးသတ်သော်လည်း နီဝါးက ထိချက် များလေ၏၊ ထို့ကြောင့် မျက်နှာတစ်ခုလုံး ဖူးရောင်၍ သွား၏။ နှုတ်ခမ်း ပေါက်သွား၏။

ထိုအခါကျမှ ကိုတောက နီဝါးအား အနီးသို့ ဆွဲခေါ်၍ ကြပ်ထုပ် ထိုးပေးလေ၏။ နီဝါးသည် မချင့်မရဲဖြစ်ကာ မျက်ရည်များ ကျလာ၏။

"ဟကောင်ရ မျက်ရည်မကျရဘူးကွ၊ မကျေနပ်ရင် တောက်ခေါက် ရတယ်၊ ခေါက်စမ်း၊ တောက် ခေါက်စမ်း"

ဟု ဆိုကာ နီဝါးအား တောက်ခေါက်ခိုင်းလေ၏။

အစပထမပိုင်းတွင် နီဝါးသည် 'တောက်'မခေါက်တတ်သောကြောင့် 'ကလပ်၊ ကလပ်'နှင့် ထွက်နေလေ၏။ အကြိမ်တစ်ရာခန့် လေ့ကျင့်လိုက်သော အခါ၌ နီဝါး၏ တောက်ခေါက်သံသည် ပီပီသသ ခေါက်သံမြည်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားပဲကွာ၊ မကျေနပ်ရင် မငိုရဘူး၊ တောက်ခေါက်ရတယ်၊ ယှဉ်ပြိုင်ဖို့စိန်ခေါ်ရင် အင်္ကျီလက်မောင်းကိုပင့်ပြီး လက်ပန်းပေါက်ခတ်ရတယ်၊ သူတစ်ပါးကို အလစ်မလုပ်ရဘူး၊ အသိပေးစိန်ခေါ်ပြီး တိုက်ခိုက်ရတယ်၊ ဒါမှ ယောကျ်ားကွ၊ အလစ် အငိုက်ဖမ်းလုပ်လို့ တစ်ဖက်လူ သေချင်သေသွားမယ်၊ အဲဒါအနိုင် မဟုတ်ဘူး အရှုံးပဲ၊ စိန်ခေါ်ပြီး မတိုက်ရဲကတည်းက အရှုံးပဲ၊ ကြားလား"

ဟု ဆိုကာ နီဝါး၏ ဘဝင်ကို ထိစေနိုင်သော စကားလုံးများဖြင့် အားပေးအားမြှောက်ပြုလေ၏။

ထိုအချိန်မှာပင် ခေါက်ဆွဲဆိုင်မှ လူကြီးစားပွဲထိုးတစ်ဦးက ထွက်လာပြီးလျှင်. . .

"ဟေ့ကောင် နီဝါ၊ နောက်တစ်ခါလုပ်ပြီး လူခေါ်ရင် ကောက်တေးနဲ့ မတွေ့ဘူး၊ ငါနဲ့တွေ့မယ်"

ဟု ပြောလိုက်လျှင် ကိုတောကြီး သည် ထိုင်ရာမှ ထလိုက်ပြီးနောက်. . .

"ကလေးချင်းဖြစ်တာပဲ ကိုယ့်လူရာ၊ တို့ဘက်ကလည်း ဘာမှမပြောဘူး၊ ဘာဖြစ်လို့ လူကြီးတွေ ပါရမှာတုန်း၊ နီးဝါးနဲ့မင်းနဲ့တော့ ဘယ်လွှတ်ပေးမလဲကွာ၊ ရှယ်တူမှ မဟုတ်ဘဲ၊ ငါနဲ့မင်းနဲ့ပဲတွေ့ရမှာပေါ့"

ဟု ပြောလိုက်ရာ ထိုစားပွဲထိုးက. . .

"တွေ့ဆိုလည်း တွေ့လိုက်တာပေါ့"

ဟု ဆိုကာ သစ်သားချောင်းတစ်ချောင်းကို ကုန်း၍ ဆွဲလေ၏။

ကိုတောကြီးသည် တုန်လှုပ်ခြင်းမရှိဘဲ ဆိုင်နှစ်ဆိုင်၏အကြား လမ်းပေါ်တွင် ခြေကိုခွဲကာ အင်္ကျီလက်ကိုပင့်၍ တဖြောင်းဖြောင်းဖြင့် လက်ပန်းပေါက်ခတ်လိုက်လေတော့၏။

တစ်ဖက်ဆိုင်မှ စားပွဲထိုးလည်း သစ်သားချောင်းလက်တွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကိုတောကြီးကို ပြေး၍ရိုက်၏။

ကိုတောကြီးသည် ရှောင်ပင် မရှောင်တော့ဘဲ ထိုသူထံသို့ ထည့်ဝင်ကာ ထိုသူ၏ရင်ဝသို့ ဒူးဖြင့် ခုန်၍တိုက်လိုက်လေတော့၏။





ထိုသူ၏ ရိုက်ချက်သည် လွဲ၍ ကိုတောကြီး၏ ဒူးပျံသည် ထိုသူ၏ ရင်ဝသို့ မိမိရရကြီး ရောက်ရှိသွားသည်ဖြစ်ရာ 'အင့်'ခနဲ မြည်၍ လဲကျသွားလေတော့၏။

ထိုအခါ ကိုတောကြီးက ခေါက်ဆွဲပိုင်ရှင် ကိုစိန်လှမောင် ဆိုသူအား

"ဟေ့. . . စိန်လှမောင်၊ မင်းကောင်ကို မင်းလာပြီး ဆိုင်ထဲကို သွင်းလိုက်၊ ဒူးနဲ့တိုက်လို့မသေဘဲ နေပူထဲမှာ ပက်လက်ကြီးလန်ပြီး အပူမိပြီး သေသွားဦးမယ်"

ဟု ပြောလိုက်ရာ ခေါက်ဆွဲဆိုင်ပိုင်ရှင် ကိုစိန်လှမောင်ဆိုသူက. . .

"ဟုတ်ပါပြီ ကိုတောရယ်၊ ကျုပ်လည်းခိုင်းတာ မဟုတ်ပါဘူး၊ သူတို့ဟာသူတို့ စွာနေကြတာပါ၊ ကျုပ်ကိုတော့ အထင်မလွဲပါနဲ့"

ဟု ဆိုကာ ၎င်း၏စားပွဲထိုးကို ချိုင်းမှဆွဲ ဆိုင်တွင်းသို့ ခေါ်သွားလေတော့၏။

နီဝါးသည် ထိုမြင်ကွင်းကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်ဖြစ်ရာ လွန်စွာအားရ၍ သွားလေ၏။

"အစ်ကိုကြီး ကျွန်တော်လည်း အဲဒီလိုပဲ ကောက်တေးဆိုတဲ့ကောင်ရဲ့ ရင်ဝကို ဒူးနဲ့ တိုက်ချင်တယ်"

ဟု ပြောလိုက်ရာ ကိုတောက. . .

"အဲဒီလိုတိုက်ဖို့ဟာက ဒီအတိုင်း မရဘူးကွ၊ လေ့ကျင့်ရတယ်၊ အစ်ကိုကြီးက အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ထားတာ"

ဟု ပြောလိုက်လျှင် မထွားက. . .

"ဟဲ့. . . နီဝါ၊ သူက အညာဘက်မှာ နာမည်ကြီး လက်ဝှေ့သမား လုပ်ခဲ့ဖူးတယ်ဟဲ့၊ တို့ဆီမှာက သူ့ကို ကိုတော ကိုတော ခေါ်နေတာ၊ သူတို့နယ်ဘက်မှာက ရွှေကြက်ဖဆိုတဲ့ လက်ဝှေ့သမားအဖြစ် လူသိများတယ်တဲ့၊ သူ့ကိုနင် သေချာကြည့်ပါလား၊ လူနဲ့မတူဘဲ တိုက်ကြက်ကြီးလိုပဲ"

ဟု ပြောလိုက်လျှင် ဒေါ်စိန်က. . .

"လူနဲ့တူသလား၊ တိုက်ကြက်နဲ့ တူသလားတော့ ငါတို့ ဘယ်သိပါ့မလဲ မိထွားရယ်၊ နင်ပဲသိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်၍ ပြောရာ မထွားက. . .

"စကားအကောင်းပြောရင်း လုပ်ပြီ၊ မဟုတ်ကဟုတ်က မပါဘဲ ဟောဒီ ဒေါ်စိန်ကြီးက ဘယ်တော့မှ မပြီးဘူး၊ ကျွန်မပြောတာက သူ့ရဲ့ပုံပန်းကိုပြောတာ၊ ပြီးတော့ ကိုတောက ဘာပဲလုပ်လုပ် ဖွဲကောင်းတယ်၊ ကြက်တိုက်တဲ့အခါမှာ ဖွဲကောင်းတဲ့ တိုက်ကြက်ဟာ ရေကုန်ရေခန်း ခွပ်တယ် မဟုတ်လား၊ ကိုတောကြီးဟာလည်း သိပ်ပြီးဖွဲကောင်းတယ်၊ အဲဒါကို ကျွန်မကပြောတာ"

ဟု ပြောလေ၏။

"အဲဒါ ပြောတာပေါ့ ရေကုန် ရေခန်း ခွပ်နိုင်သလား၊ မခွပ်နိုင်ဘူးလားဆိုတာ ငါတို့မသိဘူး"

ဟု ဒေါ်စိန်က ပြောလိုက်ပြန်ရာ မထွားက နှုတ်ခမ်းကိုမဲ့၍ မေးစေ့ကို တစ်ဖက်သို့ ထိုးလိုက်ပြန်လေတော့သတည်း။





အခန်း ( ၉ )

အသည်းကောင်းလို့ ပွဲကောင်းတဲ့ နိုဝါး

ညနေသုံးနာရီမှ ငါးနာရီအတွင်း လူပါးချိန်တွင် ထမင်းဆိုင်၏ နောက်ဘက်၌ နိုဝါးလေးအား ကိုတောက မြန်မာ့လက်ဝှေ့နည်းကို စနစ်တကျ သင်ကြားပေးလေတော့၏။

လက်ဝှေ့ထိုးနည်းသာမက လက်ဝှေ့ရေးပြနည်းကိုလည်း အကျအန သင်ပေးလေ၏။

လက်ဝှေ့ရေးပြခြင်းအတတ်သည် အကြမ်းဖြစ်သော ထိုးကြိတ်ခြင်း အတတ်နှင့် အနုဖြစ်သော ဂီတတို့ တွဲစပ်ထားသည့် အတတ်တစ်မျိုး ဖြစ်လေ၏။ ထို့ကြောင့် လက်အယူ ခြေထောက်အနင်းတို့သည် ဆိုင်းချက်နှင့်ညီနေမှ ကြည့်၍ကောင်းလေ၏။

ဤသည်ကို ကျွမ်းကျင်သော လက်ဝှေ့သမား ရွှေကြက်ဖ ခေါ် ကိုတောသည် နိုဝါးလေး လက်ဝှေ့ပြရန်အတွက် 'ဗေပုံထီးပုံထီး'ဟူသော ပါးစပ် မှ ဆိုင်းတီးပေးရလေ၏။

ကိုတောက 'ဗေပုံတီးပုံတီး'ဆိုလျှင် နိုးဝါးသည် ဒူးကိုလက်ဝါးဖြင့် ပုတ်ခြင်း၊ လက်ကာခြင်း၊ လက်သီးထိုးခြင်းတို့ကို အချက်ကျကျ လုပ်တတ်ရန် လေ့ကျင့်ရလေ၏။

လက်သီးပြင်းရန်အတွက် သဲအိတ်များ၊ ဖွဲအိတ်များကိုလည်း လုပ်ပေးကာ နိုဝါးလေးအား ကိုတောကြီးက အပြင်းအထန် လေ့ကျင့်ခိုင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒူးတိုက်သောအခါ၌ ထိရောက်စေရန်အတွက် ဒူးနှင့်သာမဟုတ်ဘဲ တင်ပါးဆုံပါလွှဲ၍ တိုက်တတ်အောင် ကိုတောကြီးက စနစ်တကျ လေ့ကျင့်ပေးလေ၏။

ချုပ်မိသောအခါ၌ ဖြုတ်တတ်ရန်လည်း ချုပ်နည်းအမျိုးမျိုး ဖြုတ်နည်းအမျိုးမျိုးကို ပြလေ၏၊

ဤသို့နှင့်ပင် ဘုရားတစ်ပွဲမှတစ်ပွဲသို့ ၎င်းတို့၏ဆိုင်လည်း ပြောင်းခဲ့၏။ နီဝါး၏ လက်ဝှေ့လေ့ကျင့်ခြင်းမှာလည်း (၆)လ တစ်နှစ်အထိ လေ့ကျင့်ပြီးဖြစ်နေပြီဖြစ်၏။

"ယောကျ်ားဆိုတာ အသည်းကောင်းရတယ်ကွ၊ သွေးကြောင်သွားလို့တော့မရဘူး၊ သွေးကြောင်သွားရင်တော့ ဘာတွေပဲတတ်ထား တတ်ထား ရှုံးတော့တာပဲ၊ လက်ဝှေ့ထိုးတဲ့အခါမှာ တစ်ဖက်ယှဉ်ပြိုင်သူကို လက်ပန်း ပေါက်ခတ်ပြီး စိန်ခေါ်တယ်မဟုတ်လား၊ အမှန်ကတော့ တိုက်ခိုက်တော့မယ်လို့ တစ်ဖက်လူကို အသိပေးလိုက်တာပါပဲ၊ အလစ်အငိုက် မဖမ်းဘူးပေါ့ကွာ၊ ဒီသဘောပါပဲ၊ အဲဒီတော့ အပြင်မှာ တကယ်ရန်ဖြစ်လို့ တိုက်ခိုက်ပြီဆိုရင်လည်း တစ်ဖက်လူကို ခုခံတိုက်ခိုက်နိုင်အောင် အသိပေးရမယ်ကွ၊ အလစ်မလုပ်ရဘူး၊ အလစ်လုပ်တော့ ယောကျ်ားမဟုတ်ဘူးကွ၊ သတ္တိမကောင်းလို့ သွေးမကောင်းလို့လုပ်တာ၊ မိန်းမစာရင်းထဲ ထည့်ရမယ်၊ အလစ်လုပ်လိုက်လို့ တစ်ဖက်လူ သေသွားရင်လည်း ကိုယ်က အနိုင်မရဘူးနော်၊ အလစ်လုပ်ကတည်းက ကိုယ်ကရှုံးနေပြီ၊ ရန်ဖြစ်တဲ့ ပွဲတစ်ပွဲမှာ ပါနေပြီပဲကွာ၊ သတ္တိရှိစမ်းပါ၊ ကြောက်တတ်ရင်တော့ ရန်မဖြစ်နဲ့၊ ပွဲမတောင်းနဲ့၊ အဲဒီတော့ မင်းအနေနဲ့မှတ်ထားဖို့က အသည်းကောင်းမှ ပွဲတောင်းရမယ် နီဝါးရေ၊ ပြီးတော့ တစ်ဖက်လူက လုပ်လို့ ထိမှန်သွားမှာလည်း မကြောက်နဲ့ကွ၊ ထိတောတွေကလည်း ထိမှာပဲ၊ နာတာတွေကလည်း နာမှာပဲ၊ ဒီကြားထဲက တိုက်ခိုက်ရမှာ၊ ထိမှာ နာမှာကြောက်ရင် မတိုက်နဲ့၊ မင်းအနေနဲ့ အမြဲမှတ်ထားရမှာကတော့ ခတ်ကွဲမှန်ရင် ချိုရာမကင်းဘူးကွ၊ အခုသဘောပေါက်ထားဖို့ကတော့ကွာ မင်းမျက်နှာ





လေး တစ်ထွာလောက်ပဲ ကွဲလို့ရမယ်၊ တစ်တောင်လောက် ကွဲလို့မရဘူး၊ တစ်ထွာလောက်ရှိတဲ့ မျက်နှာတစ်တောင် မကွဲဘူးပေါ့၊ ပြီးတော့ ပြောရဦးမယ်၊ တစ်ဖက်လူဟာ သူ့အမေ သံမှုန့်စားပြီး မွေးထားတာမဟုတ်ဘူး၊ ချုပ်ရင် မိရမယ်၊ ထိုးရင်ထိရမယ်၊ တိုက်ရင်ကွဲကိုကွဲရမယ်၊ လက်သီးပုန်းနဲ့ ဒူးပုံ့ နဖူးခံကြည့်ရင် ဟက်တက်ကွဲထားမယ်၊ သဘောပေါက်ထားဖို့ကတော့ ဒင်းအမေသံမှုန့်စားမှ ငါ့လက်သီးကျိုးမယ်၊ သံမှုန့်မစားလို့ကတော့ ကြိုက်တဲ့လူ ယှဉ်လိုက်လို့ရဲစိတ်ကို မွေးထားရမယ်၊ အခု မင်းလေ့ကျင့်ထားတာ တော်တော်ပြည့်ဝနေပြီ၊ ယောကျ်ားကောင်း စိတ်ဓာတ်ကို မွေးပေတော့၊ ပြီးတော့ ဘာကိုပဲလုပ်လုပ် ဇွဲဟာ အဓိကပဲ"

ဟု သွန်သင်လေ၏၊

နီဝါးမှာလည်း ကိုတော၏ သွန်သင်ချက်များတွင် စိတ်ဓာတ် တက်ကြွလျက်ရှိလေ၏၊

ကိုတောသည် နီဝါးလေးအား ထင်းခွဲ၊ ရေခပ်၊ မြေတူး၊ မြေသယ်အစရှိသော ကြွက်သား အားကောင်းစေမည့် အလုပ်များကို မညှာမတာ လုပ်ခိုင်း၏၊

ထို့နောက်တွင်ကား လက်ဝှေ့လက်ပန်းအတတ်ကို စတင်၍ သင်ကြားပေးလေ၏။ ကိုတောသည် တင်းပုတ်ကဲ့သို့သော ထိပ်တွင်ဖုထုံးပါသည့် တုတ်ကြီးတစ်ချောင်းကို လက်တွင်ကိုင်ပြီး အောက်ပါအတိုင်း ဟစ်အော်နေလေ၏။

"မျောက်ကွက်လေးချိုး၊ ကျားကိုးကွက်သွား
နဂါးကြေးလှန်၊ ကုမ္ဘဏ်ပန်းရူး
ဘီလူးပန်းဆွဲ၊ ပုလဲတွဲသီ
နကျည်ပျားတုတ်၊ ကျားပုတ်လက်ကြမ်း
ဝက်ဝံဝမ်းခွဲ၊ မျောက်လွှဲမြေတူး
ကျွဲဦးတိုက်နွေ့၊ မောင်းလွှဲမွှေ့သည်
လက်ဝှေ့လက်ပန်း၊ ဆယ့်နှစ်ခန်းတည်း"



www.burmeseclassic.com

www.burmeseclassic.com



မျောက်ကွက်လေးချိုးဟု ကိုတောက အော်လိုက်သောအခါ နီဝါးက ကိုတော သင်ပြထားသည့်အတိုင်း ခြေလေးကွက်ကို မျောက်၏ လျင်မြန်ခြင်းမျိုးဖြင့် ခုန်၍ရွှေ့ရ၏။

တဖန် ကျားကိုးကွက်သွားဟု အော်လိုက်သောအခါ နီးဝါးသည် မြေပြင်ပေါ်၌ မိန်းမထိုင်,ထိုင်ချ၍ သင်ပြထားသည့်အတိုင်း ကျားသတ္တဝါ၏ ဟန်ဖြင့် တိုက်ခိုက် လေ့ကျင့်ခန်းကို လုပ်ရလေ၏။ ဤသို့ ပြုလုပ်ရသည်မှာ နီဝါးလေးဖို့ မခက်ခဲပါ။

ကျွဲဦးတိုက်ခွေ့ဟူသော လေ့ကျင့်ခန်း၌မူ လွန်စွာ ပင်ပန်းရ၏။ ထိုလေ့ကျင့်ခန်းမှာ လက်နှစ်ဖက်ကို ကျွဲချိုကဲ့သို့ထောင်ခါ ရန်သူအား ဦးခေါင်းနှင့်တိုက်ရသော တိုက်ကွက်ဖြစ်လေ၏။ ထိုတိုက်ကွက်အတွက် ခေါင်းမာရန် အလွန်အရေးကြီးပေ၏။ တိုင်များတွင် မိမိခေါင်းနှင့်တိုင်း၍ အုန်းဆံဖတ်များကို ချည်နှောင်ထားလေ၏။ နီဝါးအား ကျွဲဦးတိုက်ခွေ့ဟု ကိုတောက အော်လိုက်လျှင် နီဝါးသည် အုန်းဆံဖတ်နေရာသို့ ခေါင်းဖြင့် ဆောင့်ရလေ၏။ ဤသို့ တိုင်ကို ခေါင်းဖြင့်ဆောင့်နေသောအသံမှာ တဒိန်းဒိန်း တဒိုင်းဒိုင်း မြည်နေသည့်တိုင် ကိုတော မကျေနပ်နိုင်သေး။ တိုင်ကို ခါရမ်းသွားအောင် နီဝါးအား ဆောင့်ခိုင်းလေ၏။

ဍင်းနောက်တွင် ကိုတောက နီဝါးအား. . .

“မင်း လက်ဝှေ့လက်ပန်းအတတ်ကို အခြေခိုင်နေပြီ၊ ခု သင်ပြီးသမျှကို မင်းအချိန်ရတိုင်း လေ့ကျင့်၊ မင်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီးရင် မင်းကိုငါ ပွဲကျောင်းသားတွေရဲ့ လက်ဝှေ့သတ်နည်းကို သင်ပေးမယ်”

ကိုတောစကားကြောင့် နီဝါးမှာ အချိန်ရတိုင်း လက်ဝှေ့လက်ပန်းအတတ်ပညာကို မနေမနား ကြိုးစား၍ လေ့ကျင့်နေလေတော့သတည်း။

ဤသို့နှင့်ပင် ဍင်းတို့၏ မထွားထမင်းဆိုင်သည် ပေါင်းတည်ဆွယ်တော်ပွဲသို့ ရောက်သွားလေတော့၏။ ထိုပွဲတွင် စိန်လှမောင်၏ ခေါက်ဆွဲဆိုင်နှင့် မျက်နှာချင်းဆိုင်ကျပြန်၏။ စိန်လှမောင်၏ ခေါက်ဆွဲဆိုင်မှာ ၁၂ နှစ်ခန့်





ရှိသော စားပွဲထိုးကလေးသည် လွန်စွာ စွာလေ၏။ မိမိဆိုင်အတွက် လူခေါ်ကြရာတွင် ထိုစားပွဲထိုးကလေးနှင့် နီဝါးသည် ငြိကြလေတော့၏။ ထိုစားပွဲထိုးကလေး၏ အမည်မှာ ငဂုဏ် ဟူ၍ဖြစ်၏။ ထို ငဂုဏ်က နီဝါးအား. . .

“ဟေ့ကောင်. . လူပါးမဝနဲ့၊ ငါခေါ်နေတဲ့အချိန် မင်းလုပြီးမခေါ်နဲ့၊ လက်သီးစာမိသွားမယ်”

ဟု လက်သီးထောင်ပြပြီး ကြိမ်းလေ၏။

ထိုအခါ နီဝါးသည် သူ၏ပုဆိုးလေးကို ခါးထောင်းကျိုက်ပြီးလျှင် အကျီကိုချွတ်၍ ဆိုင်ရှေ့လမ်းအလယ်သို့ ထွက်လာကာ လက်ပန်းပေါက်ခတ်လေ၏။

“ဟေ့ကောင် ငဂုဏ် မင်းအမေ သံမှုန်းစားပြီး မွေးထားရင်တော့ ရှေ့ထွက်ခဲ့”

ဟု ပြောလိုက်ရာ ဆိုင်နီးပါးချင်းများသည် ဖျန်ဖြေရမည့်အစား ကလေးနှစ်ယောက်၏ လက်ဝှေ့သတ်ပွဲကို ကြည့်လိုသည့်အလား ရှေ့သို့တိုးလာလေ၏။ ကိုတောသည် ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ဆေးပေါ့လိပ်ကို ဖွာရင်း ထိုပွဲကို ကြည့်နေ၏။

ငဂုဏ်သည် စိတ်ဆိုးလွန်း၍ ရှူးခနဲ ပြေးထွက်ကာ နီဝါးအား ထိုးလေ၏။ နီဝါးက ခုန်၍ ဒူးဖြင့်တိုက်၏။

ပြန်အကျတွင် ညှပ်ရိုးပေါ်သို့ တံတောင်ဖြင့် ထောင်း၏။ ငဂုဏ်က ချုပ်၏။ နီဝါးက ဖြုတ်၍ လှဲလိုက်၏။ ငဂုဏ်အကျတွင် ခြေဖြင့်ပိုက်၍ ကန်လိုက်လေ၏။ နီဝါး၏ ခြေဖျားသည် ငဂုဏ်မျက်နှာသို့ ထိထိမိမိ ကန်မိသွား၏။

ထိုအခါ ကိုတောသည် ပြေးလာပြီး နီဝါးကို ဆွဲလေ၏။

“လဲသွားရင် ထပ်မလုပ်ရဘူးကွ၊ သူ့ကို ထဖို့ ခွင့်ပေးလိုက်ပါဦး၊ သူ ထပြီးတဲ့အခါမှာ လက်ပန်းပေါက်ခတ်ပြီး စိန်ခေါ်လိုက်”

ဟု ဆိုကာ ငဂုဏ်အား ကိုတောက ထူပေးပြီးလျှင် နှာခေါင်းမှ ကျနေသော သွေးများကို သုတ်ပေး၏။ နီဝါးသည် လက်ပန်းပါက် တဖြောင်းဖြောင်းခတ်နေပြီဖြစ်၏။ ငဂုဏ်မှာမူ ဆက်၍ မယှဉ်ပြိုင်ဝံ့တော့ဘဲ နောက်သို့ ရှုန်းထွက်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆိုင်တွင်းသို့ ငို၍ဝင်သွားလေတော့၏။

ထိုအခါ ကိုတောက နီဝါး၏ ညာလက်ကို ကိုင်ဆွဲမြှောက်လိုက်ပြီးလျှင်. . .

"မင်းနိုင်တယ်၊ ဟိုကောင် မင်းနဲ့ မယှဉ်ဝံ့တော့ဘူး၊ အဲဒါ မင်းတော်
လို့လည်း မဟုတ်ဘူး၊ ငါတော်လို့လည်း မဟုတ်ဘူး၊ ကောင်းစွာ
လေ့ကျင့်ထားတဲ့ အကျိုးကျေးဇူးပဲ"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ နီဝါးသည် အချိုးကျကျ လက်ဝှေ့ရေးပြလိုက်ရာ ကြည့်နေသော ပရိသတ်များ လက်ခုပ်လက်ဝါးတီး၍ သြဘာပေးကြလေတော့သတည်း။

❀ ❀ ❀ ❀ ❀

"မျောက်ကွက်လေးချိုး၊ ကျားကိုးကွက်သွား
နဂါးကြေးလှန်၊ ကုမ္ဘဏ်ပန်းမှူး
ဘီလူးပန်းဆွဲ၊ ပုလဲတွဲသီ
နကျည်ပျားတုတ်၊ ကျားပုတ်လက်ကြမ်း
ဝက်ဝံဝမ်းခွဲ၊ မျောက်လွှဲခြေတူး
ကျွဲဦးတိုက်ခွေ့၊ မောင်းလွှဲမွေ့သည်
လက်ဝှေ့လက်ပန်း၊ ဆယ့်နှစ်ခန်းတည်း"





## အခန်း ( ၁၀ )
## မထွား ဆိပ်ကမ်းပြောင်းပြီ

မထွား၏ ထမင်းဆိုင်သည် လယ်ဝေးမြို့ ဖောင်တော်ချက်မ ဘုရားပွဲသို့ ပြောင်းရွှေ့သွားပြီ ဖြစ်၏။ ထိုဘုရားပွဲသို့ ရောက်ပြီး နှစ်ရက်မျှအကြာတွင် ကိုတောအား ရှမ်းပြည်နယ်ဘက်တွင် တိုက်ခိုက်ခဲ့သော ဓားပြမှု(၃)မှု၏ ခေါင်းဆောင်ဟုဆိုကာ သက်ဆိုင်ရာမှ ဖမ်းဆီးသွားလေတော့၏။

ကိုတောကြီးအဖမ်းခံရပြီး နှစ်ရက်မျှအကြာတွင် ဆိုင်၌ ထမင်းလာ၍ စားနေကျ အဝေးပြေးကားမောင်းသမား ဘလှဆိုသူနှင့် မထွားတို့သည် အကြီးအကျယ် ပတ်သက်သွားလေတော့သည်။

ဘလှ ထမင်းလာ၍ စားပြီးလျှင် မထွားသည်. . .

"ဒီဟင်းလေး စားပါဦး၊ ဒီအသုပ်လေး စားပါဦး"

နှင့် လွန်စွာမှ မျက်စိနောက်ဖွယ် ကောင်းလောက်အောင် လောကွတ်လုပ်လေ၏။

ထို့ကြောင့် ဒေါ်စိန်က. . .

"နီဝါးရေ ငတော အလုပ်ပြုတ်သွားတော့ ဘလှက အလုပ်လာလျှောက်
ပြီ၊ မကြာခင် ဘလှကို မိထွားက အလုပ်ခန့်လိမ့်မယ်၊ ငတောက
လည်း တော်တော်နဲ့ ပြန်လာနိုင်မှာ မဟုတ်ဘူး၊ သူ့အမှုတွေအတွက်
ထောင်ကျရင် ငါးနှစ်လောက် ကျလိမ့်မယ် ထင်တယ်"

ဟု အတင်းပြောလေတော့၏။

ညဘက် ဆိုင်မသိမ်းမီ၌ မထွားက ဒေါ်စိန်အား. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ဒေါ်စိန်ရေ၊ လင်တော့ လင်ပေါ့ရှင်၊ ကိုတောလို လင်မျိုးက ကြမ်းတမ်းရိုင်းစိုင်းတယ်၊ သူနဲ့ပေါင်းရတာက စူးရှတဲ့ လက်ပံပင်ကို ဖက်ရသလိုပဲ၊ ချစ်တယ်ဆိုပြီး တအားဖက်လိုက်ရင် စူးကုန်မှာ၊ ကိုလှ ကတော့ ဒီလိုမဟုတ်ဘူး၊ သိပ်ပြီးနူးညံ့သိမ်မွေ့တာ၊ အိမ်မှာချစ်လို့ မွေးထားတဲ့ ကြောင်ကလေးလိုပဲ၊ မေးစေ့လေးနဲ့ ခေါင်းကလေးကို ပွတ်ပေးရင် မျက်စိမှိတ်ပြီး ငြိမ်နေတဲ့ကြောင်ကလေးတွေ တွေ့ဖူး တယ်မဟုတ်လား၊ သိပ်ပြီးချစ်ဖို့ကောင်းတယ်၊ ကိုလှက အဲဒီလို လူစားမျိုး"

ဟု ပြောလိုက်လျှင် ဒေါ်စိန်က. . .

"ငါ နင်နဲ့တွဲပြီး အလုပ်လုပ်လာတာ အတော်ကြာပါပြီ မိထွားရယ်၊ နင်ဟာ ရွှက်သင်္ဘောကြီးလိုပဲ လေတိုက်တိုင်း ရွှက်လွှင့်နေတော့ တာပဲ"

ဟု ပြောလိုက်လျှင် မထွားက. . .

"မှန်တာပေါ့ ဒေါ်စိန်ရယ်၊ ကိုယ်က ရွှက်သင်္ဘောကြီး ဖြစ်နေတော့ လည်း ရွှက်လွှင့်ရတာပေါ့၊ ဆိပ်ကမ်းတွေ တွေ့တော့လည်း ဆိုက်ရ တာပေါ့၊ ဆိုက်နေရုံနဲ့လည်း မပြီးသေးဘူးလေ၊ ဆက်ပြီး ရွှက်လွှင့် ရပြန်တာပေါ့၊ ဒါပေမဲ့ ကိုလှကတော့ မိထွားဆိုတဲ့ သင်္ဘောကြီး နောက်ဆုံးဆိုက်ရမယ့် ဆိပ်ကမ်းကြီးဖြစ်ပါလိမ့်မယ်၊ အဲဒီမှာ အပြီး ကျောက်ချပြီး ရွှက်တွေဖြုတ်ပြီး နားရမှာပဲ"

ဟု ပြောကာ တခစ်ခစ် ရယ်နေလေ၏။

ထိုအခါ ဒေါ်စိန်က. . .

"ညည်းဆိုက်မယ့် ဆိပ်ကမ်းကိုလည်း မေးကြည့်ပါဦး၊ သင်္ဘောက ညည်းတစ်စီးတည်း ဟုတ်ရဲ့လား၊ ညည်းအရင် ဆိုက်ထားတဲ့သင်္ဘော တွေ ရှိနေဦးမှာ"

ဟု ပြောလိုက်ရာ မထွားက. . .





"အဲဒါလည်း မပူပါဘူး ဒေါ်စိန်ရယ်၊ အခြားသင်္ဘောတွေ ရှိရင်တော့ အဲဒီသင်္ဘောတွေကို ဖောက်ပြီး စုပ်စုပ်မြုပ်အောင် မြုပ်ပစ်လိုက်ရမှာ ပဲ၊ ဆိပ်ကမ်းကိုတော့ အဆုံးအရှုံး မခံနိုင်ဘူး"

ဟု ပြောင်ပြောင်တင်းတင်း ကြေညာလေတော့၏။ မထွားသည် ဘလှအား ကားမောင်းခွင့် မပေးတော့ပေ။ ၎င်း၏ ဆိုင်၌နေရန်နှင့် ၎င်းကပင် ရှာကျွေး မည်ဖြစ်ကြောင်း ပြောလေတော့၏။ ဘလှသည် ၎င်းမောင်းသောကားကို ပိုင်ရှင်ထံ ပြန်အပ်ပြီးလျှင် ၎င်းက မထွား၏ဆိုင်၌ပင် အပြီးနေလေတော့၏။

ကားသမားဘလှ ဆိုင်သို့ရောက်၍ နှစ်ရက်မျှအကြာတွင် ဘလှ၏ မယားကြီးဆိုသူ ရောက်လာပြီးလျှင် မထွားအား ဆိုင်ရှေ့မှနေ၍ "လင်ခိုးမ ထွက်ခဲ့"ဟု ဆိုကာ ရန်လုပ်လေတော့၏။

ထို့နောက်တွင်ကား မထွားနှင့် ဘလှ၏ မယားကြီးတို့ ဆိုင်ရှေ့တွင် ဆံပင်ဆွဲကြ၊ ပါးရိုက်ကြ၊ နပန်းလုံးကြ လုပ်ကြလေတော့၏။

ဂေါပကလူကြီးများ ရောက်လာပြီး ဖျန်ဖြေ၍ အမှုစစ်ကာ မထွား အား လင်ဖိုးငွေ သုံးထောင် လျော်ခိုင်းလေ၏။ မထွားလည်း ငွေအလွယ်မရှိ သဖြင့် ဆွဲကြိုးကို ရောင်းပြီး ပေးလိုက်ရလေတော့၏။

အထက်ပါအဖြစ်အပျက် ဖြစ်ပွားပြီး နှစ်ရက်ခန့်အကြာတွင် ဘလှ ၏ ဒုတိယမယားကြီးဆိုသော မိန်းမတစ်ယောက် ရောက်လာပြီးလျှင် မထွား နှင့်ရန်ဖြစ်ပြန်၏။

ဂေါပကလူကြီးများရောက်လာပြီး အမှုကို ကြားနာစစ်ဆေးလျှင် လင်ဖိုးငွေအဖြစ် ငွေလေးထောင် လျော်ခိုင်းပြန်လေ၏။

မထွားလည်း ငွေအလွယ်မရှိသောကြောင့် နားကပ်နှစ်ဖက်ရောင်း ပြီးလျှင် လျော်လိုက်ရပြန်လေ၏။ ထို့ကြောင့် မထွားတွင် ဆွဲကြိုး၊ နားကပ် များမရှိတော့ဘဲ ဖြစ်လေတော့၏။

သို့သော် ဘလှဆိုသော လင်တစ်ယောက်ကိုမူ အပိုင်ရလိုက်ပြီဖြစ်၏။

"ဒေါ်စိန်ရေ၊ ကိုလှကို ကျွေးတဲ့အခါ သူကြိုက်တာလေးကို ထည့်ကျွေး ပါနော်၊ အဖိုးတန်တယ်၊ ငွေခုနစ်ထောင်ပေးပြီး ဝယ်ထားရတဲ့ လင်ကလေး"



www.burmeseclassic.com

ဟု မထွားက ပြောလျှင် ဒေါ်စိန်က. . .

"အောင်မလေး. . . မိထွားရယ်၊ ငွေ ခုနစ်ထောင်သာ အကုန်ခံနိုင်ရင် တောင်ငူဘက်မှာ သစ်ဆွဲလို့ရတဲ့ ဆင်ကြီးတစ်ထောင် ဝယ်လို့ရတယ်၊ တစ်နေ့တစ်နေ့ သစ်ဆွဲခ ရာနဲ့ချီပြီးရတာ၊ ငါသာဆိုရင် ဆင်ဝယ်မှာပဲ၊ အခု နင့်ကောင်က သစ်လည်း ဆွဲခိုင်းလို့မရ၊ ပုခက်တင်ပြီး စီးလို့လည်းမရ၊ ဘယ်နားမှာ သုံးမှာတုန်း"

ဟု ပြောလျှင်. . .

"အဲဒီ ဒေါ်စိန်ကြီး အတော့်ကို လျှာရှည်တယ်၊ ဆင်ကို ခိုင်းလို့မရတဲ့ အလုပ်တွေ အများကြီးရှိတယ်၊ ဥပမာ- ဘုရားပွဲမှာ ဈေးဆိုင်လေလံဆွဲတဲ့ကိစ္စ၊ ဒေါ်စိန့်ဆင်ကြီး ဆွဲခိုင်းလို့ရမလား၊ ကျွန်မလင်က ဆွဲခိုင်းလို့ရတယ်"

ဟု မထွားက ပြောလိုက်ရာ ဒေါ်စိန်က ရယ်လေ၏။

ထို့နောက်. . .

"နင့်ကောင်က အလုပ်မလုပ်ဘဲ မိန်းမ ထဘီနား ခိုစားတဲ့အပြင် ညနေကျရင် အရက်ကလေးက သောက်ချင်သေးတယ်၊ အရက်နဲ့မြည်းဖို့ နီဝါးက အမဲခြောက်ဖုတ်ရသေးတယ်၊ ဒီကြားထဲ သူက နီဝါးကို ပါးစပ်နဲ့မခိုင်းဘဲ ရိုက်လားနှက်လား လုပ်ချင်သေးတယ်၊ ရွှေကြက်ဖကြီး ထောင်ကလွတ်လာရင် ဘလှဆိုတဲ့ကောင်ကို ဆုံထဲထည့်ထောင်း ပစ်လိမ့်မယ်"

ဟု ပြောလိုက်လျှင် မထွားသည် ပါးစပ်ကိုမဲ့၍ မေ့စေ့ကို တစ်ဖက်သို့ ထိုးလိုက်လေတော့သတည်း။





## အခန်း ( ၁၁ )

### ကြားရှာကလေး စားတာအေး

တစ်နေ့တွင် ဘလှသည် နီဝါးကို အရက်ဝယ်ခိုင်း၏၊ အမဲခြောက် ဖုတ်ခိုင်း၏၊ ဆီဆမ်းခိုင်း၏။ နီဝါးသည် အရက်ဝယ်ပေး၍ ဖန်ခွက်၊ ရေခွက် စသည်တို့ ချပေး၏၊ အမဲခြောက်ကို ဖုတ်၍ ဆီဆမ်းပေး၏။

ဘလှသည် အရက်ကို အနည်းငယ် မြည်းကြည့်ပြီးနောက်. . .

"ဟေ့ကောင်. . . နီဝါး ဒီကိုလာစမ်း၊ မင်းအရက်က ပေါ့လှချည့်လား၊ မင်း သောက်ကြည့်စမ်း"

ဟု ပြောရာ နီဝါးက. . .

"ဦးဘလှအတွက် နေ့တိုင်းဝယ်ပေးတဲ့ ဆိုင်ကပဲ ဝယ်ပေးတာပါပဲ"

ဟု ပြောလျှင် ဘလှက. . .

"အရက်ဝယ်တဲ့ကောင် အရက်အကြောင်း သိဖို့တော့ လိုတယ်၊ ဒီကိုလာခဲ့ မင်းသောက်ရမယ်၊ ဟောဒီပုလင်း တစ်ဝက်ကုန်တဲ့အထိ သောက်ရမယ်"

ဟု ဆိုကာ နီဝါး၏ လက်မောင်းကို အတင်းညှစ်၍ ကိုင်ထားလေ၏။

နီဝါးက အတင်းငြင်းဆန်၏၊

ဘလှသည် နီဝါး၏ ပါးကို တဖြန်းဖြန်းရိုက်ကာ နီဝါး၏ ပါးစပ်တွင် အရက်ဖန်ခွက်ကို တေ့၍ အရက်လောင်းထည့်ရန် ကြိုးစားလေတော့၏။

ထိုအခါ ဒေါ်စိန်က. . .

www.burmeseclassic.com



"ဒီလိုတော့ မတရားမလုပ်ပါနဲ့ မောင်ဘလှရယ်၊ သူ့ခမျာ မသောက် ချင်တာကို မသောက်ပါစေနဲ့"

ဟု ပြောလိုက်လျှင် မထွားက. . .

"ဒေါ်စိန် ဒီလို ဝင်ပြီးမရှုပ်ပါနဲ့၊ ကလေးကို လူကြီးက ဆုံးမနေတာပဲ၊ ဒေါ်စိန်တို့က အဲဒီလို ကန့်လန့်ကန့်လန့် လုပ်နေရင် ကောင်လေး ရောင့်တက်သွားလိမ့်မယ်"

ဟု ပြောလိုက်ရာ ဒေါ်စိန်က. . .

"ငါလည်း အသက်ငါးဆယ်ရှိပါပြီ မိထွားရယ်၊ ကလေးကို လိမ္မာအောင် အရက်တိုက်ပြီးဆုံးမတာ ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ ဒီမှာ မောင်ဘလှ မင်းဝယ်ခိုင်းတဲ့ အရက်ကိုလည်း ဝယ်ပေးတယ်၊ ဖန်ခွက်ယူပေးတယ်၊ ရေခပ် ပေးတယ်၊ မင်းအရက်နဲ့ မြည်းဖို့ အမဲခြောက်ဖုတ်ပေးတယ်၊ ဆီဆမ်းပေးတယ်၊ မင်းသောက်တဲ့ အရက်ပေါ့တာနဲ့ ကလေးကိုတော့ ရိုက်ခွင့် မရှိဘူးကွယ့်၊ ကလေး ပါးစပ်ထဲကို အရက်တစ်စက်ရောက်သွားရင် မင်းခေါင်းပေါ်ကို ဟောဒါကြီး ရောက်လာလိမ့်မယ်"

ဟု ဆိုကာ အနီးရှိ ရေတစ်ဆုံကို ကိုင်မြှောက်၍ ဘလှ၏ ခေါင်းကို ချိန်ရွယ်ထားလိုက်လေ၏။

ဘလှလည်း လွန်စွာ စိတ်ဆိုးသွား၍ ဒေါ်စိန်၏ရင်ဘက်ကို ဆောင့်၍ တွန်းလိုက်ပြီးလျှင် ဒေါ်စိန်အား ရိုက်မည်ဟု ရွယ်လိုက်လေ၏။

ထိုအခြင်းအရာကို မထွား၏ဆိုင်တွင် မကြာခဏ ထမင်းလာစားသော ဦးရိဖုန်းဆိုသော တရုတ်ကြီးက အစအဆုံး တွေ့မြင်နေလေ၏။

နီဝါးသည် မည်သည့်အချိန်က မီးဖိုအတွင်းသို့ ဝင်သွားသည်မသိ။ မီးလောင်နေသော ထင်းစကြီးတစ်ခုကို ယူလာ၏။

ဘလှသည် စိတ်မထိန်းနိုင်ဘဲ ဒေါ်စိန်၏ပါးကို လက်သီးဖြင့် ထိုးလိုက်လေ၏။

ထိုအချိန် နီဝါးသည် မီးစဖြင့် ဘလှ၏မျက်နှာကို ထိုးလိုက်လေတော့၏။





ဘလှသည် အားခနဲ အော်ကာ နောက်သို့ လန်ကျသွား၏။ မထွားသည်. . . .

"လုပ်ကြပါဦး ကိုလှ သေပါပြီ"

ဟုအော်ကာ ပြေး၍ ပွေ့၏။

ထိုအခါ နီဝါးသည်. . .

"အဲဒီ ကိုလှနဲ့အတူ ခင်ဗျားပါ လိုက်သေ"

ဟု ဆိုကာ မထွား၏ပါးကို မီးစဖြင့် ထိုးလိုက်လေတော့၏။

မထွားသည် နောက်သို့လန်ကျ၍ လဲလေ၏။ နီဝါးလည်း မီးစကို ပစ်ချ၍ ပြေးလေ၏။

ဦးရိဖုန်းသည်. . .

"ဟဲ့ကောင်လေး. . . ဟဲ့ကောင်လေး"

ဟု ဆိုကာ နီဝါး၏ နောက်မှ ပြေး၍ လိုက်သွား၏။

ထို့နောက်တွင်ကား ဝေါပကလူကြီးများ၊ ဂါတ်မှပုဂ္ဂိုလ်များ ရောက်လာပြီးလျှင် အကြောင်းအရာ အသေးစိတ်ကို မေးမြန်းလေ၏။ သို့ရာတွင် ဂါတ်မှ ပုဂ္ဂိုလ်များသည် နီဝါးအား လိုက်လံဖမ်းဆီးရန် လုပ်ကြလေတော့၏။

ထို့မြို့၏ လမ်းဆုံတစ်နေရာတွင် နီဝါးနှင့် ဦးရိဖုန်းတို့ ဆုံမိကြလေတော့၏။

"ဟေ့ကောင်. . . နီဝါး၊ ဘယ်ကိုမှ မပြေးနဲ့၊ ငါနဲ့လိုက်ခဲ့၊ မင်း သိပ်ပြီး တော်တဲ့အကောင်၊ လူနဲ့လူချင်း တိုက်ခိုက်တဲ့အခါမှာ မီးဟာ အားအကိုးရဆုံး လက်နက်ပဲကွ၊ အဲဒါဟာ တရုတ်လူမျိုး စစ်ပါရဂူကြီး ဆွန်ဇူက ပြောထားတဲ့စကားကွ၊ ဘာပဲဖြစ်ဖြစ် မင်း ငါနဲ့လိုက်ခဲ့၊ ငါ မင်းကို ကျွေးမွေးထားမယ်၊ တစ်ခုတော့ ပြောမယ်၊ ငါ့ထက်ကောင်းတဲ့လူရှိရင်တော့ သူ့ကို ပေးလိုက်မယ်၊ အခြေအနေကြည့်ပြီး မင်းဘဝကို ရှင်သန်အောင် ကြိုးစားပေတော့ နီဝါးရေ"

ဟု ဦးရိဖုန်းက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ နီဝါးဆိုသော ထမင်းဆိုင် အလုပ်သမားလေးသည် ဘုရားပွဲထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်လောကမှ အပြီးအပိုင် ပျောက်ကွယ်သွားလေတော့၏။

နောင်နှစ်ပေါင်း အတန်ကြာသောအခါ၌ ဘုရားပွဲများ လမ်းပေါ်၌ ဖျာစုတ်တစ်ချပ်ခင်းကာ လက်မနစ်ဖုံးများတွင် ပြက္ခဒိန်ဂဏန်းများကပ်၍. . .

"အနည်း အန်းဒါ၊ အများ အိုးဗျား၊ ခုနစ် လက်ကီးဆဲဗင်း နိုက်လိုက်စမ်းပါ၊ တစ်ကနေ ခြောက်အတွင်းဆိုရင် အနည်းသမားလျော်မယ်၊ ရှစ်ကနေအထက်ကို အများသမားကို လျော်မယ်၊ ခုနစ်ထိုးထားရင် သုံးဆလျော်မယ်၊ အနည်းနဲ့အများကိုတော့ စားမယ် ကြားရှာကလေး စားတာ အေးတယ်"

ဟု အော်ဟစ်ကာ လစ်မနစ်ဖုံးများကို လွယ်အိတ်စုတ်ထဲသို့ ထည့်ပြီး တချင်ချင်ခေါက်၍ လောင်းကစားဖြင့် အသက်မွေးနေရသော လင်မယားနှစ်ယောက်ကို တွေ့ရမည် ဖြစ်လေ၏။

ထိုလင်မယားနှစ်ယောက်၏ မျက်နှာတွင်လည်း မီးလောင်ထားသော ဒဏ်ရာကြီးများဖြင့် လွန်စွာ ကြည့်ရဆိုးလေ၏။

ထိုလင်မယားနှစ်ယောက်မှာ စီးပွားပျက်၍ လမ်းဘေးသို့ ရောက်သွားသော မထွားနှင့် ၎င်း၏နောက်လင် ဘလှတို့ ဖြစ်ကြောင်းကိုမူ စာဖတ်သူတို့အား အထူးရေးသားဖော်ပြရန် လိုတော့မည် မထင်ပေ။

ထိုပွဲဈေးတန်း၏ တစ်နေရာတွင်မူ ရသေ့ဝတ်ဖြင့် အလှူခံနေသော အဘွားကြီးတစ်ဦးကိုလည်း တွေ့ရမည်ဖြစ်၏။ ထိုအဘွားကြီးမှာမူ မထွား၏ ထမင်းဆိုင်မှ ဒေါ်စိန်ကြီးပင် ဖြစ်လေတော့သတည်း။





## အခန်း ( ၁၂ )

## နီဝါး ထမင်းဟင်းချက်ရန် သင်ကြားခြင်း

ဦးရိဖုန်းသည် မြန်မာပြည်တစ်ပြည်လုံး၌ ရှိသော ပွဲဈေးတန်းများတွင် ပိုးထည်များ လာ၍ရောင်း၏။ သို့မဟုတ် ရောင်းသောဆိုင်များကို လက္ကားပေး၏။ ထိုမှရသော ငွေများဖြင့် ငွေထည်ပစ္စည်းများ ဝယ်၍ သို့မဟုတ် ငွေဒင်္ဂါးများ ဝယ်၍ တရုတ်ပြည်နယ်စပ် မန်စီမြို့သို့ပြန်ကာ ငွေထည်ပစ္စည်းများကို လက်ဝတ်လက်စားများ လုပ်၍ တရုတ်များကို ရောင်းချလေ၏။

ထို့ကြောင့် သူ၏အလုပ်သည် တရုတ်ပြည်၊ မန်စီမြို့နှင့် မြန်မာပြည်ရှိ ဘုရားပွဲများသို့ အိမ်ဦးနှင့်ကြမ်းပြင် ဆိုသလို ကူးသန်း သွားလာနေရသည်ဖြစ်၏။

သူသည် တရုတ်ပြည်တွင် မွေး၍ မြန်မာပြည်တွင် ကြီးသူဖြစ်၏၊ သူ၏ဖခင်သည် အပေါင်ဆိုင်လုပ်ငန်းကို လုပ်ကိုင်သော တရုတ်အစစ်တစ်ဦးဖြစ်၏။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဖခင်ဖြစ်သူက အပေါင်ဆိုင်ဖွင့်ခဲ့ဖူး၏၊ ရိဖုန်းကလေးအားလည်း မြန်မာဘုန်းတော်ကြီးကျောင်း၌ပင် စာတတ်ရန် အပ်နှံထားလေ၏။ ထို့ကြောင့် ဦးရိဖုန်းသည် တရုတ်စကားနှင့် တရုတ်စာကို ကောင်းစွာ တတ်သကဲ့သို့ မြန်မာစကားကိုလည်း ကောင်းစွာ တတ်ကျွမ်းလေ၏။

မည်မျှပင် မြန်မာစာကို တတ်ကျွမ်းသည်ဖြစ်စေ ဦးရိဖုန်း မြန်မာစကားပြောသောအခါ၌ တရုတ်သံဝဲ၍ မြန်မာသံ မပီလှပေ။ ဥပမာအားဖြင့် 'ခက်တယ်' ဟု ပြောရမည့်နေရာတွင် 'ခက်လယ်'ဟူသာ အသံထွက်လေ၏။ ပရိတ်ကြီး ၁၁ သုတ်ကို ကောင်းစွာရ၏၊ သို့ရာတွင် ရွတ်ဆိုသောအခါ၌ မပီသည်ကသာ များလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ယသာနုဘာဝါတော'ဟု ဆိုရမည့် နေရာတွင် 'ယာတာ နုဘာဝါလော'ဟု ဆို၏။ 'ဓဝံမေသုတံ'နေရာတွင် 'ဓဝံမေ တုတံ'ဟု ဖြစ်နေ၏။

ဦးရိုဖုန်းသည် မြန်မာသီချင်းကြီးများကိုလည်း ကောင်းစွာဆိုတတ်၏။ သို့ရာတွင် ပီကားမပီပေ။ 'ပပဝင်းဝင်း'သီချင်းကို ဆိုရာ၌ 'သိန်းတန်တဲ့ မေလေးလေ'နေရာတွင် 'တိန်းသန်တဲ့ မေလေးလေ' ဖြစ်နေ၏။ 'သူဇာ သူဇာ ဘုံနှယ်'နေရာတွင် 'တူဇာ တူဇာဘုံနှယ်'ဖြစ်နေ၏။

ဆိုကား ဆိုတတ်၏။ သို့သော် ပီကား မပီပေ။

နီဝါးလေးသည် ဦးရိုဖုန်းနှင့်အတူ နေရလေ၏။ တရုတ်ပြည် မန်စီမြို့နှင့် မြန်မာပြည်ရှိ ဘုရားပွဲများသို့ အခေါက်ခေါက် အခါခါ ကူးချည်သန်းချည် လုပ်နေရ၏။

"မင်းနဲ့ငါ နှစ်ယောက်တည်းနေရတာ၊ ထမင်းကို ဝယ်စားလို့မဖြစ်ဘူးကွ၊ ထမင်းစရိတ်က သိပ်ပြီး ကြီးတယ်၊ အဲဒီတော့ တို့နှစ်ယောက် ချက်စားရမှာပဲ၊ ပြီးတော့လည်း ထမင်းစားတာကို အချိန်သိပ်ယူလို့ မရဘူးကွ၊ မြန်မြန်ထက်ထက် စားမှ အလုပ်ဖြစ်မှာကွ၊ အဲဒီတော့ ချက်စရာရှိတာ မြန်မြန်ချက်၊ စားစရာရှိတာလည်း မြန်မြန်စားမှဖြစ်မယ်၊ အဲဒီလိုဖြစ်ဖို့ကတော့ ငါလည်း တူနဲ့စားမယ်၊ မင်းလည်း တူနဲ့စားကွာ"

ဟု ဦးရိုဖုန်းက ပြောလေ၏။

ထိုအခါ နီဝါးက. . .

"ကျွန်တော်က ထမင်းဟင်း မချက်တတ်ဘူးဗျ၊ ဦးရိုဖုန်း သင်ပေးရင်တော့ ကြိုးစားပြီး ချက်ပါ့မယ်ဗျာ"

ဟု ပြောလျှင် ဦးရိုဖုန်းက. . .

"ဒီလိုလုပ်ရမယ်ကွာ၊ ထမင်းချက်တာ နောက်မှသင်၊ ရေနွေးကြမ်းသောက်ရအောင် ရေနွေးကြမ်းတည်တတ်ဖို့ အရင်လုပ်ဦးကွ"

ဟု ပြောလိုက်ရာ နီဝါးက. . .

"လက်ဖက်ရည်ကြမ်းသောက်ဖို့ ရေနွေးတည်တာလောက်တော့ တည်တတ်ပါတယ်ဗျာ"





ဟု ပြန်၍ ပြောလေ၏။ ဦးရိုဖုန်းကပြုံးလေ၏၊

ပြီးလျှင်. . . .

"ရေနွေးကြမ်းအိုး အကျအန ဆူမဆူ သိဖို့ကတော့ ကိုယ်တည်ထားတဲ့ အိုးအဖုံးပေါ်ကို ရေစက်လေး တစ်စက် နှစ်စက် ချကြည့်ရတယ်ကွ၊ အဲဒီရေစက်ကလေး ပွက်ပွက်ဆူပြီး ခန်းခြောက်သွားရင်တော့ အဲဒီရေဟာ အတော့်ကို ဆူပြီပေါ့ကွာ၊ သောက်မယ်ဆိုရင် သောက်လို့ရပြီ၊ ဒါပေမဲ့ တကယ်ဆူဖို့ကတော့ ချလိုက်တဲ့ ရေစက်ဟာ ရှဲခနဲမြည်ပြီးခြောက်သွားမှ အထဲက ရေဟာ တကယ်ဆူတာကွ"

"အဲဒီလို ဆူပြီဆိုတော့ လက်ဖက်ခြောက်ခတ်ရမှာပေါ့ကွာ၊ လက်ဖက်ခြောက်ခတ်တဲ့ အခါမှာလည်း ဒီအတိုင်းမခတ်နဲ့ကွ၊ လက်ဖက်ခြောက် ၅၀ သားကို ကောက်ညှင်းလက်တစ်ဆုပ်နဲ့ လှော်လိုက်ဦးကွာ၊ ကောက်ညှင်းရနံ့လေးသင်းသွားတာပေါ့ကွာ၊ အဲဒီ လက်ဖက်ခြောက်ကို ခတ်ရမှာကွ၊ ပြီးတော့ ရေနွေးသောက်တဲ့အခါမှာ အနားမှာ ဇလုံလေးတစ်ခုနဲ့ ရေနွေးပူပူလေး ထည့်ထားရမယ်ကွ၊ သောက်မယ့် ရေနွေးပန်းကန်ကို အဲဒီဇလုံထဲကို ထည့်လိုက်ဦး၊ ပန်းကန်ပါ ပူကျက် သွားပစေ၊ အဲဒီပန်းကန်ထဲကိုမှ စောစောက ရေနွေးကြမ်းထည့်ပြီး သောက်ကွ၊ အရသာထူးတယ်ကွ၊ ဘာဖြစ်လို့ ထူးသလဲဆိုတော့ ရေနွေးကြမ်းက အပူနာတာပေါ့ကွာ"

ဟု ပြောလေ၏၊

ထို့နောက်တွင်ကား ဦးရိုဖုန်းသည် ဆန်ပြုတ်ပြုတ်နည်း၊ ခေါက်ဆွဲပြုတ်နည်း၊ အစိမ်းကြော်၊ တောက်တောက်ကြော် လုပ်နည်း၊ ဆယ့်နှစ်မျိုးဟင်းချိုချက်နည်း၊ ဆီချက်ခေါက်ဆွဲ၊ ကော်ရည်ခေါက်ဆွဲ လုပ်နည်း၊ ကော်ပြန့်လုပ်နည်း၊ ဖက်ထုပ်လုပ်နည်း၊ အခေါက်တင်နည်း၊ ဝက်ခြေထောက်၊ ဝက်လက်စသည်ကို စွတ်ပြုတ်လုပ်နည်း၊ ချဉ်ဖတ်စိမ်နည်း၊ ဆေးဘဲဥလုပ်နည်းမှအစ အကျန သင်ကြားပြသလေ၏၊

"နေပါဦး ဦးရိုဖုန်းရယ်၊ ဆေးဘဲဥက ဘာဖြစ်လို့ လုပ်ရတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု နီဝါးက မေးရာ ဦးရိဖုန်းက. . .

“ဒီလို ငါ့လူရဲ့၊ ဆေးဘဲဥဆိုတာ ကြာရှည်ခံတဲ့ အစားအသောက် တစ်ခုပဲ၊ ဘဲဥကို ဒီအတိုင်းထားရင် ဘယ်လောက်မှ မခံဘူး၊ ဆေးဘဲဥ ဖြစ်သွားရင်တော့ ပြောရင် ယုံဖို့တောင်မရှိဘူး၊ နှစ်ထောင်နဲ့ချီပြီး ခံတယ်ကွ၊ ရှေးနှစ်ထောင်နဲ့ချီပြီး ကြာတဲ့အချိန်တုန်းက နတ်ရွာစံပြီး ဘုရင်တွေရဲ့ သချႋုင်းတော်တွေမှာ ဆေးဘဲဥတွေပါ ထည့်ပြီး မြှုပ်နှံ ခဲ့တယ်ကွ၊ အဲဒီသချႋုင်းကို ပြန်ဖော်တဲ့အခါမှာ တွေ့တဲ့ ဆေးဘဲဥ တွေဟာ အကောင်းပကတိအတိုင်း တွေ့ရတယ်ကွ၊ မနက်ကမှ လုပ်ထားတဲ့အတိုင်း လတ်လတ်ဆတ်ဆတ်ပဲ၊ စားလို့ရတယ်ကွ၊ ဆေးဘဲဥလုပ်ဖို့ကတော့ ဘဲဥကို မြင်းသေးနဲ့စိမ်ရတာပေါ့ကွာ၊ ပြီး တော့မှ ထုံးသုတ်ပြီး စံပါးခွံတွေထဲမှာ မြှုပ်ထားရတယ်ကွ၊ အခုခေတ် မှာတော့ မြင်းတွေကရှားနေပြီ မဟုတ်လားကွာ၊ အဲဒီတော့ မြင်းသေး ကို ဘယ်ကလာရမှာတုံး၊ အဲဒီတော့ ဆားဖြူရစ်အက်ဆစ်လို့ ခေါ်တဲ့ ကန့်ငရဲမီးကို ရေနဲ့ချဲပြီး ‘မြင်းသေး’အစား အသုံးပြုပြီး စိမ်ရတာ ပေါ့၊ မြင်းသေးလိုပါပဲ၊ သူနဲ့လည်း ရပါတယ်၊ ငှက်ပျောဖူးတစ်ပုလင်း လောက်ကိုမှ ဆာလ်ဖြူရစ်အက်စက်က နှစ်စက်လောက်ပဲ ထည့်ရ တာကွ၊ အရမ်းချဲ ပစ်ရတာ၊ အဲဒီဟာနဲ့ကိုပဲ ဆေးဘဲဥ လုပ်လို့ရပါ ပြီကွာ”

ဟု ပြောလေ၏။

ဤသို့နှင့်ပင် နီဝါးသည် ထမင်းဟင်း ချက်ပြုတ်ခြင်း၊ ကြော်လှော် ခြင်းအတတ်တို့ကို ကောင်းစွာ တတ်ကျွမ်းခဲ့လေတော့၏။ ထို့နောက် ဦးရိဖုန်း က နီဝါးကို ထမင်းစားသော တူဖြစ်အောင် နီဝါးအား လုပ်ခိုင်းပြန်၏။ နီဝါး လုပ်ပြသော ဝါးတူကိုကြည့်ကာ ဦးရိဖုန်းက. . .

“မင်း အတော်,တော်တဲ့ကောင်ပဲ ‘တူ’ကောင်းကောင်း လုပ်တတ်ပြီ ပဲ၊ တူဆိုတဲ့သဘောက နှစ်ချောင်း လုပ်ရတာမဟုတ်လား၊ တစ်ချောင်း နဲ့တစ်ချောင်း အလုံးရော၊ အရှည်လုံး၊ ပုံသဏ္ဌာန်ရော တစ်ထပ်တည်း





တူနေမှ ‘တူ’ဖြစ်တာကွ၊ မတူရင်တူလို့ မခေါ်ဘူးနော်၊ တူအောင်ကို လုပ်ရမှာကွ၊ နောက်ပြီး မင်းကို ပြောရဦးမယ်၊ ငါတို့ တရုတ်လူမျိုး တွေဟာ တူကို အထိပ်အတုံးပဲ လုပ်ပြီးစားတာကွ၊ ဂျပန်ကျတော့ ဒီလိုမဟုတ်ဘူးကွ၊ တူကိုထိပ်မှာ ခဲတံချွန်သလို ချွန်ထားသေးတာ”

ဟု ပြောလေ၏။

“အဲဒါဘာသဘောလဲ ဦးရိဖုန်းရဲ့”

ဟု နီဝါးက မေးလိုက်လေ၏။

“ဒီလိုကွ ငါတို့တရုတ်တွေ စိတ်မြန်တယ်ဆိုတာ ဂျပန်တွေ အိပ်နေ သလောက်ပဲ ရှိတယ်ကွ၊ အဲဒီတော့ အသားတုံးကို ညှပ်မနေတော့ဘဲ အချွန်နဲ့ထိုးပြီး ပါးစပ်ထဲ ထည့်လိုက်တော့တာပေါ့ကွာ”

ဟု ပြောဆိုကာ ဦးရိဖုန်းသည် တဟားဟား ရယ်မောလိုက်လေတော့ သတည်း။



www.burmeseclassic.com

www.burmeseclassic.com





"တူဆိုတဲ့သဘောက နှစ်ချောင်း လုပ်ရတာမဟုတ်လား၊ တစ်ချောင်းနဲ့တစ်ချောင်း အလုံးရော၊ အရှည်လုံး၊ ပုံသဏ္ဌာန်ရော တစ်ထပ်တည်းတူနေမှ 'တူ'ဖြစ်တာကွ၊ မတူရင်တူလို့ မခေါ်ဘူးနော်၊ တူအောင်ကို လုပ်ရမှာကွ၊ နောက်ပြီး မင်းကို ပြောရဦးမယ်၊ ငါတို့တရုတ်လူမျိုး တွေဟာ တူကို အထိပ်အတုံးပဲ လုပ်ပြီးစားတာကွ၊ ဂျပန်ကျတော့ ဒီလိုမဟုတ်ဘူးကွ၊ တူတိုထပ်မှာ ခဲတံချွန်သလို ချွန်ထားသေးတာ"





## အခန်း ( ၁၃ )
## အကြော်ဆရာ နီဝါး

ထို့နောက်တွင်ကား ဦးရီဖုန်းက နီဝါးအား ထမင်းချက်နည်း သင်ပေးလေ၏။ ထမင်းကို ရိုးရိုးချက်ပြ၏။ ထို့အတူ ရေခန်းချက်ပြ၏။ ရိုးရိုးထမင်းချက်သင်ပေးသကဲ့သို့ အုန်းထမင်းချက်နည်းကိုလည်း သင်ပေး၏။

အုန်းထမင်းချက်ရာ၌ ငကျွဲဆန်ကောင်းကောင်း (သို့မဟုတ်) စပါးနက်ဆန် ကောင်းကောင်း ချက်ရ၏။ ဆန်နို့ဆီဘူး လေးလုံးတွင် အုန်းသီးအသားထူထူတစ်လုံး လိုအပ်၏။ အုန်းသီးကို ခြစ်၍ အုန်းနို့ညှစ်ပြီးနောက် ဆားငွန်းတစ်ဝက်ခန့် ခတ်ရ၏။

အိုးထဲသို့ ဆန့်ထည့်ပြီး အုန်းနို့များ လောင်းထည့်ရ၏။ အုန်းနို့များသည် ဆန်ပေါ်တွင် လက်နှစ်လုံးခန့်ရှိသောအခါ မီးဖိုပေါ်သို့ တင်ရ၏။ အုန်းထမင်း နပ်ခါနီးသောအခါတွင် ကြက်သွန်နီဥကြီးများ အခွံနွှာ၍ ထည့်ရ၏။ မီးကို လျှော့ပစ်ရ၏။ သစ်ဂျပိုးခေါက်၊ ကုရဝေးရွက် စသည်များလည်း ထည့်ရ၏။ သီဟိုဠ်စေ့ စပျစ်သီးခြောက်များ လိုအပ်လျှင်လည်း ထည့်နိုင်၏။ ထမင်းနပ်၍ အနံ့မွှေးလာသောအခါ ခွင်ပေါ်မှချရ၏။ အဖုံးကို အုပ်ထားရသေး၏။

ထို့နောက်တွင်ကား ထောပတ်ထမင်းချက်နည်း၊ ပဲထမင်းချက်နည်းများသင်ပေးပြန်၏။ ပဲထမင်းချက်ရာတွင် ဆန်နို့ဆီဘူး လေးလုံးချက်ရန်အတွက် ကုလားပဲဆယ့်ငါးကျပ်သားကို ပြုတ်၍ ထည့်ရလေ၏။ ပဲထမင်းချက်နည်းနှင့် ထောပတ်ထမင်းချက်နည်းမှာ များစွာမကွာလှပေ။ ပဲထမင်းသည် ထောပတ်ထမင်းပင်ဖြစ်၏။ သို့ရာတွင် ကုလားပဲများ ရောထည့်ထားခြင်းသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒန်ပေါက်ချက်နည်းကို ဦးရီဖုန်က သင်ပြပေး၏။ ထိုချက်နည်းမှာလည်း အိန္ဒိယပြည်၏ အရှေ့ပိုင်းချက်နည်းနှင့် အနောက်ပိုင်းချက်နည်း ကွာခြားသေး၏။ ဆီသတ်ပုံ၊ အမွှေးအကြိုင်ခတ်ပုံတို့မှာလည်း များစွာ မတူလှပေ။ ဦးရီဖုန်းသည် စိတ်ရှည်လက်ရှည်ဖြင့် နီဝါးကလေးအား ဒံပေါက်ချက်နည်း နှစ်မျိုးစလုံးကို သင်ပြပေးလေ၏။

ထို့နောက် ထမင်းပေါင်းချက်နည်းကိုလည်း သင်ပြပေးပြန်၏။ ထမင်းပေါင်းချက်ရန်အတွက် ကြက်သားဆယ့်ငါးကျပ်သားခန့်နှင့် ကြက်မြစ်ကြက်သည်းတစ်စုံလို၏။ ၎င်းအသားနှင့်အသည်း အမြစ်တို့ကို နုပ်နုပ်စဉ်း၍ ကြော်ရပါသည်။ ကြက်သွန်နီနှစ်ဥခန့်ကို ပါးပါးလှီး၍ ဆီသတ်ရပါသည် ထိုအထဲသို့ ပန်းဂေါ်ဖီနှင့် ပဲသီးများ လှီးထည့်ရပါသည်။ ထိုအသီးများနူးသလျှင် ခရမ်းချဉ်သီးကိုလှီး၍ ထည့်ရပါသည်။ ကြော်ထားသော အသားများကိုလည်း ထည့်၍မွှေရပါသည်။ ကော်ရည်ထည့်ရပါသည်။ ထမင်းပူပူကို ခူး၍ ထိုဟင်းလျာကို အပေါ်မှအုပ်ကာ တရုတ်နံနံကို အုပ်ရပါသည်။ မိမိ ကြိုက်နှစ်သက်ပါက ငုံးဥ၊ ကြက်ဥများ ထည့်ရပါသည်။ ပဲငံပြာရည်လည်း ထည့်နိုင်ပါသည်။ ယခု ဦးရီဖုန်းက နီဝါးအား သင်ပြပေးသော အချိုးမှာ လူလေးယောက်စာ ဖြစ်ပါသည်။

ဦးရီဖုန်းသည် ထမင်းချက်နည်းများ စုံစိအောင် သင်ပြီးနောက် ဘဲကင်လုပ်နည်း၊ အခေါက်ကင်လုပ်နည်း၊ ဟင်းချိုချက်နည်း သင်ပေးပြန်၏။ ဤသို့နှင့်ပင် နီဝါးသည် ထမင်းချက်နည်း၊ ဘဲကင်လုပ်နည်း၊ အခေါက်ကင်လုပ်နည်း၊ ဟင်းချိုချက်နည်း၊ ခေါက်ဆွဲကြော်နည်း၊ ကြာဇံကြော်နည်း၊ ဟင်းဖြင့်စားရန် အချဉ်လုပ်နည်း စသည်တို့ကို တတ်ကျွမ်းရလေတော့၏။

တစ်ခါတွင် နီဝါးသည် မီးဖိုချောင်၌ ထမင်းဟင်းများ ချက်နေ၏။ ထိုသို့ ချက်နေသည့်အချိန်တွင် ဦးရီဖုန်း ဝင်လာ၏။

ထို့နောက် နီဝါးအား. . .

"နီဝါးရာ မင်းအလုပ်လုပ်နေတာကလည်း စကားမပြောတတ်တဲ့ အ,အ အလုပ်လုပ်နေသလိုပဲ၊ အသံက တိတ်နေတာပဲကွာ"

ဟု ပြော၍ ရယ်မောလေ၏။





ထိုအခါ နီဝါးက. . .

"ထမင်းချက်တာပဲဗျာ ဘာအသံတွေ ထွက်နေရဦးမှာလဲ"

ဟု မေးလိုက်လေ၏။

"ဒီလို နီဝါးရဲ့၊ ငါတို့တရုတ်ပြည်မှာက နယ်တွေက အများကြီးပဲကွ၊ ဒါပေမဲ့ သူ့နယ်နဲ့သူ ပေါ့ကွာ၊ နယ်တိုင်းလောက်နီးနီးမှာ နွားပြိုင်ပွဲတွေရှိတယ်ကွ၊ အသဲအမဲပြိုင်ကြတာကွ၊ အဲဒီမှာ လူ ငယ်တွေဟာ တအားတက်ကြွတာ၊ တီးဝိုင်းတွေလည်း ပါတယ်ကွ၊ အရက်ကတော့ မပြောနဲ့ဟေ့၊ စဉ့်အိုးကြီးတွေကို ကြိမ်ကြီးတွေနဲ့ပက်ပြီး မကွဲအောင် တင်လာကြတယ်ကွ၊ အဲဒီ နွားပြိုင်ပွဲမှာဆိုတဲ့ သီချင်းကလည်း သံပြိုင်ဆိုရတာကွ၊ စစ်ချီသီချင်းလိုပဲ. . . အလွန်တက်ကြွဖို့ ကောင်းတာကွ၊ လူငယ်တွေဟာ တခြားသီချင်းတွေမရရင်ရှိမယ်၊ နွားပြိုင်ပွဲဆိုတဲ့ သီချင်းကတော့ လူတိုင်းရတယ်ဟေ့၊ အဲဒီသီချင်းက အသံကောင်းဖို့မလိုဘူး ဆိုတတ်ဖို့မလိုဘူး၊ တအားစွတ်ပြီးအော်ဆိုရတဲ့ သီချင်းမျိုးကွ၊ ရင်ထဲမှာလေးလံနေတာတွေ ဘာတွေ ပွင့်ထွက်သွားတာပဲကွာ. . .၊ ပြိုင်ပွဲဝင်မယ့် နွားတွေကလည်း လူစကားတတ်တဲ့အတိုင်းပဲ၊ အဲဒီ သီချင်းသံကြားရင် ခေါင်းလေးကိုခါပြီး မြှောက်ကြွနေတာပဲ" ဟု ဦးရီဖုန်းကပြောလေ၏။

ထို့နောက်တွင်ကား ဦးရီဖုန်းသည် နီဝါးအား တရုတ်နွားပြိုင်ပွဲ သီချင်းအား သင်ပေးလေ၏။ နီဝါးလည်း ထိုသီချင်းများကို ရလေတော့၏။ ထို့ကြောင့် မီးဖိုထဲတွင် နီဝါးထမင်းဟင်းချက်နေလျှင် ထိုနွားပြိုင်ပွဲသီချင်းသံများ ထွက်ပေါ်နေလေတော့၏။ ဦးရီဖုန်းသည် ငွေထည်ပစ္စည်းများကို တရုတ်ပြည် မန်စီမြို့တွင် လုပ်ပြီး မြန်မာပြည်ရှိဘုရားပွဲဈေးများတွင် လာရောက်ရောင်းချလေ၏။ တစ်ခါတစ်ရံ၌လည်း တရုတ်ပြည်အတွင်း၌ လှည့်လည်၍ ရောင်းချလေ၏။

တစ်ခါတစ်ရံတွင် ငွေထည်ပစ္စည်းများ မရောင်းဘဲ ထမင်းဆိုင်မှာ ရောင်းချလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရောင်းချရာ၌ နီဝါးသည် ဦးရိဖုန်းဆိုင်၏ အကြော်ဆရာ ဖြစ်လေတော့၏။

တစ်ခါတွင် ဦးရိဖုန်းနှင့် နီဝါးတို့သည် မြန်မာပြည်တွင်းရှိ ဘုရားပွဲများတွင် ခေါက်ဆွဲဆိုင်လိုက်၍ ဖွင့်လှစ်ရောင်းချ ကြပြန်၏။

ဦးရိဖုန်းသည် မိုးကာကဲ့သို့ မိုးခံသော တာရပက်စများပေါ်တွင် ဆိုင်အမည်ကို တရုတ်-မြန်မာ နှစ်ဘာသာဖြင့် ရေးလေ၏။

ထိုအစများကိုလည်း တရုတ်ပြည်တွင်ဝယ်၍ တရုတ်ပန်းချီဆရာများထံတွင်ပင် ရေးခိုင်းလေ၏။ အဖြူရောင်ပေါ်တွင် တရုတ်စာလုံးများကို အနီရောင်ဖြင့် ရေးထားခြင်းဖြစ်၏။ မြန်မာစာလုံးများကိုမူ ရွှေရောင်ဖြင့်ရေး၍ အနီရောင်ဖြင့် ကွတ်ထားလေ၏။ ဆိုင်အမည်မှာ 'ရွှေမြင်း'ဟူ၍ ဖြစ်၏။ တံဆိပ်မှာလည်း ပြေးနေသော မြင်းတစ်ကောင်၏ ပုံဖြစ်၏။

ထို့ကြောင့် နီဝါးက. . .

"နေစမ်းပါဦး. . . ဦးရိဖုန်းရယ်၊ ဆိုင်နာမည်ကို ဘာကြောင့် ရွှေမြင်းလို့ပေးရတာလဲ၊ မြင်းနဲ့ခင်ဗျားနဲ့ ဘယ်လိုပင် ပတ်သက်လို့တုန်း"

ဟု မေးလိုက်လေ၏။ ထိုအခါ ဦးရိဖုန်းက. . .

"ကမ္ဘာပေါ်မှာ လူမျိုးတိုင်းဟာ ထမင်းဆိုင်ဖွင့်ပြီး ရောင်းတတ်ကြပါတယ်ကွာ၊ ဒါပေမယ့် အားလုံးလိုလိုဟာ ချက်ပြီးသားကို ရောင်းတာချည်းပဲ၊ ငါတို့တရုတ်လူမျိုးတစ်မျိုးပဲ မချက်ရသေးတဲ့ အသားတွေရော၊ အသီးတွေရော၊ အစိမ်းအတိုင်းထားပြီး ဝယ်စားတဲ့လူတွေစောင့်တာကွ၊ စားတဲ့လူလာမှ ထပြီးချက်တာ၊ ကြော်တာမဟုတ်လား"

ဟု ပြောလိုက်ရာ နီဝါးက စဉ်းစားပြီးနောက်. . .

"ဟုတ်ပေ့ဗျာ"

ဟု ဝန်ခံလေ၏။ ထိုအခါ ဦးရိဖုန်းက. . .

"အဲဒီတော့ ငါတို့တရုတ်ဆိုင်တွေက စားလို့ကောင်းတာ၊ မကောင်းတာက ဒုတိယကွ. . .၊ စားတဲ့လူဆီကို စားစရာ မြန်မြန်ရောက်အောင်လုပ်ရတာက ပထမကွ. . .၊ အဲဒီတော့ ငါတို့ တရုတ်လူမျိုးမှာ မြန်တာကိုတင်စားတဲ့အခါမှာ လေနဲ့မြင်းကို ခိုင်းနှိုင်းလေ့ရှိတယ်၊ ငါတို့ တရုတ်ပြည်မှာရှိတဲ့ ရှေးလူကြီးသူမတွေဟာ သူတို့အလုပ်လုပ်တဲ့နေရာမှာ လျင်မြန်အောင်ဆိုပြီး မြင်းရုပ်တွေ ထားလေ့ရှိတယ်ကွ၊ ဒါကြောင့် ငါနဲ့မင်းနဲ့ ရောင်းရတဲ့ ခေါက်ဆွဲဆိုင်ကို မြင်းတံဆိပ်ပေးတာကွ၊ ဒါပေမဲ့ မြင်းကလည်း အလကား မြင်းမဟုတ်ဘူးနော်၊ ရွှေမြင်းကွ"

ဟု ပြောလိုက်ပြီးလျှင် နှစ်ယောက်သား ရယ်မောကြလေတော့၏။

ထို့နောက်တွင်ကား ၎င်းတို့နှစ်ဦးသည် တရုတ်ပြည်သို့ ပြန်သည်ကနည်းပြီး မြန်မာပြည်ဘုရားပွဲများတွင်သာ လှည့်လည် တွင်ကျယ်နေလေတော့၏။ တစ်ခါတွင် တောင်ငူရွှေဆံတော်ဘုရားပွဲတွင် နီဝါး၏ ခေါက်ဆွဲဆိုင်ရှေ့၌ သူတောင်းစားမကြီးတစ်ဦး ခွက်တစ်လုံးဖြင့် လာရောက်၍ တောင်းလေ၏။

"ထမင်းကျန် ဟင်းကျန်လေးများ ပေးပါရှင်"

ဟု သနားဖွယ်ရာ တောင်းလေ၏။

ထိုအခါ နီဝါးက. . .

"ချဉ်ပေါင်ကြော်၊ မှျစ်ကြော်နဲ့ ထမင်းနဲ့ပေးမယ် စားမလား"

ဟု မေး၏။ ထိုအခါ သူတောင်းမကြီးက. . .

"သူတောင်းစားပဲကွယ် ဘာနဲ့ပဲပေးပေး စားရမှာပေါ့"

ဟု သနားဖွယ်ရာ ပြန်၍ ပြောလေ၏။

ထိုအခါ နီဝါးက. . .

"ဝက်သားတုံးကြီးနဲ့ချက်ထားတဲ့ ဟင်းနဲ့စားမလား"

ဟု မေးပြန်လေ၏။

ထိုအခါ သူတောင်းစားမကြီးက. . .

"အဲဒီဟင်းနဲ့ မစားရတာကြာပါပြီ၊ အဲဒီဟင်းနဲ့ စားရမလားဆိုရင်တော့ ပိုပြီးကောင်းတာပေါ့ ကလေးရယ်" ဟု ပြောလိုက်လေ၏။





www.burmeseclassic.com

ထိုအခါ နီဝါးက. . .

"ဒီမှာနေရင် ဒီမှာ ခင်ဗျားကို ခေါ်ထားမယ်၊ လျှောက်ပြီးသူတောင်းစား လုပ်မနေနဲ့၊ ကျုပ် ဘယ်သူလဲ ကြည့်စမ်း"

ဟု ပြောလိုက်လျှင် သူတောင်းစားမကြီးသည် နီဝါးအား လှမ်း၍ ကြည့်လိုက်လေ၏။

ထို့နောက်. . .

"ကြည့်စမ်း. . . ကြည့်စမ်း ဘယ်သူများလည်း မှတ်တယ် နီဝါးကိုး၊ ငါဖြင့် တကယ်အောက်မေ့လို့ ဖြေလိုက်ရတာ၊ အမျိုးယုတ်ကလေး၊ နေစမ်းပါဦး နင်က ဒီဆိုင်မှာ ဘာကောင်လဲ" ဟု မေးလေ၏။

ထိုအခါ နီဝါးက. . .

"ကျုပ်က ရွှေမြင်းခေါက်ဆွဲကြော်ဆိုင်ရဲ့ အကြော်ဆရာလေ၊ ခင်ဗျား ဒီမှာနေပေတော့၊ ပန်းကန်ဆေးရမယ်၊ ကြက်သွန်တွေ ဘာတွေလှီးပေးရမယ်၊ ညကျလို့ ဆိုင်လူရှင်းရင် ကျုပ်က အကြောတက်ပြီ၊ ကျုပ်ရဲ့ကျောကို လက်မနဲ့ထိုးရမယ်"

ဟု ပြောလိုက်လျှင် သူတောင်းစားဖြစ်နေသော ဒေါ်စိန်လည်း သူ၏တောင်ဝှေးကို 'သွားတော့. . .'ဆိုကာ လွှတ်ပစ်၍ ဆိုင်တွင်းသို့ ဝင်လာလေတော့သတည်း။

❀ ❀ ❀ ❀ ❀

"ကမ္ဘာပေါ်မှာ လူမျိုးတိုင်းဟာ ထမင်းဆိုင်ဖွင့်ပြီး ရောင်းတတ်ကြပါတယ်ကွာ၊ ဒါပေမယ့် အားလုံးလိုလိုဟာ ချက်ပြီးသားကို ရောင်းတာချည်းပဲ၊ ငါတို့တရုတ်လူမျိုးတစ်မျိုးပဲ မချက်ရသေးတဲ့ အသားတွေ ရော၊ အသီးတွေရော၊ အစိမ်းအတိုင်းထားပြီး ဝယ်စားတဲ့လူတွေ စောင့်တာကွ၊ စားတဲ့လူလာမှ ထပြီးချက်တာ၊ ကြော်တာမဟုတ်လား"





## အခန်း ( ၁၄ )
## ဒေါ်စိန် ပြောသော ပုံပြင်

ဒေါ်စိန်သည် နီဝါးတို့၏ 'ရွှေမြင်း'ဘုရားပွဲ ခေါက်ဆွဲဆိုင်တွင် ပန်းကန်ဆေး၊ ထမင်းချက်အလုပ် ရသွားပြီဖြစ်၏။ ညအခါများတွင် ဆိုင်သိမ်း၍ လူရှင်းသွားသောအခါ၌ ဒေါ်စိန်သည် နီဝါးအား ငါးရာ့ငါးဆယ်ဇာတ်နှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ပြောပြလေ၏။ ထိုအခါမျိုး၌ ဦးရိုဖုန်းလည်း မအိပ်သေးဘဲ နီဝါးနှင့်အတူ နားထောင်လေ၏။ တစ်ခါတွင် ဦးရိုဖုန်းက ဒေါ်စိန်အား. . .

"ခင်ဗျား တော်တော် ပြောတတ်တဲ့ မိန်းမကြီးပဲ"

ဟု ပြောရာ ဒေါ်စိန်က. . .

"ပြောတတ်တာပေါ့ ဦးရိုဖုန်းရယ်၊ ကျုပ်က ဘုန်းကြီးကျောင်းမှာ စာတော်တော်ရောက်တဲ့အထိ သင်ခဲ့တာပဲ"

ဟု ပြောလေ၏။

ဒေါ်စိန်ကြီးသည် နီဝါးအား ဇာတ်တော်များကို သင်ပေးသကဲ့သို့ ဘုရားရှိခိုးလည်း အကျအန သင်ပေး၏။ ဘုရားရှိခိုးနှင့်အတူ ပရိတ်များကိုလည်း ရွတ်တတ်၊ ဖတ်တတ် စေရန် သင်ပြပေးလေ၏။

ဒေါ်စိန်သည် နီဝါးအဖို့ များစွာအကူအညီရလေ၏။ အားသော အချိန်များတွင် နီဝါးနှင့် ဦးရိုဖုန်းတို့၏ အဝတ်အစားများကို လျှော်ဖွတ်မီးပူ တိုက်ပေး၏။ ဒေါ်စိန်၌ အကြောတတ်သော ရောဂါရှိ၏။ ဒေါ်စိန် အကြောတက်၍ နေမကောင်းသောအခါလည်း နီဝါးက ကျောများ၊ [illegible]များကို



www.burmeseclassic.com

www.burmeseclassic.com



ကျားတံဆိပ် ပရုပ်ဆီပွတ်၍ နှိပ်ပေးတတ်လေ၏။ ဦးရိဖုန်းကလည်း တရုတ်ဆေးများကို ရှာလာပြီးလျှင် ဒေါ်စိန်အား ဆေးတိုက်လေ့ရှိလေ၏။ အမှန်စင်စစ်အားဖြင့် ဒေါ်စိန်သည် အားဖျဲ (ခေါ်) ဘိန်းကို မျိုတတ်သူဖြစ်၏။ ထိုသို့ မျိုထားရလျှင် ကျန်းမာ၏။ သီချင်းကလေး တအေးအေးဖြင့် အလုပ်လုပ်လေ၏။ အားလည်းအလွန်သွက်လေ၏။ ထိုအရာကို မျိုမထားရလျှင် ကိုယ်တွေလက်တွေကိုက်၍ နေမကောင်းဖြစ်လေ၏။ ထို့အကြောင်းကို နီဝါးကမသိသော်လည်း ဦးရိဖုန်းက ရိပ်မိလေ၏။ ထို့ကြောင့်. . .

"နီဝါး. . . ဒေါ်စိန်ကြီး ခဏခဏ နေမကောင်းတာ တခြားမဟုတ်ဘူး"

ဟု ပြောလျှင် နီဝါးက. . .

"အဲဒါကို ဘယ်လိုပြတ်အောင် လုပ်ရမလဲ"

ဟု အလောတကြီး မေးလေ၏။

"သူ့ကို နားမလည်တဲ့ မိန်းမကြီးလို့လည်း ပြောလို့မရဘူး၊ တို့ကိုတောင် ဇာတ်တော်သင်ပေးနေတာပဲ. . .၊ အကောင်းဆုံးကတော့ မသိချင်ယောင်ဆောင်ဖို့ပါပဲ၊ သူ့ကို မုန့်ဖိုးလေးဘာလေး မှန်မှန်ပေးဖို့ပဲ၊ အဲဒါဆိုရင် ဒေါ်စိန်ကြီး အသက်ရှည်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့ အာယုဝဍ္ဎနကို မှီဝဲခွင့်ရလို့ပဲ၊ သူ့ကို အဲဒါလုပ်တယ်ဆိုပြီး တို့က အတင်းကျပ်ဖို့၊ တို့ရဲ့စည်းဝိုင်းထဲက သူ့ကို မပယ်ထုတ်ဖို့ အရေးကြီးတယ် ကောင်လေးရေ"

ဟု ဦးရိဖုန်းက ပြောလေတော့၏။

နီဝါးသည် မည်သို့ သဘောပေါက်သွားသည်မသိ ခေါင်းကို တဆတ်ဆတ်ညိတ်လေတော့၏။

နီဝါးသည် ဒေါ်စိန်ကြီးအား မိခင်ကဲ့သို့ မှတ်ယူ၍ ဒေါ်စိန်ကြီးကလည်း နီဝါးအား သားကလေးကဲ့သို့ မှတ်ယူ၏။ ထို့ကြောင့် တစ်ဦးကိုတစ်ဦး လွန်စွာ ကြင်နာ၏။ ဆိုင်တွင် လူကျပ်၍ နီဝါးအလုပ်များလျှင် ဒေါ်စိန်ကြီးက သံပုရာသီးကို ဖျော်ရည်ပြုလုပ်၍ နီဝါးအား တိုက်လေ၏။





"နီဝါးရေ ကောင်လေး. . . အမေ့ပြေလေးသောက်လိုက်ဦး"

ဟု ပြောတတ်သော်လည်း ဦးရိဖုန်းက သံပုရာဖျော်ရည်ကို 'အမေပြောတဲ့ အမေ့ပြေ'ဟု အမည်ပေးထားလေ၏။ ဒေါ်စိန်ကြီးသည် လက်ဖက်ရည်ကိုလည်း လွန်စွာကြိုက်၍ နံနက်တစ်ကြိမ်၊ နေ့လယ် တစ်ချက်ကြီး တစ်ကြိမ်၊ ညတစ်ကြိမ် သုံးကြိမ်သောက်၍ လက်ဖက်ရည်ကိုလည်း ဝယ်၍မသောက်၊ ဖျော်၍သောက်တတ်၏။ ဒေါ်စိန်ကြီးသည် လက်ဖက်ရည်အဖျော် လွန်စွာကောင်း၏။ ထို့ကြောင့် နီဝါးနှင့် ဦးရိဖုန်းသည် ဒေါ်စိန်ကြီး၏ လက်ဖက်ရည်ကို စွဲနေကြပြီဖြစ်၏။ ထို့ကြောင့် ဦးရိဖုန်းက. . .

"နီဝါးရေ၊ ဒေါ်စိန်က အာဖျံစွဲနေတာကွ၊ တို့နှစ်ယောက်ကတော့ သူဖျော်တဲ့ လက်ဖက်ရည်စွဲနေပြီကွ"

ဟု ပြော၍ ရယ်မောလေ၏။

"ဟုတ်တယ် ဦးရိဖုန်း၊ ဆိုင်က လက်ဖက်ရည်နဲ့လည်း မတူဘူးဗျ၊ သူ့ဟာက ပိုပြီးသောက်လို့ကောင်းတယ်"

ဟု နီဝါးက ပြောလေ၏။ ထိုအခါ ဦးရိဖုန်းက. . .

"အဲဒါ ဘာကြောင့်လဲ သိလား၊ လက်ဖက်ခြောက်ကို သေသေချာချာ နှပ်ပြီး ဖျော်လို့ကွ၊ ပြီးတော့ ဒီမိန်းမကြီးက တွေ့ကရာလက်ဖက်ခြောက်ကိုလည်း မသုံးဘူးကွ၊ လက်ဖက်ခြောက် အကောင်းစားကိုပဲ သုံးတာ၊ အဲဒါကြောင့် သူရဲ့လက်ဖက်ရည်ဟာ တို့ကိုစွဲစေတာကွ၊ ပြီးတော့ မင်းကို ငါပြောရဦးမယ်၊ ဆိုင်မှာဖျော်တဲ့ လက်ဖက်ရည်က နို့ဆီကိုခိုချင်လို့ နွားနို့နဲ့ရောပြီး ဖျော်ပေးတာ. . .၊ ဒေါ်စိန်က ဒီလိုမဟုတ်ဘူးကွ၊ တို့သုံးယောက်တစ်ခါသောက်ဖို့ ဖျော်ရင် နို့ဆီတစ်ဘူးရဲ့ ငါးပုံတစ်ပုံကုန်အောင် ထည့်တာကွ၊ ပြီးတော့ နို့စိမ်းလည်း သုံးသေးတယ်၊ အဲဒီတော့ ကောင်းပြီပေါ့ကွာ၊ ကောင်းတော့လည်း စွဲပြီပေါ့ကွာ"

ဟု ပြောကာ ရယ်ပြန်လေ၏။

တစ်ခါတွင် ဘုရားပွဲတော်တစ်ခု၏ ဧရင်းတို့ဆိုင် ဖွင့်လှစ်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲတော်ပြီးသော်လည်း ၎င်းတို့ဆိုင်သည် မရွှေ့ရသေးပေ။ ၎င်းတို့ကဲ့သို့ မရွှေ့ရသေးသော အခြားဆိုင်များလည်း ရှိလေ၏။ ထိုညက ဒေါ်စိန်သည် အကြောတက်၍ နေမကောင်းဖြစ် လေတော့၏။ ထို့ကြောင့် ဦးရိဖုန်းက တရုတ်ဆေးတစ်လုံးကို ရေနွေးဖြင့် တိုက်၏။ နီဝါးက ကျားတံဆိပ် ပရုပ်ဆီများ ဒေါ်စိန်၏ကျောပြင်တွင် လူးပေးကာ နှိပ်ပေးလေ၏။ ထိုသို့နှိပ်ပေးရင်း နီဝါးအား မှတ်သားစရာကောင်းသော ပုံဝတ္ထုများ ပြောပြနေ၏။

"ဒီလို နီဝါးရဲ့၊ဟိုး. . . မြန်မာအလယ်ပိုင်း သာစည် မြို့မရောက်ခင် ရထားလမ်းဘေးမှာ ညောင်ရမ်းဆိုတဲ့ ဘူတာရုံလေး တစ်ရုံရှိတယ်၊ အဲဒီ ညောင်ရမ်းဟာ အခုတော့ ရွာလေးတစ်ရွာဖြစ်နေပြီ၊ ဒါပေမဲ့ ရွာမဟုတ်ဘူးကွယ့်၊ တစ်ခါက မြို့တော်ကြီးဖြစ်တယ်၊ အဲဒီမှာ ညောင်ရမ်းမင်း နန်းထိုင်တယ်၊ ညောင်ရမ်းမင်းဆက်ကလည်း များများ စားစား မရှိဘူးကွယ့်၊ ညောင်ရမ်းမင်းတရားကြီးရယ်၊ သားတော်မင်းတရားရယ်ပဲ နန်းဆက်ပြတ်သွားတယ်လို့ ကြားဖူးတယ်. . .၊

အဲဒီလို နန်းဆက်ပြတ်သွားပေမဲ့ ဒုတိယညောင်ရမ်းမင်းတရားရဲ့ ဆွေစဉ်မျိုးတစ်ဆက်ဟာ ပြွန်တန်ဆာကိုရောက်လာတယ်၊ အဲဒီမင်းဆက်ရှိခဲ့ရင်တော့ သူဟာလည်း အမိက မင်းသားတစ်ပါးပေါ့၊ ဒါပေမဲ့ မင်းဆက်က ပြတ်သွားတော့ သူဟာ ဘာမှမဟုတ်တော့ဘူးပေါ့၊ ဒါပေမဲ့ အဲဒီလိုပဲ သူနဲ့မောင်နှမအရင်းတော်တဲ့ မင်းသမီးတစ်ပါးဟာလည်း ပြွန်တန်ဆာမြို့ကို ရောက်လာတယ်၊ သူတို့နှစ်ယောက်စလုံးမှာ နန်းစဉ်နန်းဆက်သုံး ရွှေငွေရတနာတွေ အမြောက်အမြားပါလာကြတယ်"

ဟု စကားစလိုက်လျှင် နီဝါါက. . .

"နေမ်းပါအုံး အမေစိန်ရဲ့၊ ခင်ဗျား အခုပြောနေတာက ပုံဝတ္ထုလား တကယ့်အဖြစ်အပျက်လား"

ဟု မေးလိုက်၏။

"တကယ့်အဖြစ်အပျက်ပဲ၊ ဒါပေမဲ့ ပုံဝတ္ထုနားထောင်သလိုမျိုး နား





ထောင်ပါ၊ အရေးကြီးတာလာတော့မယ်နော်၊ အဲဒီလို ဇာတ်မြှုပ်နေတဲ့ မင်းသမီးက မယ်သီလရှင်ကျောင်းကနေ မယ်သီလရှင်မဝတ်ချင်လို့ ထွက်ပြီး အဲဒီကျောင်းမှာ ထမင်း၊ ဟင်း ချက်နေတဲ့ ရုပ်ရည်သန့်သန့်ပြန့်ပြန့် အပြောအဆိုယဉ်ကျေးတဲ့ မယ်သီလရှင်လူထွက်ကလေးရဲ့နာမည်က စိန်စိန်တဲ့၊ အတော့်ကို ချောတယ်၊ သူ့ကိုလာပြီး ချဉ်းကပ်နေတဲ့ ယောကျ်ားတွေလည်း မနည်းဘူး၊ ဒါပေမဲ့ သူက အိမ်ထောင်မပြုပါဘူး၊ သူမှာက အကြောတတ်တဲ့ ရောဂါရှိတယ်၊ ယောကျ်ားရလည်း ယောကျ်ားနဲ့ ကောင်းကောင်းပေါင်းရမှာ မဟုတ်ဘူး၊ အကြောတက်နေလို့ ဆေးပဲ ကုနေရမှာ"

ဟု ပြောလိုက်လျှင်. . .

"အဘွားကြီးက ယောကျ်ားမယူဘဲ အချိန်ဖြုန်းခဲ့တာကိုး၊ အခု အသက်လည်းကြီးရော ဒုက္ခရောက်ပြ၊ ငယ်ငယ်တုန်းက ယောကျ်ားတွေက ဘာတွေက မလိုက်ဘူးလား"

ဟု မေးရာ ဒေါ်စိန်က. . .

"အမလေး ပြိတ္တာနီဝါးရယ် နင်မို့လို့မေးရက်တယ်၊ ဒီလောက်ချောတဲ့မိန်းမကို မကမ်းလှမ်းပဲနေပါ့မလားဟဲ့၊ ငါက မိဘတွေ ငယ်ငယ်ကတည်းက ဆုံးပါးသွားလို့ မယ်သီလရှင်ကျောင်း ရောက်ပြီး မယ်သီလရှင်ဖြစ်နေတာ၊ မယ်သီလရှင်မဝတ်နိုင်တော့လည်း ထွက်ပြီး အဲဒီကျောင်းမှာပဲ ထမင်းချက်ဟင်းချက် လုပ်နေတာ၊ အဲဒီကနေ ပြွန်တန်ဆာမှာက ရှေးဟောင်းမင်းဆက်က မင်းသမီးဟောင်းကြီးရဲ့ အိမ်မှာ အကျွအနေ နေတာ. . .၊

အဲဒီမင်းသမီးကြီးရဲ့ ယုံကြည်ရတဲ့ သော့ကိုင်ဟဲ့၊ အဲဒီ မင်းသမီးကြီးသေတော့မှ ငါကရွာကိုပြန်ရောက်လာတာ၊ အဲဒီအချိန်မှာ ရွာကလူတွေက ပိုက်ဆံရှိတဲ့ မုဆိုးဖိုတစ်ယောက်နဲ့ စပ်ပေးတယ်၊ ဒါပေမဲ့ ဒီလူက အရမ်းရုပ်ဆိုးဒတာ၊ အဲဒီတော့ ငါက လက်မခံဘူး၊ ထန်းလျက်ပွဲစားတစ်ယောက်နဲ့လည်း စပ်ပေးတယ်၊ အဲဒီထန်းလျက်



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကလည်း သွားခေါ်ပြီး အကြည့်ခိုင်း ဆိုလိုက်တာ မပြောပါနဲ့တော့၊ ကားစပယ်ယာတစ်ယောက်က ငါ့ကို လိုက်ဖူးသေးတယ်၊ အရုပ်ပုလို့ ငါက စိတ်မဝင်စားခဲ့ဘူး၊ ဘုန်းကြီးလူထွက်တစ်ယောက်ကလည်း စာပေးဖူးပါတယ်၊ ဒါပေမဲ့ ခေါးပြက ခါးနဲ့ခုတ်သွားလို့ သူ့မှာ မျက်ခုံးမွေးတစ်ဖက်မရှိဘူး၊ ဒါကြောင့် ငါက ငြင်းလိုက်တယ်၊

နောက်ပြီးတော့ ရုံးက ပြာတာတစ်ယောက်ကလည်း အောင်သွယ်တစ်ယောက်နဲ့ ငါ့ကို ချဉ်းကပ်ဖူးတယ်၊ သူလက်တစ်ဖက်က မှောက်လို့မရဘူး၊ ကျိုးပြီး ပက်လက်အမြဲလန်နေတာနဲ့ ငါက ငြင်းလိုက်တယ်၊ နောက်ထပ်လည်း လာကြပါသေးတယ်၊ တစ်ယောက်ဆိုရင် ဘယ်လောက်ဆန်းသလဲ ပြောပြရဦးမယ်၊ စကားပြောတဲ့အခါတိုင်း သမ်းတယ်၊ သူ့ရဲ့စကားဟာ ဆုံးတယ်လို့ မရှိဘူး၊ ပြီးရင် အိပ်ပျော်သွားရော၊ အဲဒီလိုလူမျိုးကို ဘယ်လိုလုပ် လင်တော်မလဲဟယ်၊ ငါနဲ့ရလဲ သူက အိပ်ပျော်နေမှာပဲ”

ဟု ပြောလေ၏။

ထိုအခါ ဦးရိဖုန်းက. . .

“ခင်ဗျားဟာတွေကလည်း လူတွေမှဟုတ်ပဲဗျာ၊ ကာကွန်းတွေပဲ”

ဟု ပြောဆိုကာ ရယ်မောလျှ ဆိုင်တွင်းမှထွက်သွားလေတော့၏။ ဦးရိဖုန်း ထွက်သွားသောအခါ၌ ဒေါ်စိန်က. . .

“ဟဲ့. . . နီဝါး သေသေချာချာ နားထောင်၊ စောစောက စကားကို ပြန်ပြီးဆက်မယ်၊ ငါဟာ မယ်သီလရှင်လူထွက်ဘဝနဲ့ ပွန်တန်ဆာ မင်းသမီးကြီးတစ်ပါးဆီမှာ နေခဲ့တယ်လို့ပြောခဲ့တယ် မဟုတ်လား၊ အဲဒီမင်းသမီးကြီးက တစ်နေ့မှာ ငါ့ကို သစ္စာရေတိုက်ပြီးတော့ ပွန်တန်ဆာသချိုင်းထဲကို ညကြီးသန်းခေါင်ခေါ် သွားတယ်ဟဲ့၊ အဲဒီမှာ သူ့အစ်ကိုရဲ့ အုတ်ဂူလေးရှိတယ်၊ အဲဒီအုတ်ဂူကိုဖောက်လိုက်တယ်၊ ငါက ဖောက်ပေးရတာပေါ့ဟယ်၊ အဲဒီအုတ်ဂူပေါက်လည်း သွားရော အထဲမှာက တွင်းထူးပြီးစနစ်တကျ ထည့်ထားတဲ့ သေတ္တာကို တွေ့ရတယ်. . .၊





အဲဒီသေတ္တာကိုထုတ်ပြီး သူက ကြည့်တာ၊ အဲဒီအထဲမှာ ရွှေတွေ၊ ကျောက်သံပတ္တမြားတွေ မနည်းဘူးဟဲ့၊ သူ့ရဲ့အစ်ကိုနဲ့ သူ တိုင်ပင်ကြီး အဲဒီထဲမှာ ဝှက်ထားခဲ့တာ၊ အခုတစ်ခါ သူပိုင်တဲ့ပစ္စည်းတွေ အဲဒီထဲမှာပဲ ထပ်ပြီးဝှက်တာဟဲ့၊ အဲဒီဝှက်တဲ့ဂူဟာ သချိုင်းဟောင်းမှာနော်၊ အခုသချိုင်းသစ်မှာမဟုတ်ဘူး၊ အဲဒီဂူမှာ ငါသိသလောက်တော့ စာရှိတယ်ဟဲ့၊ ညောင်ရမ်းမြို့နဲ့ ပွန်တန်ဆာမြို့ကို တွဲပြီးအုပ်ချုပ်ရတဲ့ မြို့ဝန်ကြီးလို့ အမိပ္ပာယ်ရတဲ့ စာပါတယ်”

ဟု ဒေါ်စိန်က ပြောလေ၏။

“ဒီမှာ. . . ဒေါ်စိန်၊ ခင်ဗျားပြောတဲ့ ပုံပြင် ဒီနေရာမှာ ဆုံးတာလား”

ဟု နီဝါးက မေးလိုက်လျှင် ဒေါ်စိန်က. . .

“ပုံပြောနေတာမဟုတ်ဘူးဟဲ့၊ တကယ့် အဖြစ်အပျက်၊ တကယ့် အဖြစ်အပျက်၊ နောက်ဆုံး နင့်အနေနဲ့ ကြံရာမရရင် အဲဒီသချိုင်းကို သွား. . .၊ အဲဒီဂူကိုရှာပြီး ပစ္စည်းတွေကို တူးယူပေတော့လို့ သိုက်စာချပေးတာဟဲ့. . .”

ဟု ပြောလျှင် နီဝါးက. . .

“နေစမ်းပါဦး ဒေါ်စိန်ရယ်၊ ခင်ဗျားမှာ စားစရာမရှိလို့ သူတောင်းစားတောင်ဖြစ်နေပြီပဲ၊ အဲဒီပစ္စည်းတွေကို ဘာလို့ သွားမယူတာလဲ၊ ဟိုမင်းသမီးကြီးဆီမှာ သစ္စာရေသောက်ခဲ့လို့ သွားပြီး မယူတာလား”

ဟု မေးလိုက်ရာ ဒေါ်စိန်က. . .

“အဲဒါလည်းပါတယ်၊ နောက်တစ်ခုက ငါက ကြောက်တယ်ဟဲ့. . .၊ တစ်ယောက်တည်း သချိုင်းကုန်းတွေ ဘာတွေ မသွားရဲပါဘူးတော်”

ဟု ပြောလေ၏။

“နေစမ်းပါဦး ဒေါ်စိန်ရယ်၊ အဲဒီမင်းသမီးကြီးမှာ သစ္စာရေ သောက်ပြီးကျိန်ခဲ့တဲ့အထဲမှာ သစ္စာဖောက်ခဲ့ရင် ဘာဖြစ်ပါစေလို့ ကျိန်ခဲ့ရလို့လား”



www.burmeseclassic.com

www.burmeseclassic.com



ဟု နီဝါးက မေးလိုက်ရာ ဒေါ်စိန်က. . .

"အမယ်လေး ပြိတ္တာလေးကလည်း စေ့စေ့စပ်စပ် မေးလိုက်တာ တော်"

ဟု ရေရွတ်လိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀

ညောင်ရမ်းမင်း နန်းထိုင်တယ်၊ ညောင်ရမ်းမင်းဆက်ကလည်း များများ စားစား မရှိဘူးကွယ့်၊ ညောင်ရမ်းမင်းတရားကြီးရယ်၊ သားတော်မင်း တရားရယ်ပဲ နန်းဆက်ပြတ်သွားတယ်လို့ ကြားဖူးတယ်. . .၊

အဲဒီလို နန်းဆက်ပြတ်သွားပေမဲ့ ဒုတိယညောင်ရမ်းမင်း တရားရဲ့ ဆွေစဉ်မျိုးတစ်ဆက်ဟာ ပွန်တန်ဆာကို ရောက်လာတယ်၊ အဲဒီမင်းဆက်ရှိခဲ့ရင်တော့ သူဟာလည်း အမိက မင်းသားတစ်ပါး ပေါ့၊ ဒါပေမဲ့ မင်းဆက်က ပြတ်သွားတော့ သူဟာ ဘာမှမဟုတ် တော့ဘူးပေါ့၊ ဒါပေမဲ့ အဲဒီလိုပဲ သူနဲ့မောင်နှမအရင်းတော်တဲ့ မင်းသမီးတစ်ပါးဟာ လည်း ပွန်တန်ဆာမြို့ကို ရောက်လာတယ်၊ သူတို့နှစ်ယောက်စလုံးမှာ နန်းစဉ်နန်းဆက်သုံး ရွှေငွေရတနာတွေ အမြောက်အမြားပါလာကြတယ်"





## အခန်း ( ၁၅ )
## ဒေါ်စိန် ဆေးရုံတက်ပြီ

နီဝါးတို့သည် ဘုရားပွဲတော်တစ်ခုပြီးတစ်ခု ရွှေ့ပြောင်းခဲ့ရာ ရွှေစက်တော်ဘုရားပွဲသို့ ရောက်လေ၏။ ထိုဘုရားပွဲတော်တွင် ဒေါ်စိန်ကြီးသည် ချောင်းများ အသည်းအသန်ဆိုးပြီးလျှင် သွေးများ အန်လေတော့၏။ ထိုအခါ ဦးရိုဖုန်းက. . .

"ဒေါ်စိန်ကြီးဟာ ချောင်းဆိုးသွေးပါရောဂါဖြစ်တာ၊ သူ့ကို အမြန် ဆုံး ဆေးရုံပို့မှဖြစ်မယ်၊ အဲဒီလို ဆေးရုံပို့ပြီးလည်း သူ့ကို တစ်ယောက် တည်း ဆေးရုံမှာ ထားခဲ့ရင် အားငယ်ပြီး သေသွားတတ်တယ်၊ အဲဒီ တော့ နီဝါး မင်းက စောင့်ရမယ်နော်"

ဟု ပြောလေ၏။ ထိုအခါ နီဝါးက. . .

"ကျွန်တော်က စောင့်တာဟုတ်ပါပြီ၊ ဒီဆိုင်မှာ ကျွန်တော် အဓိကပဲ လေ၊ ကျွန်တော်မရှိရင် ဘယ်သူလုပ်မလဲ"

ဟု ပြောလိုက်ရာ ဦးရိုဖုန်းက. . .

"ဒီမှာ. . . နီဝါး၊ အဲဒီလို ဘယ်တော့မှ မစဉ်းစားနဲ့ကွ၊ ငါ မရှိရင် မဖြစ်ဘူးမထင်နဲ့၊ လောကကြီးမှာ မင်းလိုလူစားတွေ အများကြီးပဲ၊ မင်းမရှိရင် မင်းနေရာမှာ လုပ်မယ့်သူ ရောက်လာလိမ့်မယ်၊ အဲဒီ တော့ အဲဒါတွေပြောမနေနဲ့၊ ဟိုမှာ သင်ပုန်းအနက်ရှိတယ်၊ 'အကြောင်း ဆရာတစ်ယောက် အမြန်ဆုံးအလိုရှိတယ်'လို့ ရေးပြီး ရှေ့မှာထောင် လိုက်၊ ပြီးရင် ဒေါ်စိန်ကြီးကို ကားငှားပြီး ဆေးရုံ ပို့လိုက်စေတော့၊



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း မကြာမကြာ လာကြည့်ပေးမယ်၊ အရေးကြီးဆုံးကတော့ အဲဒီမိန်းမကြီး အားငယ်မသွားဖို့ပဲ၊ သူ့မှာက ဆွေမျိုးမရှိဘူးလေကွာ၊ အဲဒီတော့ အားပေးစကားပြောတတ်တဲ့ လူလိုတာပဲကွ"

ဟု ပြောလေ၏။

နီဝါးသည် ဒေါ်စိန်ကြီး၏ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းကလေးများကို ခြင်းတောင်းတစ်လုံးတွင် ထည့်၏။ ထို့နောက် ဘုရားပွဲသို့ လာသော ကားတစ်စီးကို ပို့ပေးရန် အကူအညီတောင်း၍ ပို့ခငွေလည်း ပေးလေ၏။ ကားဆရာက လိုက်၍ပို့လေ၏။ ထိုကားမှာ မင်းဘူးမှဖြစ်လေ၏။ နီဝါးသည် ဒေါ်စိန်အား ကားပေါ်တွင် တင်၍ စကုဆေးရုံသို့ ပို့လေ၏။ ဆေးရုံသို့ရောက်လျှင် ဆေးရုံဝန်ထမ်း ကိုချစ်တီးဆိုသူက လိုက်လံအကူအညီပေးသောကြောင့် ဆေးရုံတက်ခွင့်ရလေ၏။ ဆရာဝန်ကြီးသည် ဒေါ်စိန်၏ ရောဂါ အခြေအနေကို မေးမြန်း၍စမ်းသပ်ပြီးလျှင် ဆေးတစ်လုံးထိုးပေးရန် သူနာပြုအားပြောလေ၏။ ထို့နောက် မည်သည့်သောက်ဆေးများ သောက်ရမည်ကို ညွှန်ကြားလေ၏။

အစပထမတွင် 'မိန်းမဆောင်၌ ယောကျ်ားမအိပ်ရ'ဟူသော စည်းကမ်းချက်အရ နီဝါးမှာ အိပ်ခွင့်မရပေ။ သို့ရာတွင် နီဝါးက သက်ဆိုင်ရာအား အကျိုးအကြောင်း ရှင်းပြ၍ အသနားခံသောကြောင့် အိပ်ခွင့်ရလေတော့၏။ အခန်းစောင့် သူနာပြုအမျိုးသမီးတစ်ဦးက နီဝါးအား ဘာတော်သလဲဟု မေးလေ၏။ ထိုအခါ နီဝါးက. . .

"တကယ်ပြောရရင်တော့ ဘာမှမတော်ပါဘူးဗျာ၊ ဒါပေမဲ့ နှစ်ယောက်စလုံးက ဒုက္ခသည်တွေချည်းပဲဆိုတော့ တကယ့်သားအမိလို ဖြစ်နေပါပြီ"

ဟု ရှင်းပြလိုက်လျှင် သူနာပြုက. . .

"ဟဲ့. . . ကောင်လေး၊ နင်ဘယ်အရပ်သားလဲ၊ စကားပြောတာ တရုတ်လို ဝဲနေသလိုပဲ"

ဟု ပြောလေ၏။ ထိုအခါ နီဝါးက ပြုံးလေ၏။





"တကယ်ပြောရရင် ကျွန်တော်ဟာ ဒီကနေ သိပ်မဝေးတဲ့ မြို့ကဗျ၊ စလင်းကဗျ၊ ဒါပေမဲ့ အဲဒီမှာမနေတာ ကြာပါပြီဗျာ၊ တရုတ်ကြီးတစ်ယောက်နဲ့အတူ နေတာကြာလို့ သူ့အသံတွေကူးပြီး ကျွန်တော့်အနေနဲ့ ဝဲသွားတာဖြစ်မှာပါ၊ သူနဲ့အတူနေတော့ ပြောရင်းဆိုရင်းနဲ့ပဲ တရုတ်စကားလည်း ပြောတတ်သွားပါပြီ၊ အမှန်ကတော့ သူက ခေါက်ဆွဲဆိုင်ပိုင်ရှင်၊ ကျွန်တော်က သူရဲ့အလုပ်သမား အကြော်ဆရာလေးပါ"

ဟု ပြောလိုက်လျှင် သူနာပြုဆရာမက. . .

"နေရာကျတာပဲဟယ်၊ တို့ကို ဘာကြော်ကျွေးမလဲ"

ဟု ပြောလေ၏။

"ဒယ်အိုးနဲ့ယောက်မရှိရင် ဘာမဆို ကြော်စားလို့ရပါတယ် ဆရာမရဲ့၊ ဆရာမ ဘာစားချင်လဲ၊ မှိုကန်စွန်းစားမလား၊ ကန်စွန်းပလိန်းစားမလား၊ အစိမ်းကြော်စားမလား၊ တောက်တော်ကြော်စားမလား၊ ကုန်းဘောင်ကြီးကြော်စားမလား၊ ငါးရှဥ့်ချဥ်စပ် စားမလား၊ ငါးရှဥ့်ခြောက်စပ်စားမလား၊ ကြိုက်တာ ပြော၊ ကျွန်တော် အကုန်လုံးလုပ်တတ်တယ်၊ ပြီးတော့ အကင်တွေဘာတွေလည်း ရတယ်နော်၊ အခေါက်ကင် စားမလား၊ အသားကင်စားမလား၊ ဘဲကင်စားမလား အကုန်လုံး ကျွန်တော်ရတယ်နော်၊ ပေါင်းတာလည်းရပါတယ်. . .၊ ဝက်သားပေါင်း စားမလား၊ ထမင်းပေါင်းစားမလား. . .၊ ဟင်းချိုတွေလဲ ကောင်းကောင်းချက်တယ်နော်. . .၊ ဆယ့်နှစ်မျိုးဟင်းချိုသောက်မလား၊ ငါးခေါင်းဟင်းချိုသောက်မလား၊ ကြံဆိုင်ဟင်းချိုသောက်မလား၊ ပြီးတော့ ကြက်ဥကို ပွအောင်လုပ်ပြီး ကြက်ဥနှင်းတောင် အဲဒီပေါ်က ဂဏန်းဟင်းရည် ဆမ်းပြီးစားရတယ်လေ၊ အဲဒါ ကျွန်တော် လုပ်တတ်တယ်၊ စားမလား. . .၊ ဝက်ခြေထောက်စွပ်ပြုတ်၊ ဝက်လက်စွပ်ပြုတ်၊ နံရိုးပေါင်း . . . ဘယ်ဟာစားမလဲ ဆရာမ. . . ကျွန်တော် လုပ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုအခါ သူနာပြုဆရာမက. . .

"တော်ပါတော့ ကောင်လေးရယ်၊ နင်ပြောတာတွေ ကြားရတာ ငါ့အနေနဲ့ ခေါက်ဆွဲဆိုင်ထဲ ရောက်သွားသလိုပဲ၊ နင် ပြောတာတွေ တစ်ခုမှ စားလို့မရဘူးဟဲ့၊ ငါက ဝက်သားစားလို့မရဘူး၊ ငါတို့ဘာသာက ဝက်သားကို အပြင်းအထန် ကန့်ကွက်ထားတယ်ဟဲ့. . .၊ ငါ့နာမည်လဲ မေးကြည့်ဦးလေ. . .'ရှာရာဇတ်ဘီဘီ'တဲ့"

ဟု ပြောလိုက်လျှင် နီဝါးက. . .

"တောင်းပန်ပါတယ် ဆရာမရယ်၊ ကျွန်တော် မသိလို့ ပြောမိတာပါ။ ကျွန်တော်က ခေါက်ဆွဲဆိုင်မှာသာ လုပ်တာ ဆရာမရယ်၊ ဝက်သားကို အလွန်မုန်းတယ်၊ ဝက်ဆိုတဲ့အသံကို ကြားကို မကြားချင်ဘူး၊ တစ်ဝက်ပေးပါဆိုတဲ့ ကိစ္စမျိုးမှာ 'ဝက်'ဆိုတဲ့ အသံပြောရမှာစိုးလို့ တစ်ခြမ်းပေးပါလို့လည်း ပြောတယ်၊ အဲဒီတော့ ဆရာမနဲ့ ကျွန်တော်နဲ့အတူတူပါပဲလေ၊ ဝက်နဲ့မပတ်သက်ချင်တဲ့ လူတွေပေါ့"

ဟု ပြောလိုက်ရာ ဒေါ်စိန်က နီဝါးအား မျက်လုံးပြူး၍ လက်သီးကိုဆုပ်ပြလေ၏။ ဆရာမ ထွက်သွားသောအခါ၌ နီဝါးက ဒေါ်စိန်နားကိုကပ်၍. . .

"ဘာဖြစ်လို့ ဒေါ်စိန် ကျွန်တော့်ကို မျက်လုံးပြူးပြ၊ လက်သီး ဆုပ်ပြလုပ်ရတာလဲ"

ဟု မေးလိုက်ရာ ဒေါ်စိန်က. . .

"နင် မဟုတ်တာတွေ လျှောက်ပြောနေတာကိုး၊ ဟိုရှာရာဇာတ်ဆိုတဲ့ ဆရာမကို နင်လိမ်နေတာလေ၊ နင် ငါနဲ့စပြီးတွေ့တုန်းက ဒီဆိုင်မှာနေရင် ဝက်သားစားမလားဆိုပြီး မေးတာလေ. . .၊ မေ့သွားပြီလား ပြိတ္တာလေး၊ နင့်လောက် ဝက်သားကြိုက်တဲ့ကောင် နင်ပဲရှိတယ်၊ တစ်ဝက်ဆိုတဲ့စကားတောင် ဝက်ပါလို့ မပြောဘူးတဲ့၊ တခြမ်းလို့ပဲ ပြောတယ်တဲ့. . .၊ အတော်လာတဲ့ကောင်. . .၊ လျှာအရိုးမရှိတဲ့ ပြိတ္တာ"

ဟု ပြော၍ ခေါင်းကို အသာအယာခေါက်လိုက်လေ၏။ ထိုအခါ နီဝါးက. . .





"အဲဒါ ဒေါ်စိန်တို့ခက်တာပေါ့၊ ကျွန်တော့်ဆရာ ဦးရိုဖုန်းက လူတွေနဲ့ လိုက်လျောညီထွေရှိရမယ်တဲ့၊ သူက ဝါးလုံးဆိုရင် ကိုယ်က ဝါးခြမ်း မလုပ်ရဘူးတဲ့၊ သူက အမည်းဆိုရင် ကိုယ်က အဖြူမလုပ်ရဘူးတဲ့ တစ်သားတည်းဖြစ်အောင် ပေါင်းလိုက်တာလေ၊ သူက ဝက်သား မစားဘူးဆိုတော့ ကျွန်တော်က ဝက်သားကို မုန်းပြလိုက်တာလေ၊ အဲဒါကို ဒေါ်စိန်က သဘောမပေါက်တော့ခက်တာပေါ့"

ဟု ပြောလိုက်ချိန်၌မှာပင် ဦးရိုဖုန်းက ရောက်လာလေ၏။

ဦးရိုဖုန်းသည် နီဝါးအား စကြိုလမ်းဆီသို့ခေါ်၍ သွားလေ၏၊ ထိုနေရာသို့ ရောက်လျှင်. . .

"ဘယ်လိုလဲ . . . နီဝါး၊ ဒေါ်စိန်ကြီးအခြေအနေ ပြောပြပါဦး"

ဟု မေးလေ၏။

"သက်သာပါတယ် ဦးရိုဖုန်း၊ ဆရာဝန်ကြီး 'ရောင်း'လှည့်လာပြီး ဆေးတစ်လုံးထိုးဖို့ မှာသွားတယ်၊ သောက်ဆေးတွေလည်း သောက်ဖို့ ညွှန်ပြသွားတယ်၊ ဆေးလည်းထိုးပြီးပြီ၊ သောက်စရာရှိတာတွေလည်း တိုက်ပြီးပြီ၊ သွေးအန်တာလည်း ရပ်သွားပါပြီ၊ အဲဒါက အရေးမကြီးဘူး၊ ဆိုင်မှာ ကြော်ဖို့ လှော်ဖို့ ဘယ်လိုလုပ်ထားသလဲ"

ဟု မေးလိုက်ရာ ဦးရိုဖုန်းက. . .

"အော်ကော်ကဆိုတဲ့ တရုတ်ကပြားတစ်ယောက် ရောက်လာတယ်ကွ၊ သူက ကောင်းကောင်း ကြော်တတ်ပါတယ်၊ ဆိုင်မှာ အကြော်ဆရာအဖြစ် လုပ်တယ်၊ လက်ဖက်ရည်နဲ့ စီးကရက်ကိုတော့ အတော့်ကို ကြိုက်တဲ့ကောင်ကွ၊ အနားမှာ လက်ဖက်ရည်ကို ဓာတ်ဘူးနဲ့ ထည့်ထားတယ်၊ စီးကရက်ဘူးကိုလည်း မီးခြစ်နဲ့တင်ထားတယ်ကွ၊ မျက်စိကလဲ မှုန်တော့ မှန်ဝိုင်းဝိုင်းသေးသေးလေးနဲ့ မျက်နှာကိုတပ်တယ်ကွ၊ သူ့မျက်စိကလဲ အဲဒီမျက်မှန်မပါရင် လုံးဝမမြင်ရသလိုပဲ ပဲကွာ၊ ချိတ်ထားတဲ့ အခေါက်ကင်ပြားကြီးကိုတောင် သူက မမြင်ဘူးကွ. . .၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဟိုတစ်နေ့က ဆိုင်ထဲမှာ ခေါက်ဆွဲဝင်စားတဲ့ မိန်းမ တစ်ယောက်ရဲ့ မျက်နှာမှာ မှဲ့ရှိတာကိုတော့ မျက်မှန်မပါဘဲ ပြောနိုင် တယ်ကွ. . .၊ ဘယ်လိုသတ္တဝါလဲ မသိပါဘူးကွ. . .၊ လူကတော့ ခပ်ဆန်းဆန်းပဲ၊ ဟိုတစ်နေ့ကလဲ ဆိုင်ထဲကို ဘုန်းကြီးသုံးပါး ကြွလာ တာကို သူကရိုးရိုးစကားနဲ့မမေးဘူး၊ အရှင်ဘုရားတို့ ဘာများဘုဉ်း ပေးကြမလဲ ဆိုတာကို ပါဠိလိုမေးတာ ကိုယ့်လူရေ. . .၊ အဲဒီ ဘုန်းကြီး သုံးပါးထဲက ဘုန်းကြီးတစ်ပါးက လည်း ပါဠိလို တော်တော်ကျွမ်းတာ ဟေ့၊ သူ့ကို ပါဠိလိုပဲ ပြန်ပြီးဖြေတယ်၊ ခေါက်ဆွဲကို တရုတ်လို ကြော်ပါတဲ့၊ ဂေါ်ရင်ဂျီ မဆလာဖြူးပေးပါတဲ့၊ ကြော်တဲ့အခါ ဝက်သား နဲ့ဝက် လုံးဝမ ပါပါစေနဲ့၊ ဘဲသားနဲ့ ကြော်ပေးပါတဲ့၊ ဟင်းချိုကိုလည်း မီးဖိုဘေး နားက တည်ထားတဲ့ ဝက်ရိုးပြုတ်ရည်တွေနဲ့ မလုပ်ပါနဲ့၊ ရေသန့်ဘ သန့်နဲ့ လုပ်ပေးပါတဲ့၊ အဲဒီလိုပြောတာ၊ အဲဒါကို ဘုန်းကြီးတွေ ပြန်ကြွသွားမှ အော်ကောက် ပြောပြတာပါ"

ဟု ပြောလေတော့သတည်း။





အခန်း ( ၁၆ )

## နီဝါး၏ ကုန်းဘောင်ကြီးကြော်

နီဝါးသည် ဒေါ်စိန်ဆေးရုံတက်နေစဉ်အတွင်း ဒယ်အိုးတစ်လုံးနှင့် ယောက်မတစ်လက်ကို ဝယ်ကာ ဆေးရုံမီးဖိုသို့ ဝင်လေ၏။ ပြီးလျှင် လူမမာ ဖြစ်သော ဒေါ်စိန်အတွက်လည်းကောင်း၊ တာဝန်ကျသော ဆရာမများအတွက် လည်းကောင်း ချက်ပြုတ်ကြော်လှော်၍ ကျွေးလေ၏။ ထိုစားစရိတ်ကိုလည်း ဦးရိုဖုန်းက ထုတ်ပေးလေ၏။

အစပထမတွင် ဆရာမလေးများသည် မစားကြပေ၊ နောင်တွင် နီဝါး နှင့် ရင်းနှီးလာကာ မြည်းစမ်းကြည့်ကြလေ၏။ မိခင်လူမမာကို လာစောင့် သော လူနာစောင့် မမာထွေးဆိုသည့် မိန်းကလေးမှာလည်း နီဝါးကျွေးသော ဟင်းလျာများကို စားလေ၏၊ မာမာထွေးသည် နီဝါးထက် အသက်အရွယ် အားဖြင့် အနည်းငယ်ကြီး၏၊ ထို့ကြောင့် နင်၊ ငါနှင့်ပင် ပြောလေ၏။

"ဟဲ့. . . နီဝါး၊ နင် မနက်ကကျွေးတဲ့ ဟင်းက ဘာဟင်းလဲဟယ်၊ ကောင်းလိုက်တာ"

ဟု မာမာထွေးက မေးလိုက်လေ၏။ ထိုအခါ နီဝါးက. . .

"အဲဒါ ကုန်းဘောင်ကြီးကြော်ခေါ်တယ် မမထွေးရဲ့"

ဟု ပြန်၍ ပြောလေ၏။ မာမာထွေးသည် ခပ်တွေတွေ ဖြစ်သွားပြီးနောက်

"ကောင်းကောင်းပြောစမ်းပါ နီဝါးရယ်. . .၊ ငါက မသိလို့ပါ၊ ကုန်းဘောင်ဆိုတာ ရာဇဝင်မဟုတ်လား၊ ဘယ့်နှယ့် ဟင်းဖြစ်သွား ရတာလဲ" ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကို ကျွန်တော်က နောက်တာမဟုတ်ပါဘူး၊ ဝက်သားရယ်၊ ကြက်သွန်ဥကြီးရယ်၊ ငရုတ်ပွကြီးတွေရယ်ကို ရောပြီးကြော်တဲ့ဟင်းကို ခေါက်ဆွဲဆိုင်မှာ ကုန်းဘောင်ကြီးကြော်လို့ ခေါ်တယ်. . .၊ အဲဒီလိုခေါ်တာလည်း မြန်မာစကားဟုတ်ချင်မှ ဟုတ်မှာပေါ့၊ တရုတ်စကားဖြစ်ချင်ဖြစ်မှာပေါ့၊ အစ်မပြောသလို ရာဇဝင်တော့မဟုတ်ပါဘူး"

ဟု နီဝါးက ပြောပြီးလျှင် နှစ်ယောက်သား ရယ်မောလေ၏။

နီဝါးနှင့် မာမာထွေးတို့သည် ရင်းနှီးသွားကြလေ၏။ မာမာထွေးသည် အပြင်သို့ထွက်၍ ဆေးဝယ်ရမယ့်ကိစ္စများကို နီဝါးကိုပင် အကူအညီတောင်း၍ ဝယ်ခိုင်းလေ၏။ နီဝါးလည်း မညည်းမညူ ဝယ်၍ပေးလေ၏။ အမှန်စစ် မာမာထွေးတို့သည် ထိုမြို့က မဟုတ်ကြပေ။ ဘုရားဖူးသလာရင်း မိခင်ဖြစ်သူ ရုတ်တရက် နေထိုင်မကောင်း ဖြစ်သောကြောင့် ဆေးရုံသို့ရောက် လာခြင်းဖြစ်၏။ မိခင်ကြီး နေထိုင်ကောင်းမှပင် နေရပ်သို့ပြန်ရမည်ဖြစ်၏။ အသိအကျွမ်း မရှိ၍ အခက်အခဲတွေ့နေစဉ်အတွင်း နီဝါးနှင့် သိကျွမ်းခွင့်ရသောကြောင့် လွန်စွာ စိတ်အားတက်ကြွသွားလေ၏။ လူနာအတွက် လုပ်ကိုင် ပေးစရာမရှိပဲ အားလပ်ချိန်များ၌ မာမာထွေးသည် နီဝါးနှင့် ထိုင်၍စကား ပြောနေတတ်သည်။ နီဝါးမှာလည်း ဦးရီဖုန်း ပြောပြသော ရယ်စရာပုံပြင်များကို မာမာထွေးအား ပြန်၍ ပြောပြလေ၏။ မာမာထွေးသည် တစ်ခစ်ခစ် ရယ်လေ၏။ ထို့ကြောင့် ဆေးရုံမှ ဆရာမများက

"ကောင်မလေးနဲ့ ကောင်လေး၊ တစ်ခစ်ခစ်နဲ့ ဘာတွေများ သဘောကျနေကြသလဲ"

ဟု မေးတတ်ကြလေ၏။ ထိုအခါ မာမာထွေးက. . .

"မဟုတ်ပါဘူး ဆရာမရယ်၊ နီဝါးက ထွေးကိုပုံပြောပြတယ်၊ သူ့ပုံက ရယ်စရာသိပ်ကောင်းတာပဲ၊ အဲဒါကို နားထောင်ပြီး ရယ်နေတာပါ"

ဟု ပြန်၍ ဖြေလျှင် ကြားသော ဆရာမများက. . .





"ထွေးရယ်တာကိုကြည့်ပြီး တို့တောင် ရယ်ချင်လာပြီ၊ ဘယ်လိုပုံမျိုးလဲဟယ်၏၊ တို့ကို ပြောပြပါဦး"

ဟု ပြောလိုက်ရာ နီဝါးက. . .

"မမထွေးပျင်းနေမှာစိုးလို့ ကျွန်တော်တော့က ပုံပြင်ပြတာပါ၊ ပုံတွေက အများကြီးပေါ့"

ဟု ပြောလေ၏။

"အများကြီးမပြောပါနဲ့ တစ်ပုဒ်တည်း ပြောပြ"

ဟု ဆရာမများက ပြောလေ၏။

အမှန်စင်စစ်အားဖြင့် ဆရာမများသာမဟုတ် အခြားသော လူနာစောင့်အမျိုးသမီးများကပါ နီဝါးအား မရမက ပြောခိုင်းလေ၏။ ထို့ကြောင့် နီဝါးက. . .

"ချူကင်းမြို့ရဲ့ ရပ်ကွက်ကြီးတစ်ကွက်မှာ အိမ်ချင်းကပ်နေတဲ့ အိမ်နှစ်အိမ်က ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ဟာ ကစားဖော်ကစားဖက် သူငယ်ချင်းတွေဖြစ်ကြတယ်၊ နှစ်ယောက်စလုံးဟာ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်လေးတွေပဲ ရှိသေးတယ်၊ တစ်ယောက်နဲ့တစ်ယောက် အလွန်ကိုခင်မင်ကြတဲ့ ကစားဖက်တွေဖြစ်ကြတယ်၊ ယောကျ်ားလေးနာမည်က 'ကောက်တွဲ'တဲ့၊ မိန်းကလေးနာမည်က 'ကျင်ကီ'တဲ့၊ တစ်နေ့မှာ ကောက်တွဲက ကျင်ကီကို "ကျင်ကီ နင့်ကိုငါတစ်ခုပြောမယ်. . .၊ နင်တို့ငါတို့ဟာ အိမ်နီးချင်း ကစားဖော်သူငယ်ချင်းတွေ ဖြစ်တယ်၊ ကစားရတာလည်း သိပ်ပြီး ပျော်တယ်မဟုတ်လား၊ ငှက်ရုပ်ကလေးတွေနဲ့ ကစားတယ်၊ အိုးလေးတွေနဲ့ထမင်းချက်တမ်း ကစားတယ်၊ တီကောင်တွေဖမ်းပြီး တစ်ယောက်ကိုတစ်ယောက် တို့ကြမတယ်၊ ငါသိချင်တာကတော့ တို့ကတော့ ဒီလိုကစားတယ်၊ နင်တို့ အစ်မအရွယ်၊ ကိုယ့်အစ်ကိုအရွယ် သူငယ်ချင်းတွေကျတော့ ဘယ်လိုကစားကြလဲမသိဘူး၊ တို့လိုလည်း တစ်ယောက်နဲ့ တစ်ယောက် တီကောင်နဲ့ တို့ကြဘူး၊ အဲဒါကို သိပ်ပြီး သိချင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ကျောင်းကဆရာမကတော့ ကိုယ်မသိတာကို လေ့လာရမယ်တဲ့၊ ငါဘယ်မှာသွားပြီး လေ့လာရမလဲ. . . ”

လို့ ပြောလိုက်တယ်။

အဲဒီမှာ ကျင်ကီက. . .

“အဲဒီအတွက် မပူနဲ့ဟင်၊ မနက်ဖြန်ကျရင် တို့တစ်အိမ်လုံး ပီကင်းမြို့ကို သွားကြမယ်. . .၊ ငါ့အစ်မနဲ့ ငါနဲ့ပဲ အိမ်မှာကျန်ခဲ့မှာ. . .၊ ငါ့အစ်မကလည်း အဲဒါကြောင့် သူ့ရဲ့ယောက်ျားလေး သူငယ်ချင်းကို အိမ်ကိုလာဖို့ မှာထားလိုက်ပြီ၊ သူတို့နှစ်ယောက်ဟာ တို့အိမ်မှာ ကစားကြမှာပဲလေ. .၊ သူတို့ဘယ်လိုကစားကြသလဲ၊ ငါတို့လိုပဲ တစ်ယောက်နဲ့တစ်ယောက် တီကောင်နဲ့ တို့ပြီးကစားကြသလား၊ အိုးလေးတွေ ခွက်လေးတွေနဲ့ပဲ ကစားကြသလား လိပ်ပြာလေးတွေ လိုက်ပြီး ဖမ်းသလား ဆိုတာ ကို အသေအချာ သိရမှာပဲ”

လို့ ပြောလိုက်တဲ့အခါ ကောက်တွဲက. . .

“အေး. . . ကောင်းပြီ နင် သေချာချောင်းပြီး ကြည့်ထား၊ ပြီးရင် ငါ့ကို ပြန်ပြောပြနော်”

လို့ မှာထားလိုက်တယ်။

နောက်တစ်နေ့ မနက်အစောကြီးမှာ ကျင်ကီတို့အိမ်က လူကြီးတွေ အားလုံး ပီကင်းမြို့ကို သွားကြတယ်။ မိုးလင်းတဲ့အခါမှာတော့ ကျင်ကီအမရဲ့ ယောက်ျားလေးသူငယ်ချင်းဟာ အိမ်ကိုရောက်လာတယ်။ အဲဒီနေ့တစ်နေ့လုံး ကျင်ကီဟာ ကောက်တွဲနဲ့ ကစားဖို့ ရောက်မလာဘူး၊ ညနေကျတော့ ကျင်ကီ အစ်မရဲ့ယောက်ျားလေး သူငယ်ချင်းဟာ ပြန်သွားတယ်၊ အဲဒီတော့ ကျင်ကီဟာ ကောက်တွဲဆီကို ရောက်လာတယ်။

အဲဒီတော့ ကောက်တွဲက. . .

“ကျင်ကီ. . . နင်တစ်နေ့လုံး ငါ့ဆီမလာပါလား၊ ဒါကြောင့် ငါတော့ ယောဟိုချောင်းထဲက ရွှေငါးလေးတွေကို တစ်ယောက်တည်း သွားပြီး ဖမ်းနေရတယ်”





လို့ ပြောလိုက်တယ်။ အဲဒီတော့ ကျင်ကီက. . .

“ဟဲ့. . . ကောက်တွဲ၊ နင့်ကို ငါမနေ့က ပြောခဲ့တာပဲ၊ တို့အစ်မနဲ့ သူ့ယောက်ျားလေးသူငယ်ချင်း ဘယ်လိုကစားကြသလဲ ဆိုတာကို ငါချောင်းကြည့်မယ်ဆိုတာ နင်မေ့သွားပြီလား”

လို့ ပြောလိုက်တယ်၊ အဲဒီတော့မှ ကောက်တွဲဟာ. . .

“အေး. . . ဟုတ်ပြီ. . . ဟုတ်ပြီ၊ နင်ဘယ်လိုတွေ့ခဲ့ရသလဲ၊ ပြောပြပါဦး”

ဟု ပြန်မေးလိုက်တယ်။ အဲဒီတော့ ကျင်ကီက. . .

“ငါ့အစ်မနဲ့ သူ့ရဲ့ယောက်ျားလေး သူငယ်ချင်းတွေ့တဲ့အခါမှာ ငါက ကုလားထိုင်နှစ်လုံးကြားကနေ ချောင်းကြည့်နေတာ၊ သူတို့နှစ်ယောက်ဟာ အားရဝမ်းသာ နှုတ်ဆက်ကြတယ်၊ ပြီးလည်း ပြီးရော ဘယ်လိုဖြစ်သွားတယ် မသိပါဘူးဟယ်. . .၊ သူတို့နှစ်ယောက်လည်း ရာသီဥတု ချက်ချင်းပြောင်းသွားတယ်၊ အိုက်စပ်စပ်ဖြစ်နေတဲ့ အချိန်ကြီး နော်. . .၊ အဲဒီအချိန်မှာ သူတို့နှစ်ယောက်ဟာ အချမ်းပြေဟာ တအားကြီးဖက်ထားကြတယ်၊ တို့ကျောင်းမှာ ဆရာမသင်တဲ့ ရာသီဥတု ရုတ်တရက် ပြောင်းလဲခြင်းဆိုတာ နင် မှတ်မိသေးလား . . . အဲဒါဖြစ်မှာပေါ့ဟယ်”

လို့ ကျင်ကီက ပြောလိုက်တယ်၊

“သူတို့နှစ်ယောက်ဟာ ချမ်းလွန်းလို့ တစ်ယောက်ကို တစ်ယောက် အရိုးတွေ ကွဲလုမတတ် ဖက်ထားကြတယ်၊ ငါ့အစ်မလဲ ချမ်းတာပါပဲ၊ ဒါပေမဲ့ သူ့ရဲ့ယောက်ျားလေး သူငယ်ချင်းက သူ့ထက် ပိုချမ်းတယ်၊ အဲဒါကို ငါဘယ်လိုလုပ်သိသလဲဆိုတော့ ယောက်ျားလေး သူငယ်ချင်းက လူ့လက်တွေကို ချမ်းလွန်းလို့ အပြင်ကို မထားနိုင်တော့ဘူး၊ ငါ့အစ်မရဲ့အင်္ကျီအောက်မှာ သွားပြီး ဝှက်ထားရှာတယ်”

နီဝါးပြောသောပုံ ထိုနေရာအရောက်တွင် နားထောင်နေသူအပေါင်းသည် ဝါးခနဲ ရယ်မောကြလေ၏။ ထိုအချိန်၌ ဆရာဝန်ကြီး ရွှေစင်းလှည့်



www.burmeseclassic.com

www.burmeseclassic.com



လာသည်နှင့် ကြုံကြိုက်သွားသောကြောင့်. . .

"ဆေးရုံမှာ ဒီလို ကျယ်ကျယ်လောင်လောင် မရယ်ရဘူး၊ လူနာတွေကို အနှောင့်အယှက် ဖြစ်မယ်"

ဟု ပြောလေ၏။ အခြားသော လူနာစောင့်များသည် နီဝါးကိုတွေ့လျှင်. . .

"ဟဲ. . . နီဝါး ချမ်းနေပြီလား၊ ချမ်းလျှင် ထွေးထွေးဆီကို သွား"

ဟု ပြောဆို နောက်ပြောင်ကြလေ၏။

ထိုအချိန်မျိုး၌ မာမာထွေး၏ မျက်နှာသည် ရှက်သွေးများ ဖြန်းကာ နီရဲသွားတတ်လေ၏။

ထိုအဖြစ်အပျက်များဖြစ်ပွားပြီး ခုနစ်ရက်ခန့်အကြာတွင် မာမာထွေး၏မိခင်ကြီး ကျန်းမာလာပြီဖြစ်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရလေ၏။ ထိုအခါ၌ မာမာထွေးက လက်ကိုင်ပုဝါအဖြူလေးတစ်ထည် နီဝါးအား လက်ဆောင်ပေးလိုက်လေ၏။ နီဝါးသည် ထိုလက်ကိုင်ပုဝါလေးကို ကြည့်လိုက်ရာ ထောင့်လေးတွေ ချည်အနီရောင်ဖြင့် 'ထွေး'ဟူသော စာလုံးလေးတစ်လုံး ချုပ်ထားသည်ကို တွေ့ရလေ၏။ နီဝါးသည် လက်ကိုင်ပုဝါလေးရလျှင် ရချင်း ဝမ်းသာ၍ နမ်းရှုပ်လိုက်လေ၏။ သူ၏တစ်သက်တာတွင် ယခုကဲ့သို့ လက်ဆောင်ပေးသူဟူ၍ မရှိခဲ့ပေ။ ယခုအခါ၌ အမှတ်တရလက်ဆောင် ပေးခြင်းခံရသောကြောင့် သူ၏စိတ်တွင် ပျော်၍သွားခြင်းဖြစ်၏။

"ငါက နင့်ကို လက်ကိုင်ပဝါလေး လက်ဆောင်ပေးတယ်၊ နင်က ငါ့ကို ဘာလက်ဆောင်ပေးမလဲ"

ဟု မာမာထွေးက မေးလေ၏။

ထိုအခါ နီဝါးက. . .

"မာမာထွေးကို ကျွန်တော်လက်ဆောင်တွေ ပေးတာ များပြီလေ၊ ကုန်းဘောင်ကြီးကြော်တွေက ကျွန်တော့်လက်ဆောင်ပေါ့. . ."

ဟု ပြောလိုက်လေ၏။

ထိုအခါ မာမာထွေးသည် နီဝါး၏ စကားကို သဘောကျ၍ ဟက်ဟက်ပက်ပက် ရယ်လိုက်လေ၏။





ထိုအချိန်မှာပင် ၎င်းတို့အနီးသို့ ဦးရီဖုန်း ရောက်လာ၏။

ထို့ကြောင့် ဦးရီဖုန်းက. . .

"ဆေးရုံမှာ ဒီလိုအကျယ်ကြီးမရယ်ရဘူးနော်. . .၊ ဆရာဝန်ကြီးကြားသွားရင် ဆူလိမ့်မယ်"

ဟု ပြောလေ၏၊ ထို့ကြောင့် မာမာထွေးက. . .

"အကျယ်ကြီးရယ်တာမဟုတ်ပါဘူး . . . ဦးရီဖုန်းရယ်၊ ရယ်တုန်းကတော့ တိုးတိုးပါပဲ၊ နောက်မှ အကျယ်ကြီးဖြစ်သွားတာ"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ဦးရီဖုန်းက. . .

"အေး. . . ဒီလိုပဲ၊ လူတွေဟာလည်း အချစ်ဆိုတာ အစ ပထမှာ သေးသေးလေးပါ နောက်တော့ အကြီးကြီးဖြစ်သွားတတ်တယ်"

ဟု ပြောလိုက်ပြီး ဦးရီလည်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ထို့အတူ မာမာထွေးနှင့် နီဝါးတို့သည်လည်း ထိုစကားကို ရယ်မောကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



မယ်သီလရှင်လူထွက်ဘဝနဲ့ ပြွန်တန်ဆာ မင်းသမီးကြီးတစ်ပါးဆီမှာ နေခဲ့တယ်လို့ပြောခဲ့တယ် မဟုတ်လား၊ အဲဒီမင်းသမီးကြီးက တစ်နေ့မှာ ငါ့ကို သစ္စာရေတိုက်ပြီးတော့ ပြွန်တန်ဆာသချိုင်းထဲကို ညကြီးသန်းခေါင်ခေါ် သွားတယ်ဟဲ့၊ အဲဒီ မှာ သူ့အစ်ကိုရဲ့ အုတ်ဂူလေးရှိတယ်၊ အဲဒီအုတ်ဂူကိုဖောက်လိုက်တယ်၊ ငါက ဖောက်ပေးရတာပေါ့ဟယ်၊ အဲဒီအုတ်ဂူပေါက်လည်း သွားရော အထဲမှာက တွင်းထူးပြီးစနစ်တကျ ထည့်ထားတဲ့ သေတ္တာ ကို တွေ့ရတယ်. . .၊

အဲဒီသေတ္တာကိုထုတ်ပြီး သူက ကြည့်တာ၊ အဲဒီအထဲမှာ ရွှေတွေ၊ ကျောက်သံပတ္တမြားတွေ မနည်းဘူးဟဲ့၊ သူရဲ့အစ်ကိုနဲ့ သူ တိုင်ပင်ကြီး အဲဒီထဲမှာ ဝှက်ထားခဲ့တာ၊ အခုတစ်ခါ သူပိုင်တဲ့ပစ္စည်း တွေ အဲဒီထဲမှာပဲ ထပ်ပြီးဝှက်တာဟဲ့၊

အဲဒီဝှက်တဲ့ဂူဟာ သချိုင်း ဟောင်းမှာနော်၊ အခုသချိုင်းသစ်မှာ မဟုတ်ဘူး၊ အဲဒီဂူမှာ ငါသိ သလောက်တော့ စာရှိတယ်ဟဲ့၊ ညောင်ရမ်းမြို့နဲ့ ပြွန်တန်ဆာမြို့ကို တွဲပြီးအုပ်ချုပ်ရတဲ့ မြို့ဝန်ကြီးလို့ အမိဖွာယ်ရတဲ့ စာပါတယ်"

"သူက ဝါးလုံးဆိုရင် ကိုယ်က ဝါးခြမ်း မလုပ်ရဘူးတဲ့၊ သူက အမည်းဆိုရင် ကိုယ်က အဖြူမလုပ်ရဘူးတဲ့ တစ်သားတည်းဖြစ်အောင် ပေါင်းလိုက်တာလေ၊ သူက ဝက်သား မစားဘူးဆိုတော့ ကျွန်တော်က ဝက်သားကို မုန်းပြလိုက်တာလေ၊ အဲဒါကို ဒေါ်စိန်က သဘောမပေါက်တော့ခက်တာပေါ့"

"အကျယ်ကြီးရယ်တာမဟုတ်ပါဘူး . . . ဦးရိဖုန်းရယ်၊ ရယ်တုန်းကတော့ တိုးတိုးပါပဲ၊ နောက်မှ အကျယ်ကြီးဖြစ်သွားတာ"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ဦးရိဖုန်းက. . .

"အေး. . . ဒီလိုပဲ၊ လူတွေဟာလည်း အချစ်ဆိုတာ အစ ပထမှာ သေးသေးလေးပါ နောက်တော့ အကြီးကြီးဖြစ်သွားတတ်တယ်"





## အခန်း ( ၁၇ )
## ဒေါ်ထားထား ရောက်ရှိလာခြင်း

ဒေါ်စိန်ကြီးလည်း ကျန်းမာလာပြီဖြစ်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရလေ၏၊ ထိုသို့ ဆေးရုံမှ ဆင်းခွင့်ရသောအခါ၌ ဦးရိဖုန်း၏ ရွှေမြင်းခေါက်ဆွဲဆိုင်တွင်ပင် ခေါ်၍ထားရလေ၏။ ထိုအခါ၌ ဦးရိဖုန်းက နီဝါးအား. . .

"တစ်နေရာတည်းမှာ ဇောက်ချပြီးနေရမယ်ကွ၊ ဒီလို . . . နီဝါးရဲ့၊ ဒေါ်စိန်ကြီး ဘာကြောင့် မကျန်းမမာ ဖြစ်သလဲ မင်းသိလား"

ဟု မေးလိုက်လေ၏။

ထိုအခါ နီဝါးက. . .

"အလုပ်ပင်ပန်းလို့ နေမှာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ဦးရိဖုန်းက. . .

"မဟုတ်ဘူးကွ၊ သူ တို့ဆိုင်မှာ ဘာများ ပင်ပင်ပန်းပန်း လုပ်ရလို့လဲ၊ တကယ်ဖြစ်တာက ခရီးပန်းလာတာကွ၊ လူကြီးဖြစ်လာရင် ခရီးပန်းမခံနိုင်တော့ဘူး၊ ဟိုရွှေ့ဒီရွှေ့ ဟိုပြောင်းဒီပြောင်း ဆိုရင် နေမကောင်းဖြစ်တော့တာပဲ၊ အဲဒါမျိုးတွေက အဆင်မသင့်ရင် သေတတ်တယ်ကွ"

ဟု ပြောလိုက်လေ၏၊ ထိုအခါ နီဝါးက. . .

"ဦးရိဖုန်းပြောတာ ဟုတ်မှာပါလေ"

ဟု ပြောလိုက်လေ၏၊

"ဟုတ်မှာပါ မလုပ်နဲ့ ငါ့လူရေ. . .၊ ငါ့အသက်ကလည်း ပျော်တော့တာမဟုတ်ဘူး၊ အခု ခရီးဆက်တိုက်သွားနေရင် ငါလည်း ဘယ်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့မလဲကွာ. . .၊ အဲဒီတော့ အထိုင်အထလေး စဉ်းစားရမယ်၊ ပြီးတော့. . .”

ထိုအခါကျမှပင် ဒေါ်စိန်သည် မှတ်မိသွားလေ၏။

“အမယ်လေး . . . ထားထားရယ်၊ မတွေ့ရတာကြာတော့ သေပြီတောင် အောက်မေ့နေတာ”

ဟု ဒေါ်စိန်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ထားထားဆိုသော မိန်းမကြီးကလည်း. . .

“ကွဲသွားကြတာကြာပြီနော်၊ အဲဒီ အချိန်ကာလအတွင်းမှာပဲ ထားထားရဲ့ အခြေအနေဟာလေ လှိုင်းစီးနေရသလိုပါပဲ၊ မြင့်သွားလိုက် နိမ့်သွားလိုက်နဲ့ အမျိုးမျိုးအဖုံဖုံဖြစ်ခဲ့တာပဲ၊ အခုတော့ အေးသွားပါပြီ၊ စားနိုင်တယ်၊ သောက်နိုင်တယ်၊ လှူနိုင်တန်းနိုင်တယ်၊ ဘုရားဖူးဆိုလည်း သူများသွားသလို သွားနိုင်တာပဲ”

ဟု အားရပါးရ ပြောလေတော့၏။

ထိုအခါ ဒေါ်စိန်က. . .

“ထားထားရယ်၊ နင့်ဘဝက မြင့်လိုက် နိမ့်လိုက်ဖြစ်သေးတယ်၊ ငါ့ဘဝကတော့ တစ်ခါမှ မမြင့်ပါဘူး၊ နိမ့်လိုက် နိမ့်လိုက်ပါပဲ၊ ဘယ်လောက်တောင် ဖြစ်သွားသလဲဆိုရင် သူတောင်းစားတောင် ဖြစ်သွားသေးတယ်”

ဟု ပြောကာ ရယ်လေတော့၏။

ထိုအခါ ထားထားဆိုသော မိန်းမကြီးက. . .

“နေပါဦး. . . အခု ဒီခေါက်ဆွဲဆိုင်က စိန်စိန့်ခေါက်ဆွဲဆိုင်လား၊ ဟိုတရုတ်ကြီးက စိန်စိန့် ယောကျ်ားလား၊ ဟိုမှာ ပေသီးနဲ့စာရင်းတွက်နေတဲ့ ကောင်လေးက စိန့်စိန့်သားလား”

ဟု မေးလေတော့၏။

ထိုစကားကို ဦးရိဖုန်း ကြားသွားသဖြင့်. . .





“အိုးစွပ်မစား ခွက်စွပ်မစားဗျာ. . .၊ ဘယ့်နှယ့် . . . ဒေါ်စိန်ယောကျ်ား ဖြစ်ရမှာ. . .၊ ဒေါ်စိန်က ကျုပ်ထက် ကြီးတယ်၊ သူ့ထက်ငယ်တဲ့ မိန်းမဆိုရင်တော့ ယူလို့ဖြစ်ပါသေးတယ်”

ဟု ပြောကာ သူ့စကားကို သူ့ဘာသာသူ သဘောကျ၍ တဟားဟား ရယ်လေ၏။

ထိုအခါ ထားထားဆိုသော မိန်းမက. . .

“မသာတရုတ် ငါ့ဘက်လှည့်လာပြီ”

ဟု ပြောလိုက်လေ၏။

“ရယ်စရာပြောတာပါဗျာ. . .၊ ကျုပ်ကတော့ ‘မ’ဆိုရင် ခြေမနှစ်ဖက်နဲ့ လက်မတစ်ဖက်တောင် ဖြတ်ပစ်ချင်တယ်”

ဟု ဦးရိဖုန်းက ပြောလေ၏။

စာရင်းတွက်နေသော နီဝါးက. . .

“ဦးရိဖုန်း လက်မနှစ်ဖက်မဖြတ်ဘဲ ဘာဖြစ်လို့ ချန်ထားရသေးတာလဲ”

ဟု မေးလိုက်ရာ ဦးရိဖုန်းက. . .

“လက်မတစ်ဖက် ချန်ထားရသေးတယ်. . . ကိုယ့်လူရာ၊ ဖြတ်လို့မဖြစ်သေးဘူး၊ တို့တရုတ်အပေါင်ဆိုင်မှာက ပစ္စည်းသွားပေါင်ရင် လက်ဗွေနှိပ်ရသေးတယ်ကွ. . .၊ လက်မတစ်ဖက်မရှိဘူး ဆိုရင် အပေါင်ဆိုင်မှာ ဘယ်နှယ့်လုပ်ရမတုံး နီဝါးရေ”

ဟု ပြောဆိုကာ တဟားဟား ရယ်လေတော့၏။

ထားထားဆိုသော မိန်းမကြီးနှင့် ဦးရိဖုန်း၊ နီဝါးတို့သည် ရင်းနှီးသွားကြလေ၏။ ထိုမိန်းမကြီးသည် ဒေါ်စိန်အား သူနှင့်အတူလိုက်နေရန် ခေါ်လေတော့၏။ ဒေါ်စိန်ကလည်း မိန်းမချင်းအဖော်သဟဲပြုရန် သင့်တော်သဖြင့် လိုက်သွားလိုလှ၏။ သို့ရာတွင် ထိုသို့လိုက်သွားလိုကြောင်း ဖွင့်ပြောရန် ဦးရိဖုန်းနှင့် နီဝါးတို့ကို အားနာ နေလေ၏။

သို့ရာတွင် ဦးရိဖုန်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို. . . ဒေါ်စိန်ရဲ့၊ ကျုပ်တို့နဲ့နေတာထက် ယောဒီ ထားထားနဲ့ နေတာက ကွာလိမ့်မယ်နော်၊ ထားထားက ခင်ဗျားကို တာဝန်ယူမယ် ဆိုရင် ကျုပ်တို့ကို အားမနာနဲ့၊ တစ်ခါတည်း လိုက်သွားပေတော့"

ဟု တိုက်တွန်းလိုက်လေ၏။

ထို့ကြောင့် ဒေါ်စိန်လည်း ထားထားနှင့် လိုက်ရန် ဆုံးဖြတ်လိုက်လေ၏။ ဦးရိုဖုန်းက ထားထား၏ လိပ်စာကို ရေးမှတ်ထားလိုက်လေ၏၊ ဒေါ်စိန်သည် သွားခါနီး၌ မျက်ရည်စက်လက်နှင့် နီဝါးအားဖက်၍ နှုတ်ဆက်လေ၏။

"ပြီတ္တာလေး. . . ဒေါ်စိန်သွားမယ်နော်၊ ဒေါ်စိန့်နေရာကိုလည်း လူကိုယ်တိုင်မရောက်နိုင်တောင် စာလေးဘာလေးတော့ နှစ်လတစ်ခါ ထည့်ပါဟယ်"

ဟု မှာကြားလေ၏။ ဒေါ်စိန်ထွက်သွားသောအခါ နီဝါး၏ စိတ်တွင် ဟာတာတာကြီးဖြစ် ၍ ကျန်ခဲ့လေ၏။

ထို့ကြောင့် ဦးရိုဖုန်းက. . .

"စိတ်မကောင်းမဖြစ်နဲ့ နီဝါးရယ်၊ မင်းနဲ့ငါက တရုတ်ပြည်ထဲ ပြန်ဝင်နေဖို့ကိစ္စက ဒေါ်စိန်ရှိရင် မဖြစ်ဘူးကွ၊ ငါက တရုတ်အစစ်၊ မင်းက တရုတ်စကားတတ်တယ်၊ တရုတ်နဲ့လည်း တူတယ်၊ အခက်အခဲမရှိဘူး၊ ဒေါ်စိန်ကြီးပါလာရင်တော့ ခက်ပြီ၊ သူ့မျက်နှာက မြန်မာမျက်နှာ၊ တရုတ်စကားလည်း မတတ်ဘူး၊ ဘယ်လိုလုပ်ပြီး နေမလဲကွာ"

ဟု ပြောလေ၏။

ထို့နောက်တွင်ကား နီဝါးနှင့် ဦးရိုဖုန်းတို့သည် တရုတ်ပြည် မန်စီမြို့သို့ ပြန်၍သွားကြလေ၏။ ထိုနေရာသို့အရောက်တွင် ငွေပန်းတိမ်သမားများနှင့် ပြန်လည်၍ ဆက်သွယ်ကာ ငွေထည်များ ရောင်းချသော အလုပ်ကို လုပ်ကြလေ၏။ ယခုအခါတွင် နီဝါးက မရောင်းဘဲ ဦးရိုဖုန်းက ရောင်းလေ၏။ နီဝါးက ပန်းတိမ်ဖိုတွင် ပန်းတိမ်ပညာသင်ရင်း ကျန်ခဲ့လေ၏။ ဦးရိုဖုန်းကလည်း နီဝါးအား ခင်မင်သော ပန်းတိမ်ဖိုတွင် အပ်နှံခဲ့ပြီး သူကမူ ငွေထည်ပစ္စည်းများကို လှည့်လည်၍ ရောင်းချလေ၏။ တစ်နှစ်ခန့်ကြာသောအခါ၌





နီဝါးသည် ငွေပန်းတိမ်အလုပ်ကို ကောင်းစွာ တတ်ကျွမ်းသွားပြီဖြစ်ရာ ဦးရိုဖုန်း က လာ၍ ခေါ်လေတော့၏။

"ဒီမှာ. . . နီဝါး၊ ဒီကနေ မြောက်ဘက်စူးစူးသွားရင် လီကျင်းဆိုတဲ့ မြို့တစ်မြို့ကို ရောက်လိမ့်မယ်ကွ၊ အဲဒီ လီကျင်းဟာ မြို့ဟောင်းတစ်မြို့ပဲကွ၊ စိတ်ဝင်စားဖို့ အလွန်ကောင်းတယ်၊ မြို့ဟောင်းနဲ့မြို့သစ်ကလည်း တွဲနေတာကွ. . .၊ မြို့ဟောင်းက အဆောက်အအုံတွေကို မဖျက်ဘဲ ဒီအတိုင်းထားတယ်ကွ. . .၊ ဒါပေမဲ့ ဟောင်းလောင်းကြီးထားတာ မဟုတ်ဘူးနော်၊ ဈေးဆိုင်အဖြစ်နဲ့ ငှားထားတယ်ကွ၊ အဲဒီတော့ လီကျင်းမြို့နဲ့ဈေးဟာ လီကျင်းမြို့ဟောင်းကြီးပဲ၊ မြို့သစ်မှာနေတဲ့ လူတွေက အဲဒီမှာလာပြီး ဈေးဝယ်လာကြတာပေါ့. . .၊ မြို့ကြီးတစ်မြို့လုံးမှာ လူတွေက မြို့သစ်မှာနေတယ်၊ မြို့ဟောင်းမှာက ဈေးပေါ့ကွာ၊ ဈေးမှာကလည်း အခုခေတ် လူတွေကရောင်းနေတာ၊ သူတို့ဆိုင်က ရှေးခေတ်က အဆောက်အအုံ၊ နန်းတော်တစ်ခုပဲ ချန်ထားတာဟေ့. . .၊ ကျန်တာတွေက ဈေးဆိုင်ချည်းပဲ၊ အဲဒီမြို့ဟောင်းက ဆိုင်ခန်းတစ်ခန်းယူပြီး ပန်းတိမ်ဖို ဖွင့်ရမှာပဲ၊ မင်းက ပန်းတိမ်ဆရာကြီးပေါ့ကွာ. . .၊ လူငှားတွေ ဘာတွေလည်း ခေါ်ရမှာပဲ၊ ရောင်းတော့လည်း မင်းတို့လုပ်ထားတဲ့ လက်ဝတ်လက်စားတွေကိုပဲ မှန်ပုံးထဲထည့်ပြီး ရောင်းလို့ရတယ်ကွာ၊ အဲဒီနေရာကို တို့တရုတ်လူမျိုးတစ်မျိုးတည်း လာတာမဟုတ်ဘူးနော်၊ ကမ္ဘာအရပ်ရပ်လူတွေ ရောက်လာတာ. . .၊ အရောင်းအဝယ် သိပ်ကောင်းတယ်ကွ. . .၊ တို့အဘိုးအဘွားတွေ ပြောစကားဆိုရင် ရောင်းလို့မကုန်ရင် လီကျင်းသွားလို့ဆိုတယ်. . .၊ အဲဒီမြို့လေးက ကြည့်လို့သိပ်လှတယ်၊ မြို့ဟောင်းမှာ ရေမြောင်းတစ်ခုနဲ့ကွ၊ ရေမြောင်းကလည်း သန့်နေတာပဲ၊ တစ်မြို့လုံး တံတားလေးတွေနဲ့ ကြည့်လို့သိပ်လှတယ်ကွ. . ."

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်ကား ဦးရိဖုန်းနဲ့ နီဝါးတို့သည် လီကျင်း၏ ရှေးဟောင်း မြို့တော်တွင် ပန်းတိမ်ဖိုဖွင့် ဖြစ်သွားလေတော့၏။ နီဝါးက ပန်းတိမ်သမား နှစ်ယောက် ထပ်ငှားကာ ပန်းတိမ်ဖိုလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်လုပ် လေတော့သည်။

တခြားနယ်များကိုလည်း အော်ဒါပေးလေ၏။ ဦးရိဖုန်းက လူလေးယောက်စားရန် ထမင်းချက်ခြင်း၊ ရေနွေးတည်ခြင်းတို့ကို လုပ်ရလေ၏။

နှစ်လခန့်ကြာသောအခါ နီဝါးဆေးရုံတွင် ဒေါ်စိန်ကြီးအား စောင့်ရသောအခါတွင် ငှားရမ်းခဲ့သော အကြော်ဆရာ အော်ကောက်သည် စုံစမ်းမေးမြန်းကာ နီဝါးတို့ထံ ရောက်လာလေ၏။

ထိုအခါ၌ ဦးရိဖုန်းသည် အော်ကောက်အားကိုးဖြင့် မလှမ်းကမ်းတွင် ဆိုင်ခန်းတစ်နေရာယူကာ ခေါက်ဆွဲဆိုင် ဖွင့်လေတော့၏။

၎င်းတို့၏ စားရေးသောက်ရေးကို ခေါက်ဆွဲဆိုင်ကပင် တာဝန်ယူခဲ့လေ၏။ ဦးရိဖုန်းသည် ခေါက်ဆွဲဆိုင်နှင့် ပန်းတိမ်ဖိုကို ကူးသည်သန်းချည်လုပ်ရင်း၊ ရေနွေးကြမ်းသောက်ရင်း၊ တခြားသောဆိုင်မှ တရုတ်များနှင့် စစ်တုရင်ကစားရင်း အချိန်ကို ကုန်လွန်စေခဲ့ လေတော့သတည်း။

❀ ❀ ❀ ❀ ❀





## အခန်း ( ၁၈ )
## နီဝါး ထောင်ထဲကျရပြီ

နီဝါးတို့၏ ငွေပန်းတိမ်ဆိုင်လေးသည် အလုပ်အကိုင် အတော်အတန်ကောင်းနေ၏၊ ထို့အတူ ဦးရိဖုန်း၏ ခေါက်ဆွဲဆိုင်မှာလည်း မျှော်လင့်သည်ထက် ပို၍ အောင်မြင်နေ၏။ ဦးရိဖုန်းမှာမူ ဆိုင်နီချင်း တရုတ်အဘိုးအိုကြီးများနှင့် စကားပြောလိုက်၊ စစ်တုရင် ကစားလိုက်နှင့် အချိန်ကုန်ခဲ့ရာမှ မာကျောက် ကစားသည့် အလုပ်ပင် ပို၍လာလေတော့၏၊

ဦးရိဖုန်းထံသို့ တစ်လတစ်ကြိမ် တစ်ကြိမ်ကျ မှန်မှန်လာ၍ လည်ပတ်သော ဦးရိဖုန်း၏မိတ်ဆွေ တရုတ်အဖိုးကြီး တစ်ယောက်လည်း ရှိ၏၊

ထိုအဖိုးကြီးသည် ဦးရိဖုန်းထံတွင် တစ်ခေါက်လာတိုင်း သုံးရက်ခန့်နေ၏။ ၎င်း၏အမည်မှာ 'တာရှိုး'ဟူ၍ ဖြစ်သည်၊ ၎င်းအဖိုးကြီး တာရှိုးလာတိုင်း သူ၏ဒေသမှ အစားအစာများ အထူးအဆန်း ပစ္စည်းများအား လက်ဆောင်အဖြစ် ယူလာတတ်၏။

တစ်ခါတွင် တာရှိုးသည် 'ချိုးပတီး'ဆိုသာ အငယ်စား ပုစွန်ခြောက်ကလေးများအစှယ် ပိုးကောင်ခြောက်လေးများ ယူလာ၏။ နီဝါးက ထိုအကောင်ကို ဘာကောင်လဲဟု မေးရာ ဦးရိဖုန်းက ထိုအကောင်ခြောက်လေးတစ်ကောင်ကို ဖယောင်းတိုင်မီးတွင် ရှို့ပြလေ၏။ ထိုသို့ရှို့ပြရာ သတ္တဝါတစ်ကောင်၏ အသားကို မီးရှို့သည့် အနံ့မျိုးရလေ၏။

ထိုအခါ ဦးရိဖုန်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"အမှန်က ဒီဥစ္စာက မြက်ပင်ကွ. . .၊ ဒါပေမဲ့ မြက်ပင်အစစ်လည်း မဟုတ်ဘူးကွ. . .၊ သစ္စာဝါတစ်ပိုင်းဖြစ်နေတယ်၊ တိဘက်မှာ အသက်ရှည်တယ်ဆိုတာ ဒီကောင်ရဲ့ကျေးဇူးလည်းပါတယ်ကွ. . .၊ ပျားရည်ပုလင်းထဲမှာစိမ်ပြီး သောက်ရတယ်ကွ. . .၊ ဒီကောင်မှာက အသက်ရှည်တဲ့ဓါတ် ရှိတယ်ကွ. . ."

ဟု ပြောလေ၏။

တစ်ခါကလည်း တာရှီးသည် အသားခြောက်များ ယူလာလေ၏။ အသားမှာ အမဲသားထက် နူးညံ့သော်လည်း အစစအရာရာ အမဲသားနှင့် တူနေလေ၏။

ထို့ကြောင့် နီဝါးက ဦးရိဖုန်းအား. . .

"ဘာ အသားလဲဗျ"

ဟု မေးရာ ဦးရိဖုန်းက. . .

"ဒါက တခြားမဟုတ်ဘူးကွ. . .၊ ယူနန်ပြည်ကြီးရဲ့ ဟိုဘက်အစပ် တိဘက်တိုင်းပြည်နားရောက်နေပြီကွ. . .၊ ရှန်ဂရီလာဆိုတဲ့ အရပ်ဒေသတစ်ခုမှာ စားလေ့ရှိတဲ့ နွားနောက်သားခြောက်ကွ"

ဟု ပြောလေ၏။

ထိုအခါ နီဝါးက. . .

"ကျွန်တော်တို့ဆီက ပန်းတိမ်လုပ်တဲ့ ကောင်လေးတွေလဲ ပြောကြတယ်. . .၊ ဒီယူနန်နယ်ကြီးရဲ့ ဟိုဘက်အစပ်မှာ ရှန်ဂရီလာဆိုတဲ့ အရပ်ဒေသရှိတယ်တဲ့. . .၊ လျှိုမြောင်တောင်ကြားတွေကြားက သွားရတာတဲ့. . .၊ လမ်းကလဲ သိပ်ပြီးလှပဲတဲ့. . .၊ နေရာတော်တော်များများမှာ နှင်းတွေဖုံးလွှမ်းနေတာတဲ့. . .၊ လမ်းကလည်း တောင်ပေါ်တက်သွားလိုက်၊ တောင်အောက်ဆင်းသွားလိုက်နဲ့ တောင်တွေကို ကျော်လွှားရတာ တရုတ်ပြည်ထဲကို စီးဆင်းတဲ့ မြစ်ဖျားတချို့က အဲဒီမှာ ရှိတာတဲ့. . .၊ လှလိုက်တာ မပြောနဲ့တော့တဲ့"

ဟု ပြောလိုက်လျှင် ဦးရိဖုန်းက. . .





"သူတို့ပြောတာဟုတ်မှာပေါ့ကွာ၊ ဒီကောင်နှစ်ကောင်က ရှန်ဂရီလာကတော့ မဟုတ်ဘူး၊ ရှန်ဂရီလာနား မရောက်ခင် မိုင်ငါးဆယ်နေရာက ကျားတောင်ကြားဆိုတဲ့ နေရာက လာကြတာကွ. . .၊ ဒါပေမဲ့ သူတို့ နှစ်ယောက်စလုံးနဟာ တရုတ်တွေလည်း မဟုတ်ဘူး၊ တိဘက်တွေ လည်း မဟုတ်ဘူး၊ အဲဒီနေရာမှာက မြန်မာပြည်က ကချင်လူမျိုး တချို့နေတယ်ကွ. . .၊ ဒါကြောင့် ဒီနှစ်ယောက်ဟာ ယူနန်တရုတ် စကားလည်း တတ်တယ်၊ ကချင်စကားလည်း တတ်တယ်ကွ"ဟု ပြောလိုက်လေ၏။

တာရှီးသည် ရောက်လာသည့်အခါတိုင်း ဦးရိဖုန်းနှင့် စစ်တုရင်ထိုးတမ်း ကစားလေ၏။ ၎င်းတို့ထိုးသော စစ်တုရင်မှာ မြင်တွေ့နေကျ စစ်ဘုရင်မျိုး မဟုတ်ဘဲ တရုတ်စာလုံးများ ထွင်းထားသော သစ်သားတုံးများသာ ဖြစ်၏။ ထို့ကြောင့် နီဝါးက သစ်သားတုံး တစ်လုံးကို ညွှန်ပြရင်း. . .

"ဒါ. . . ဘာလဲ"

ဟု တရုတ်စကားဖြင့် မေးရာ တာရှီးက "အမြောက်"ဟု ပြန်၍ဖြေလေ၏။

အမြောက်သည် ကြားတွင် မည်သည့်အကောင် ရှိသည်ဖြစ်စေ ကျော်၍ပစ်နိုင်၏။

ထို့ကြောင့် တာရှီးနှင့် ဦးရိဖုန်း ကစားနေသော စစ်တုရင်မှာ အလွန်ခက်သော စစ်တုရင် ဖြစ်၏။

သို့ရာတွင် တာရှီးက. . .

"ဒါကို မတတ်ချင်နဲ့ကွ. . .၊ ဒါက ခက်တယ်၊ ရိုးရိုးစစ်တုရင်ကို အရင်သင်ရမယ်၊ ရိုးရိုးဟာကျွမ်းကျင်မှ ဒါကို သင်ရမယ်ကွ"

ဟု ပြောလေ၏။

ထို့ကြောင့် တာရှီးသည် နီဝါးအား မြင်တွေ့နေကျ စစ်တုရင်ထိုးနည်းကို အခြေခံမှစ၍ သင်ပြပေးလေ၏။

ထို့နောက် တာရှီးသည် နီဝါးအား အဆိပ်အမျိုးမျိုး ဖော်စပ်ပုံကို သင်ပြပေးလေ၏။ ထို့ပြင် အဆိပ်အမျိုးမျိုး ဖြေနည်းကိုလည်း သင်ပြခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် လူတို့ ဖြစ်လေ့ဖြစ်ထရှိသော အဆစ်လွဲခြင်း၊ အရိုးကျိုးခြင်းတို့ကို ကုသသော အတတ်ကိုလည်း တရုတ်စာလုံးများကို အသုံးပြု၍ အခြေခံမှစ၍ သင်ပြပေးလေ၏၊ တာရှိုးပြော၍ မရှင်းသော နေရာများတွင် ဦးရိဖုန်းက ဝင်၍ ဖြေရှင်းပြလေ၏၊ ထို့နောက် အကြောများတည်နေပုံကိုလည်း နီဝါးအား အသေးစိတ် ပြောပြလေ၏၊ အချို့နေရာများတွင် တာရှိုး ပြောသည်ကို နီဝါး နားမလည်ပေ၊

ထို့ကြောင့် ဦးရိဖုန်းက. . .

"ဒီလို. . . နီဝါးရဲ့၊ ချက်ကနေ အထက်ခုနစ်လက်မလောက် ရှိတဲ့နေရာမှာ အကြောလေးတည်နေပုံရှိတယ်ကွ. . .၊ အဲဒီအကြောလေးကို ဂျိဝီလို့ခေါ်တယ်ကွ၊ လူတစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်တဲ့အခါမှာ အဲဒီနေရာကို သေသေချာချာ ညှစ်လိုက်ရင် အညှစ်ခံရတဲ့သူဟာ နှလုံးဖျက်သွားတတ်တယ်. . .၊ စိတ်ပျက်ပြီး ရူးကြောင်ကြောင် ဖြစ်သွားတတ်တယ်. . .၊ အဲဒါကို ရှေးလူကြီးတွေက ဂျိစိထိသွားပြီလို့ ပြောလေ့ရှိကြတယ်. . ."

ဟု ရှင်းပြလေ၏၊

တာရှိုးသည် နီဝါးအား အကြောပညာသင်ရန်အတွက် လူအရွယ်ခန့်ရှိသော အရုပ်ကြီးတစ်ရုပ်ကို ယူ၍ လာလေ၏၊ ထိုအရုပ်ကြီးမှာ ခေါင်း၊ လက်၊ ခြေ စသည်တို့သည် ဖြုတ်၍ တပ်၍ရ၏။

ထိုအရုပ်ကြီးမှာ အခေါင်းပွကြီးဖြစ်၏၊ ရေထည့်ထား၍ ရ၏၊ ငယ်ထိပ် တည့်တည့်နေရာမှ ရေကိုသွန်းလောင်း ထည့်ရ၏။ နှိပ်ကွက်နေရာများတွင် အပေါက်များနှင့် ထိုနေရာ၏ အဓိပ္ပာယ်ကို တရုတ်စာလုံးများဖြင့် ဖော်ပြထား၏၊

အပေါက်များကိုမူ ဖျားဖယောင်းဖြင့် ပိတ်ထား၏၊ တာရှိုးသည် သင်ပြီးသော နေရာများတို နီဝါးအား အပ်ဖြင့် အထိုးခိုင်း၏၊

အထိုးမှန်၍ ဖျားဖယောင်း ပွင့်သွားလျှင် အရုပ်၏ ခန္ဓာကိုယ်မှ အရည်များ ထွက်ကျလာတတ်၏။





ထိုအခါ တာရှိုးက နီဝါးအား. . .

"မင်း သိပ်ပြီးတော်တဲ့ ကောင်ကလေးပဲ"

ဟု ဆိုကာ ဖက်ရမ်း နမ်းရှုံ့လေ၏၊

ထိုသို့ နမ်းရှုံ့ပြီးလျှင်. . .

"ဒီပညာ အားလုံးတတ်သွားရင် မင်းကို ငါက ချစ်တဲ့ အထိမ်းမှတ်နဲ့ ရွှေသွားတစ်ချောင်း စိုက်ပေးမယ်"

ဟု တာရှိုးက ပြောလေ၏၊

ထိုအခါ နီဝါးက. . .

"ရွှေသွား မစိုက်ချင်ပါဘူးဗျာ၊ ဒီပြင့်ဟာ ပေးချင်ပေးစမ်းပါ"

ဟု ပြန်၍ ပြောလေ၏။

ထိုအခါ တာရှိုးက. . .

"ရွှေဟာ သတ္တုအမျိုးမျိုးရှိတဲ့အထဲမှာ အထူးဆန်းဆုံး သတ္တုကွ၊ မသန့်တဲ့၊ ယုတ်ညံ့တဲ့ပစ္စည်းတွေကို ရွှေနဲ့ထိပေးရင် သန့်သွားတယ်ကွ၊ ယုတ်ညံ့မှုတွေ ပျောက်သွားတယ်ကွ၊ ဒါကြောင့် ငါတို့ တရုတ်လူမျိုးတွေဟာ ရွှေသွားစိုက်ထားကြတယ်ကွ. . .၊ မသန့်တဲ့ အစားအသောက်တွေ ကျွေးရင် ရွှေသွားနဲ့ထိပြီး မသန့်တဲ့ဓာတ်တွေ ပျောက်သွားတယ်ကွ. . .၊ ယုတ်ညံ့မှုတွေ လွင့်စဉ်သွားတယ်ကွ"

ဟု ပြောလေ၏။

"ဒီလိုဆိုလည်း ရွှေသွားတော့ စိုက်ဗျာ. . .၊ လူမြင်တဲ့နေရာမှာ မစိုက်နဲ့၊ အံသွားမှာ စိုက်ဗျာ"

ဟု နီဝါးက ပြောလိုက်ရာ တာရှိုးနှင့် ဦးရိဖုန်းက ရယ်တေလ၏။

တာရှိုးသည် နီဝါးအား ရှေးဟောင်းအကြောကိုင်ပညာကို အသေးစိတ် သင်ပြပေးလေ၏။

ထို့နောက် အသုံးဝင်သော ဆေးရွက်များကို လိပ်၍ သိမ်းပုံ၊ ကြေး တင်ပုံတို့ကို ပြလေ၏၊ ဆေးပင် ဆေးမြစ်များ ပေါင်းပုံကိုလည်း အသေးစိတ် သင်ပြပေးလေ၏၊



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အမောခံနိုင်သော တိရစ္ဆာန်များအကြောင်းကို သင်ပြပေးလေ၏။

"ထို့ တရုတ်သမားတော်တွေဟာ တောင်အထပ်ထပ်၊ တောအထပ်ထပ်တို့ကိုဖြတ်ပြီး အဖိုးတန်ဆေးပင်၊ ဆေးမြစ်များကို ရှာရတာကွ၊ တောင်မတက်နိုင်ရင် မရဘူးကွ၊ အဲဒီတော့ တောင်တက်ခမောက်ကို ကိုယ်တိုင်ရက်တတ်ရတယ်၊ တောင်တက်တဲ့ အကျႌ၊ ဘောင်းဘီကိုလည်း ချုပ်တတ်ရတယ်ကွ. . .၊ ပြီးရင် ကျောပိုးတဲ့အိတ်တစ်လုံးပိုးပြီးတော့ တောင်ဝှေးတစ်ချောင်းနဲ့ တောင်တွေကို တက်ရတာကွ"

ဟု ဆိုကာ ဘောင်းဘီ၊ အကျႌချုပ်နည်း၊ ခမောက်ရက်နည်းမှ အစ သင်ပြပေးပြီးလျှင် ယူနန်နယ်တွင်ရှိသော တောင်များကို တက်ရန် ခေါ်ဆောင်သွားလေ၏။

"နီဝါးရေ. . . မင်းကို ပြောပြရဦးမယ်ကွ၊ ငါတို့ လီကျင်းတိုင်းပြည်က ဘုရင်ဟာ တစ်နေ့တည်း တောင်အလုံး (၉၀)တက်ခဲ့တယ်လို့ ဆိုထားတယ်ကွ. . .၊ မင်းအနေနဲ့ အလုံး (၉၀)မတက်ပါနဲ့ဦး၊ (၉) လုံးပဲ တက်ပါဦးကွာ"

ဟု တာရှီးက ပြောလေ၏။

ထိုအခါ နီဝါးက. . .

"ခင်ဗျား ဘုရင်တက်ခဲ့တယ်ဆိုတာ တောင်အလုံး(၉၀)ဟာ ခြတောင်ဘို့လောက်ရှိတဲ့ တောင်လေးတွေ ဖြစ်မှာပေါ့"

ဟု ပြောလိုက်လျှင် တာရှီးက. . .

"မင်း. . . ဒီလို မယုံသလိုမပြောနဲ့ကွ၊ တို့တွေဟာ လူတွေမဟုတ်ဘူး၊ လေကွာ တကယ်မဟုတ်ဘဲနဲ့ ဘယ်ပြောလို့ရမလဲကွ၊ သူ့ခေတ်သူ့အခါမှာ အထောက်အထားတွေ ရှိမှာပေါ့"

ဟု ပြောလေ၏။

"တာရှီး ခင်ဗျားပြောတာ ဟုတ်မှာပါဗျာ၊ ကျုပ်တို့ပဲ ဒီတစ်နေ့တည်းမှာ တောင်ကြီးနှစ်တောင်ကို တက်ခဲ့ပြီးပြီပဲ"





ဟု နီဝါးက ပြောလိုက်လျှင် တာရှီးက. . .

"နောက်ထပ် လေးလုံးတက်ရဦးမယ် ငါ့လူ. . .၊ အခု ငါတို့သွားရှာမယ့် အပင်ဟာ တောင်ကြားတွေမှာ အရိပ်ခိုပြီးပေါက်တဲ့ ပင်စည်နဲ့ အပင်မျိုးကွ. . .၊ အပွင့်က ဝါဝါ၊ အရွက်က စိမ်းစိမ်း၊ အဲဒီအပင်မျိုးပဲ၊ တောင်ပေါ်မှာ ပေါက်သည်ဖြစ်စေ၊ လွင်တီးခေါင်မှာ ပေါက်သည်ဖြစ်စေ ဘာမှမစွမ်းဘူးကွ. . .၊ တောင်ကြားမှာ ပေါက်မှစွမ်းတာ၊ နံရိုးကျိုးတာတို့ ဘာတို့ ပြန်ဆက်လို့ အသုံးဝင်တယ်ကွ"

ဟု ပြောလေ၏။

"နောက်ထပ် တောင်လေးလုံးတောင် တက်ရဦးမယ် ဆိုတော့ လမ်းမှာ ကျုပ်တို့ ဘာစားကြမလဲ"

ဟု နီဝါးက မေးလိုက်လေ၏။

ထိုအခါ တာရှီးက. . .

"ငါတို့ ဆေးဆရာတွေဟာ တောအထပ်ထပ်၊ တောင်အထူထူကို ဆေးမြစ်ရှာရတယ်ကွ. . .၊ အဲဒီလိုလုပ်နိုင်ဖို့အတွက် ရိက္ခာခြောက်တွေ လုပ်တတ်ရတယ်၊ အဲဒီတော့ မင်း ရိက္ခာခြောက်တွေလုပ်တဲ့နည်းလည်း သင်ပေးထားရဦးမယ်"

ဟု ပြောလိုက်လျှင် နီဝါးက. . .

"သင်ပါဗျာ သင်ပါ အကုန်လုံးသာ သင်ပါဗျာ"

ဟု ခပ်ညည်းညည်း ကလေး ပြောလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဟာ သတ္တုအမျိုးမျိုးရှိတဲ့အထဲမှာ အထူးဆန်းဆုံး သတ္တုကွ၊ မသန့်တဲ့၊ ယုတ်ညံ့တဲ့ပစ္စည်းတွေကို ရွှေနဲ့ထိပေးရင် သန့်သွားတယ် ကွ၊ ယုတ်ညံ့မှုတွေ ပျောက်သွားတယ်ကွ၊
ဒါကြောင့် ငါတို့ တရုတ် လူမျိုးတွေဟာ ရွှေသွားစိုက်ထားကြတယ်ကွ. . .၊ မသန့်တဲ့ အစားအသောက်တွေ ကျွေးရင် ရွှေသွားနဲ့ထိပြီး မသန့်တဲ့ ဓာတ်တွေ ပျောက် သွားတယ်ကွ. . .၊ ယုတ်ညံ့မှုတွေ လွင့်စဉ်သွား တယ်"





## အခန်း ( ၁၉ )
## ဦးရီပူနှား ဒေသဥာပြ

တာရှိုးသည် တစ်တောပြီးတစ်တော၊ တစ်တောင်ပြီး တစ်တောင် ဆက်လက်၍ ခေါ်ငင်သွား၏။ ဂျောင်ဂျင် တောင်ကြား၊ ဂီဂီတောင်ကြား၊ ချွမ်လီ တောင်ကြား၊ ကျားတောင်ကြား၊ ချိုင်မလီ တောင်ကြား၊ ဆာလာ တောင်ကြား စသည့် လွန်စွာထင်ရှားသော တောင်ကြားဒေသများကို ဖြတ် ကျော်ခဲ့ပြီဖြစ်၏။

ထို့နောက် တောင်တစ်တောင်ကို တက်ရလေ၏။ ထိုတောင်၏ထိပ်တွင် တောင်ပေါ်လမ်းကို ပြင်သောအလုပ်သမားများ စုပေါင်းနေထိုင်သည့် အဆောက်အအုံလေး တစ်ခုရှိလေ၏။

ထိုအဆောက်အအုံတွင်နေထိုင်သော လမ်းပြင်အလုပ်သမားများသည် တာရှိုးကိုမြင်လျှင် ဝမ်းသာအားရ နှုတ်ဆက်ကြလေ၏။

ထို့နောက် ၎င်းတို့ဖမ်းမိထားသော နွားနောက်သားကို ကင်သူက ကင်၊ ကြော်သူက ကြော် အမျိုးမျိုးအဖုံဖုံ ချက်ပြုတ်၍ ၎င်းတို့ဘာသာ ချက်ထားသော ဆန်အရက်ဖြင့် ပြန်လည်တွေ့ဆုံခြင်း အထိမ်းအမှတ်ပွဲတစ်ပွဲ ပြုလုပ်ကြလေ၏။

နီဝါးမှာ နွားနောက်သားကို စားနိုင်သော်လည်း ဆန်အရက်ကိုမူ မသောက်နိုင်ရှာချေ။ သို့ရာတွင် တာရှိုးက. . .

"ယောက်ျားပဲကွ. . . နည်းနည်းပါပါး ဖျားချင်သလို ဖြစ်ရင် အရက်ကလေး၊ ဘာလေးသောက်လိုက်ရင် ပျောက်သွားတယ်ကွ၊ အဲဒီတော့ အရက်ကို လုံးဝမရှောင်ပါနဲ့. . .၊ မသောက်ရမနေနိုင်အောင် စွဲနေတာမျိုးလည်း မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် နီဝါးလည်း အရဲစွန့်၍ ဆန်အရက် တစ်ခွက်ကို မော့လိုက်လေတော့၏။

နီဝါး သတိရသောအခါ၌ ညနေစောင်းနေပြီဖြစ်၏။ လမ်းအလုပ်သားများမှာ တစ်ယောက်မှ မရှိတော့ပေ။

တာရှိုးတစ်ဦးတည်းသာ မီးဖိုအနီးတွင် မီးလှုံနေလေ၏။

"တာရှိုး. . . ဟိုလူတွေ ဘယ်ရောက်ကုန်ပြီလဲ"

ဟု နီဝါးက မေးလိုက်ရာ. . .

"ဟိုဘက်တောင်ပေါ်က လမ်း၊ မိုးရွာလို့ကို ပျက်သွားတယ်ကွ၊ အဲဒါကို ပြင်ဖို့ ထွက်သွားကြပြီ၊ ဒီမှာက မင်းနဲ့ငါနဲ့ နှစ်ယောက်တည်း နေကြရမှာ၊ ကောင်းတာပေါ့ကွာ၊ မင်းကို ကောင်းကောင်း ပညာသင်ပေးဖို့ အချိန်ရတာပေါ့"

ဟု တာရှိုးက ပြောလေ၏။

"လီကျင်းမှာ ဦးရီဖုန်းတစ်ယောက်တည်း ထားခဲ့ရတာ ကျွန်တော့်အနေနဲ့ အကြာကြီးနေလို့ မဖြစ်ဘူး"

ဟု နီဝါးက ပြောလေ၏။ ထိုအခါ တာရှိုးက. . .

"ရီဖုန်း မြန်မာလို ရေးတဲ့လက်ရေးကိုတော့ မင်း ကောင်းကောင်း မှတ်မိတယ်နော်"

ဟု မေးလေ၏။

"မှတ်မိပါတယ်ဗျာ၊ ဦးရီဖုန်းရေးတဲ့ လက်ရေးဟာ ခပ်စောင်းစောင်းကြီးဗျ"

ဟု နီဝါးက ပြောလိုက်လျှင် တာရှိုးက သူ၏ အိတ်အတွင်းမှ စာတစ်စောင်ကိုထုတ်၍ နီဝါးအား ပေးလိုက်လေ၏။





နီဝါး

မင်းကို တာရှိုးနဲ့ထည့်ပေးလိုက်တာဟာ ခဏ မဟုတ်ဘူး ငါ့လူ၊ အပြီးထည့်ပေးလိုက်တာ၊ ငါနဲ့အတူ ခေါ်ထားလို့ မဖြစ်တဲ့အကြောင်း ရှိနေပြီကွ၊ ဒါကြောင့် ထည့်ပေးလိုက်တာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ရောက်တဲ့နေရာမှာ ရှင်သန်နေပါစေ. . .။

ရီဖုန်း

နီဝါးသည် ထိုစာကိုဖတ်ပြီးနောက် မျက်ရည်များ ကျလာ၏။

ထိုအခါ တာရှိုးက. . .

"မငိုနဲ့ . . . နီဝါး၊ ရီဖုန်း စာထဲမှာ ပါတဲ့အတိုင်း ရောက်တဲ့နေရာမှာ ရှင်သန်အောင် ကြိုးစားရမယ်၊ ငိုနေလို့ ပြီးတာမဟုတ်ဘူး၊ အခုဆိုရင် မင်းဟာ အရွယ်ရောက်စပြုလာပြီ၊ လူကြီးတစ်ယောက်ရဲ့ ခိုင်မာသန်စွမ်းမှုမျိုး မင်းမှာရှိနေပြီ. . .၊ ဘာပဲဖြစ်ဖြစ် ဘယ်သူ့ကိုမှ အားကိုးဖို့မလိုတော့ဘူး၊ မင်းဘဝ ရှင်သန်ဖို့ မင်းကိုယ်မင်းပဲ အားကိုးရတယ်"

ဟု ပြောလေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်လခန့် ကြာသောအခါ၌ လာဆာမြို့သို့သွားမည့် အထမ်းသမားများ ရောက်လာလေ၏။

ထိုအထမ်းသမားများအနက်မှ တစ်ယောက်သောသူက တာရှိုးအနားသို့ကပ်ကာ စာအိတ်တစ်အိတ်ကို ပေးလိုက်လေ၏။

တာရှိုးလည်း ထိုစာအိတ်ကို ဖွင့်၍မျှမဖတ်ဘဲ သိမ်းဆည်းရုံ သိမ်းဆည်းထားလိုက်လေ၏။ အထမ်းသမားများသည် တစ်ရက်မျှ နားနေပြီးနောက် လမ်းတွင်စားသောက်ရန် ချက်ပြုတ်၍ သယ်ဆောင်သွားကြလေ၏။ အထမ်းသမားများ ထွက်သွားသောအခါ၌ တာရှိုးသည် အထမ်းသမားပေးသွားသော စာအိတ်ကို ဖွင့်၍ ဖတ်လေ၏။ ထိုစာနှင့်အတူ ဓာတ်ပုံသုံးပုံကိုလည်း ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တာရှိုးသည် ထိုစာကို ဆုံးအောင်ဖတ်ပြီးနောက် နီဝါးဘက်သို့ လှည့်ကာ

"စာက တရုတ်လို ရေးထားတာဆိုတော့ မင်းအနေနဲ့ ဖတ်တတ်မှာ မဟုတ်ဘူး၊ ဟောဒီ ဓာတ်ပုံသုံးပုံဟာ မင်းနဲ့ ပတ်သက်တယ်၊ မင်းအနေနဲ့ မငိုဘူးဆိုရင် မင်းကိုပြမယ်"

ဟု ပြောသဖြင့် နီဝါးကလည်း. . .

"မငိုပါဘူးဗျာ. . . ပြမှသာ ပြစမ်းပါ"

ဟု ပြောလိုက်ရာ တာရှိုးက ဓာတ်ပုံသုံးပုံကို နီဝါးလက်သို့ ပေးလိုက်လေ၏။ နီဝါးသည် ဓာတ်ပုံတစ်ပုံကို စ၍ ကြည့်လိုက်သည့် အချိန်၌မှာပင်. . .

"အမယ်လေး" ဟု လန့်၍ အော်လိုက်လေ၏။ ထိုပုံမှာ နဖူးတွင် ဒဏ်ရာရ၍ သွေးများထွက်ကာ သေဆုံးနေသော ဦးရိဖုန်း၏ ပုံဖြစ်၏။ ကျန်နှစ်ပုံအနက် တစ်ပုံမှာ ဦးရိဖုန်းနေသော အခန်းကို ရိုက်ထားသော ဓာတ်ပုံဖြစ်၏။ နောက်တစ်ပုံမှာ လူသတ်သမား၏ ဖိနပ်ရာဖြစ်၏။ လူသတ်သမားစီးထားသောဖိနပ်မှာ တောင်တက်သမားများ စီးလေ့ရှိသော ဖိနပ်မျိုးဖြစ်၏။ ခြေမတစ်ချောင်းကတည်းက သက်သက်၊ ကျန်ခြေလေးချောင်းချည်းက သက်သက်ခွဲ၍ ချုပ်ထားသော ဖိနပ်အမျိုးအစား ဖြစ်လေ၏။

ထို့ကြောင့် နီဝါးက. . .

"တာရှိုး ဒါဟာ ခရီးဝေးအထမ်းသမားတွေ စီးတဲ့ဖိနပ်မျိုးပဲဗျ"

ဟု ပြောလိုက်ရာ တာရှိုးက. . .

"သေချာတာပေါ့. . . နီဝါးရာ၊ လူသတ်သမားဟာ မနေ့က တို့ဆီမှာ တည်းသွားတဲ့ အထမ်းသမားထဲတောင် ပါနိုင်သေးတယ်၊ ဒီလမ်းက တခြားလမ်း မရှိဘူးကွ၊ ပြန်လာရင် ဒီလမ်းကပဲ လာရမှာပဲ၊ အဲဒီထဲမှာ ရိဖုန်းကိုသတ်တဲ့ လူသတ်သမားပါမှာပဲ၊ ငါက ဖော်ထုတ်နိုင်ရင်တော့ ဒီကောင်သေပြီသားပဲ"

ဟု ပြောလေ၏။

"မဖော်ထုတ်နိုင်ရင်ကောဗျာ"

ဟု နီဝါးက မေးလေ၏။





"မဖော်ထုတ်နိုင်ရင် ငါသေပြီးသားပေါ့ကွာ"

ဟု တာရှိုးက ပြောလေ၏။

"ဒီလိုလုပ်မယ်ဗျာ. . .၊ အဲဒီ အထမ်းသမားတွေ ပြန်လာဖို့က ရက်တွေ အကြာကြီးလိုသေးတယ်၊ ကျုပ်တို့က ဒီမှာမနေဘဲ ရှောင်နေရင်ကော လူသတ်သမားက ကျုပ်တို့ကို ဘယ်လိုလုပ်ပြီး ရှာမလဲ"

ဟု နီဝါးက ပြောလိုက်ရာ တာရှိုးက. . .

"မင်း သိပ်တော်တဲ့ ကောင်လေးပဲ၊ ဒါပေမဲ့ ဒီလိုကွ၊ လူသတ်သမားဟာ ရိဖုန်းနဲ့ ငါ့ကို နှစ်ယောက်စလုံးကို သတ်ပေးဖို့ တာဝန်ယူထားတာ ဖြစ်မယ်၊ ရိဖုန်းကို သတ်ပြီးတော့ ငါ့ကို လာကြည့်တာပဲ၊ မင်းပြောသလို တစ်ခါတည်း ရှောင်သွားလို့လည်း မရဘူး၊ ရှောင်သွားရင် လက်စမပြတ်ဘူးကွ. . .၊ ဒီကောင်က ထပ်ပြီးရှာမှာပဲ၊ အကောင်းဆုံးကတော့ ဒီကောင့်ကို လက်စဖြတ်လိုက်မှ ပြီးမှာ. . .၊ တစ်ခါတည်း ရှောင်ပြေးသွားရင် သူ့ကို လက်စဖြတ်ဖို့ ခက်နေလိမ့်မယ်"

ဟု ပြောလေ၏။

"နေပါဦး တာရှိုးရဲ့၊ ခင်ဗျားကို စာနဲ့ဓာတ်ပုံတွေ လာပေးတဲ့ အထမ်းသမားကကော စိတ်ချရရဲ့လား"

ဟု နီဝါးက မေးလိုက်ရာ. . .

"ဒီကောင်က စိတ်ချရပါတယ်၊ ငါတို့လူပဲ၊ လန်ဘိုးလို့ခေါ်တယ်၊ ဒီကောင်က ကြေးစားနပန်းသမားကွ၊ အခုမှ နပန်းပွဲတွေမရှိလို့ အထမ်းသမား လုပ်နေရတာ"

ဟု တာရှိုးက ပြောလေ၏။

"ဒီလိုလုပ်ဗျာ. . . အပြီးမရှောင်ဘဲ လူသတ်မားကို လှည့်စားဖို့ နည်းကတော့ အထမ်းသမားတွေ ဒီကထွက်သွားတဲ့ညမှာပဲ ဝက်ဝံကုတ်လို့ တာရှိုးသေပြီလို့ လုပ်မယ်ဗျာ၊ ဟောဟိုနားမှာ ခင်ဗျားကို မြှုပ်ထားတဲ့ မြေပုံလေးရယ်၊ မှတ်တိုင်လေးရယ် လုပ်ထားမယ်၊ ခင်ဗျားကတော့ ပုန်းနေတယ်၊ သူတို့ကို မြင်လောက်တဲ့နေရာကနေ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



က ချောင်းပြီးကြည့်မယ်ဗျာ၊ လူသတ်သမားလို့ သေချာပြီဆိုရင် ထွက်ပြီး ရှင်းပစ်လိုက်မယ်ဗျာ၊ ကျုပ်လည်း ဝိုင်းပြီးကူပါ့မယ်၊ ပြီးတော့မှ အဲဒီလူသတ်သမား အလောင်းကို တောင်စောင်းမှာချိတ်ပြီး လင်းတစာကျွေးလိုက်တာပေါ့၊ ဒါမှမဟုတ် ဟန်ဆောင်လုပ်ထားတဲ့ ခင်ဗျားရဲ့မြေပုံနေရာမှာ ဒီကောင့်ကို မြှုပ်လိုက်တာပေါ့ မကောင်းဘူးလား"

ဟု နီဝါးက ပြောလိုက်လျှင် တာရှီးက. . .

"အလွန်တော်တဲ့ နီဝါးပဲ၊ တစ်ခုတော့ ရှိတယ်ကွာ၊ အဲဒီအထမ်းသမား အဖွဲ့ဟာ လူဆယ်ယောက် လောက်ပါတာကွ၊ အပြန်ကျရင် တိုးချင် တိုးလာဦးမှာ. . .၊ လူသတ်သမားက တစ်ယောက်တည်းမဟုတ်ဘဲ သုံးယောက်လောက် ဖြစ်နေရင်ကော ငါတို့နိုင်ပါ့မလား"

ဟု မေးလေ၏။

"ဒီတိုင်းကတော့ဗျာ နိုင်ဖို့ခက်တာပေါ့. . .၊ ဒါပေမဲ့ စပြီးမတိုက်ခိုက်ခင်ကတည်းက ရန်သူကို အားပျော့အောင် လုပ်လိုက်တာပေါ့. . .၊ ကျုပ်တို့က ထမင်းချက်ကျွေးမှာပဲ. . .၊ သူတို့ကို ကျွေးမယ့်ဟင်းတွေထဲမှာ ဂီဂီတောင်ကြားကခူးလာတဲ့ အိပ်ဆေးရွက်တွေ ခတ်ပြီး ချက်မယ်ဗျာ. . .၊ ဒီကောင်တွေ အိပ်ပျော်ကုန်မှာပေါ့၊ ဒီကောင်တွေ အိပ်မပျော်ကုန်ရင်တောင် ငိုက်မျဉ်းကုန်မှာပေါ့. . .၊ စပြီး တိုက်တဲ့အချိန်မှာ ဒီအဆောက်အအုံကိုပါ မီးရှို့ပစ်လိုက်မယ်ဗျာ. . .၊ အထမ်းသမားတွေဟာ သူတို့ထမ်းလာတဲ့ ပစ္စည်းတွေ မီးထဲပါသွားမှာစိုးလို့ သယ်ထုတ်ဖို့ပဲ ကြိုးစားကြမှာ. . . အဲဒီမှာ ကျုပ်တို့က လူသတ်သမားလို့ ဆုံးဖြတ်ထားတဲ့လူကို အပြီးရှင်းမယ်ဗျာ၊ အဲဒီလိုဆိုရင် သုံးယောက်မကလို့ လေးယောက်ပဲဖြစ်ဖြစ် နိုင်ပါတယ်ဗျာ"

ဟု နီဝါးက ပြောလိုက်လျှင် တာရှီးက. . .

"မင်းဟာ အတော့်ကိုတော်တဲ့ ကောင်ပဲ၊ ဒါကြောင့် ဒီတိုက်ပွဲမှာ မင်းကို စစ်သူကြီးခန့်မယ် ငါက နောက်လိုက်ပဲ လုပ်မယ်"





ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်တာ၊ နီဝါးသည် ဂီဂီတောင်ကြားမှ ခူး လာသော အိပ်ဆေးရွက်များကို အနံ့ပျောက်စေရန် နေလှန်းလေတော့၏။

ပြီးလျှင် ထိုအရွက်များကို ပုံဖျက်သောသဘောဖြင့် ဆုံထဲတွင်အမှုန့်ဖြစ်အောင် ထောင်းပစ်လိုက်လေ၏။ ထိုသို့ ထောင်းပြီးလျှင် ဝါးကျည်တောက်လေးတစ်ခုထဲတွင် ထည့်၍ထားလေ၏။

"နေစမ်းပါဦး. . . တာရှီးရယ်၊ ခင်ဗျားတို့ နှစ်ယောက်ကို လူသတ်သမားက သဲသဲမဲမဲ လိုက်ပြီးသတ်နေရအောင် ဘယ်လိုများ အကြောင်းရှိလို့လဲ၊ ဘယ်လို ရန်ငြိုးရှိလို့လဲ. . ." ဟု နီဝါးက မေးလေ၏။

ထိုအခါ တာရှီးက. . .

"အခုအချိန်ရောက်မှတော့ ပြောရတော့မှာပေါ့ကွာ. . .၊ ကမ္ဘာစစ်ကြီးဖြစ်ခါနီးရင် သူ့တိုင်းပြည်၊ ကိုယ့်တိုင်းပြည် စပိုင်တွေ လွှတ်ကြတာပေါ့ကွာ၊ စပိုင်ဆိုတာ သူလျှိုကွ. . .၊ အဲဒီလို သူလျှိုတွေလွှတ်တဲ့အပြင် သူ့တိုင်းပြည်သားကိုပဲ မက်လောက်အောင်ပေးပြီး သူလျှိုပြန်လုပ်ခိုင်းတာလည်းရှိတယ်. . .၊ သူ့လူကိုယ့်ဘက်သားပေါ့ကွာ၊ ငါတို့က အဲဒီလို အမွေးခံလိုက်တဲ့ သူ့လူကိုယ့်ဘက်သားကွ၊ သူတို့လိုချင်တဲ့သတင်းတွေ၊ အချက်အလက်တွေကို စုဆောင်းပေးတယ်ကွ၊ ငါတို့က အဲဒီလုပ်ငန်းကို ကန်ထရိုက်ယူလိုက်တာကွ. . .၊

ငါရယ်၊ ရီဖုန်းရယ်၊ ဒေါ်စိန်ရယ်ကွ. . .၊ ဒေါ်စိန်ကြီး သူတောင်းစား ဖြစ်တယ်ဆိုတာ ဖြစ်ချင်လို့ဖြစ်တာ မဟုတ်ဘူးကွ. . .၊ သူ့ကို သတင်းစုဆောင်းဖို့ သူတောင်းစား လုပ်ခိုင်းရတာ၊ ဒေါ်စိန်အလုပ်လုပ်တဲ့ ထမင်းဆိုင်ဟာ စားလို့မကောင်းပဲနဲ့ကွာ၊ ရီဖုန်းအမြဲလာစားနေတာ ဒေါ်စိန်နဲ့ ဆက်သွယ်လို့ရအောင်ကွ၊ မင်းအနေနဲ့ မှတ်မိဦးမှာပေါ့. . .၊ လက်ဝှေ့သမား ရွှေကြက်ဖလေကွာ. . .၊ မင်းကိုတောင် လက်ဝှေ့သင်ပေးသွားတယ်၊ အဲဒီကောင်လဲ တို့လူ ပဲကွ၊ ရွှေကြက်ဖထောင်ကျသွားပြီ [illegible] မင်းထင်နေတယ်မဟုတ်လား၊ ထောင်မကျပါဘူးကွာ. . .



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို မလိုအပ်တော့လို့ ခေါက်ပြီး သိမ်းထားလိုက်တာပါ၊ ငါတို့ အဲဒီကန်ထရိုက်လုပ်တဲ့အတွက် ရတဲ့ငွေတွေနဲ့ ရွှေချောင်းတွေ ဝယ်ထားတယ်ကွ. . .၊ မနည်းပါဘူးကွာ. . .၊ အဲဒီပစ္စည်းတွေ သိမ်းဖို့ကတော့ ဒေါ်စိန်ကို တာဝန်ပေးထားတယ်၊ ဒီမိန်းမကြီးက သိပ်တော်တဲ့ မိန်းမကြီးကွ. . .၊ အရည်အချင်းလည်း သိပ်ပြီးရှိတာ၊ ရွှေစက်တော်ဘုရားပွဲမှာ ရုတ်တရက် နေမကောင်းလို့ ဆေးရုံ တက်သွားရတယ် မဟုတ်လား၊ အမှန်က မဟုတ်ဘူးကွ၊ စုဆောင်း ထားတဲ့ သတင်းတွေပေးဖို့ ချိတ်ဖို့လွယ်အောင် ဆေးရုံတက်သွား တာကွ. . .၊

ဆေးရုံကလည်း ဆင်းရော၊ မထားဆိုတဲ့ မိန်းမ လာခေါ်သွားတယ် မဟုတ်လား၊ အဲဒါ တခြားမဟုတ်ဘူးကွ၊ ဒေါ်စိန်ကြီးအလုပ် တာဝန်ပြီးသွားလို့ ခေါက်ပြီးသိမ်းလိုက်တာ၊ မင်းသိထားဖို့က တို့လို လူစားမျိုးတွေ အများကြီးပဲကွ၊ သူတို့ကတော့ တခြားတိုင်းပြည် အတွက် လွှတ်ထားတဲ့ ငတိတွေပေါ့ကွာ၊ စက်ဘီးနောက်မှာ အထုပ် ကြီးတွေတင်ပြီး 'ပိုးမျှင်. . . ပိုးမျှင်'လို့ အော်ပြီး အနယ်နယ်မှာ လှည့် လည်ရောင်းနေတဲ့ တရုတ်ကြီးတွေ တွေ့တယ်မဟုတ်လား. . .၊ အဲဒီလူဆယ်ယောက်မှာ ခုနစ်ယောက်က ဒလန်ကွ. . .၊ သုံးယောက် က စပိုင်တွေကွ. . .၊ သူတို့ဟာ ရောက်တဲ့နေရာမှာ မြေတိုင်းစာရေး တွေ၊ မြေတိုင်းအင်စပက်တာတွေနဲ့ ပေါင်းတယ်၊ ရွှေတို့ ငွေတို့ကို မက်လောက်အောင် ပုံပေးပြီး အဲဒီအရပ် နယ်မြေနဲ့ မြေပုံတွေကို အရအမိ ယူတော့တာပဲဟေ့. . .၊

"ကမ္ဘာစစ်ဖြစ်လို့ အဲဒီနေရာကို သူတို့တပ်တွေ ပို့တဲ့အခါ ရှိုးရှိုး အရပ်မြေပုံကနေ စစ်မြေပုံတွေ ဖြစ်သွားတော့တာပေါ့ကွာ၊ တို့ကို လိုက်ပြီးသတ်နေတာ အလုပ်ပြီးသွားလို့ တို့ကို စာရင်းသိမ်းတာကွ. . .၊ တို့ကို ခိုင်းတဲ့လူကပဲ တို့ကိုလိုက်သတ်တာပဲကွ. . .၊





အဲဒီတော့ မင်းကို ငါပြောချင်တာက ငါသေပြီဆိုရင် မင်းလွတ်အောင် ပြေးပေတော့၊ ပြေးတဲ့အခါမှာ လာလမ်းအတိုင်း မပြန်နဲ့၊ ရှေ့ကို ဆက်ပြီးပြေး၊ တိဘက်နယ် ပိုင်နက်ထဲကို ရောက်သွားလိမ့်မယ်၊ အဲဒီမှာလည်း မလုံခြုံသေးဘူးထင်ရင် ဆက်ပြီးပြေး၊ ဘူတန်နယ်ထဲ ကို ရောက်သွားလိမ့်မယ်၊ ဘူတန်ကနေ ဆက်ပြီးပြေးရင် နီပေါနိုင်ငံ ထဲကို ရောက်သွားလိမ့်မယ်၊ အကောင်းဆုံးကတော့ ဘယ်တိုင်းပြည် က ဘယ်လူမျိုးရဲ့ စစ်တပ်ပဲဖြစ်ဖြစ်၊ ကြိုက်ကြိုက် မကြိုက်ကြိုက် တပ် တစ်ထပ်ထဲကို ဝင်လိုက်ရမယ်၊ အဲဒီလိုဝင်လိုက်ရင် မင်းကို သတ်ဖို့ ခက်သွားလိမ့်မယ်၊ အေးချမ်းမှ ပြန်ပြီထွက်လာတာပေါ့ကွာ၊ အဲဒီ တပ်ထဲမှာ အဆင်ပြေတော့လည်း ဆက်ပြီးနေပေါ့ကွာ၊ ပင်စင်ရမှ ထွက်တာပေါ့ကွာ၊ မင်းရဲ့အရည် အချင်းနဲ့ဆိုရင် ဗိုလ်တွေ ဘာ တွေတောင် တက်ပြီးဖြစ်ချင် ဖြစ်လာဦးမှာ"

ဟု ပြောလေ၏။

တာရှိုးသည် ထိုအကြောင်းအရာများကို ယူနန်တရုတ် စကားဖြင့် ပြောနေခြင်း ဖြစ်၏။

ထိုအခါ နီဝါးက. . .

"နေစမ်းပါဦး . . . တာရှိုးရယ်၊ ခင်ဗျားဟာ တိဘက်လား၊ ယူနန်တရုတ်လား. . . ဘာလူမျိုးလဲဗျာ"

ဟု မေးလိုက်ရာ တာရှိုးက. . .

"ဟေ့ကောင်. . . နီဝါး၊ မင်းထင်သလို တိဘက်လည်းမဟုတ်ဘူး၊ ယူနန်တရုတ်လည်း မဟုတ်ဘူး၊ ငါက မြန်မာကွ၊ ရီဖုန်းနဲ့က မြန်မာပြည်က ဘုရားပွဲတစ်ပွဲမှာ မိတ်ဆွေဖြစ်ပြီး သူနဲ့တွဲလာတာ နှစ်ပေါင်း (၂၀)ကျော်ပြီကွ. . .၊ ငါ့ကို သူက ဒီဘက်နယ်ကို လွှတ်ထားတာ၊ ငါက ဒီမှာလာပြီးနေရတာ ကြာပြီကွ. . .၊ ဟောဒီ တောင်ပေါ်ဒေသမှာပဲ အိမ်ထောင်ကျသေးတယ်ကွ၊ ငါ့မိန်းမက မျှစ်ချိုးသ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်က ကျပြီး သေသွားတယ်. . .၊ မုဆိုးဖိုဆိုပါတော့ ငါ့လူရယ်” ဟု ပြောလေ၏။

ထိုအခါ နီဝါးသည် အံ့ဩလွန်း၍ ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်နားထောင်နေလေတော့သတည်း။

❀ ❀ ❀ ❀ ❀

“သူတို့ကတော့ တခြားတိုင်းပြည်အတွက် လွှတ်ထားတဲ့ ငတိတွေပေါ့ကွာ၊ စက်ဘီးနောက်မှာ အထုပ်ကြီးတွေတင်ပြီး ‘ပိုးမျှင်. . . ပိုးမျှင်’လို့ အော်ပြီး အနယ်နယ်မှာ လှည့် လည်ရောင်းနေတဲ့ တရုတ်ကြီးတွေ တွေ့တယ်မဟုတ်လား. . .၊ အဲဒီလူဆယ်ယောက်မှာ ခုနစ်ယောက် က ဒလန်ကွ. . .၊

သုံးယောက် က စပိုင်တွေကွ. . .၊ သူတို့ဟာ ရောက်တဲ့နေရာမှာ မြေတိုင်းစာရေး တွေ၊ မြေတိုင်းအင်စပက်တာတွေနဲ့ ပေါင်းတယ်၊ ရွှေတို့ ငွေတို့ကို မက်လောက်အောင် ပုံပေးပြီး အဲဒီအရပ် နယ်မြေနဲ့ မြေပုံတွေကို အရအမိ ယူတော့တာ ပဲဟေ့. . .၊

“ကမ္ဘာစစ်ဖြစ်လို့ အဲဒီနေရာကို သူတို့တပ်တွေ ပို့တဲ့အခါ ရိုးရိုး အရပ်မြေပုံကနေ စစ်မြေပုံတွေ ဖြစ်သွားတော့တာပေါ့ကွာ၊ တို့ကို လိုက်ပြီးသတ်နေတာ အလုပ်ပြီးသွားလို့ တို့ကို စာရင်းသိမ်းတာကွ. . .၊ တို့ကို ခိုင်းတဲ့လူကပဲ တို့ကိုလိုက်သတ်တာပဲကွ. . .၊ အဲဒီတော့ မင်းကို ငါပြောချင်တာက ငါသေပြီဆိုရင် မင်းလွတ် အောင်ပြေးပေတော့၊ ပြေးတဲ့အခါမှာ လာလမ်းအတိုင်း မပြန်နဲ့၊ ရှေ့ကို ဆက်ပြီးပြေး၊ တိဘက်နယ် ပိုင်နက်ထဲကို ရောက်သွား လိမ့်မယ်၊ အဲဒီမှာလည်း မလုံခြုံသေးဘူးထင်ရင် ဆက်ပြီးပြေး၊ ဘူတန်နယ်ထဲကို ရောက်သွားလိမ့်မယ်၊ ဘူတန်ကနေ ဆက်ပြီးပြေး ရင် နီပေါနိုင်ငံထဲကို ရောက်သွားလိမ့်မယ်၊





## အခန်း ( ၂၀ )

## ချစ်ရေဘူးလေး

နီဝါးနှင့် တာရှိုးတို့သည် ရောက်နေသော စခန်း၌ပင် ဆက်လက်နေထိုင်ကြလေ၏။ မိုးမှာ သည်းထန်စွာ ရွာသောကြောင့် အသွားအပြန်မည်သည့်ဘက်ကမျှ အထမ်းသမားဟူ၍ ပေါ်မလာတော့ပေ။ မိုးသည် တစ်နေ့ထက်တစ်နေ့ သည်းထန်လာ၏၊ တစ်ခါတစ်ရံ မိုးသက်မုန်တိုင်းများပင် ကျနေသောကြောင့် ခရီးသည်ဟူ၍ တစ်ဦးတစ်လေမျှပင် ပေါ်မလာတော့ပေ။

တစ်နေ့တွင် မိုးများသည် သည်းထန်နေသည့်ကြားမှကပင် လူသုံးယောက်သည် နီဝါးတို့၏ စခန်းအတွင်းသို့ မိုးကာများ ခြုံ၍ ဝင်လာကြသောကြောင့် တာရှိုးရော နီဝါးပါ သတိကြီးစွာဖြင့် ထိုသုံးဦးအား အကဲခတ် ကြည့်ရှုနေ၏။

ပထမဦးဆုံး မိုးကာများကို ချွတ်လိုက်သော သူမှာ လွန်စွာ ချစ်ဖွယ်ကောင်းသော တိဘက် မိန်းကလေးတစ်ဦးဖြစ်၏။

ထိုမိန်းကလေးက တာရှိုးကို မြင်လျှင်မြင်ချင်း. . .

“တာရှိုး”

ဟု လှမ်း၍ အော်လိုက်သောကြောင့် တာရှိုးသည် ကိုင်ထားသော ဓားကို အသာအယာ ဘေးသို့ ချလိုက်လေ၏။ ကျန်နှစ်ယောက်လည်း မိုးကာများကို ချွတ်၍ ခေါင်းဆောင်းများကို ဖယ်ပြီးလျှင် ထမ်းလာသော အထုပ်အပိုးများကို ချကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ယောက်မှာ မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားကြီးတစ်ယောက်ဖြစ်၏။ စောစောက 'တားရှီး'ဟု လှမ်းခေါ်လိုက်သော တိဘက်လုံမပျို၏ အမေနှင့် အမဖြစ်လေ၏။ ၎င်းတို့နှစ်ဦးလည်း တာရှီးကိုမြင်လျှင် အားရ ဝမ်းသာ နှုတ်ဆက်ကြလေ၏၊

တာရှီးလည်း ၎င်းတို့အား ကောင်းစွာ အမှတ်ရသွားပြီဖြစ်၍ ပြန်လည်၍ အားရဝမ်းသာ နှုတ်ဆက်လေ၏။

ထို့နောက် တာရှီးက. . .

"နီဝါးရေ. . . ဟောဒါ တိဘက်မိသားစုပဲကွ၊ ငါနဲ့ရင်းနှီးခင်မင်ခဲ့ကြဖူးတယ်၊ ပြန်းကနဲ မမှတ်မိလို့ကွ၊ ဒီကလေးမလေးက ငါနဲ့သူ့မိဘတွေနဲ့သိခါစက ကလေးပေါက်စလေးကွ၊ ဟောဒီ လူကြီးနာမည်က လာဇွန်း၊ သူ့မိန်းမနာမည်က ညောင်ဇွန်းတဲ့၊ သမီးကလေး နာမည်ပြောစမ်း"

ဟု တိဘက်ဘာသာဖြင့် တာရှီးက လှမ်း၍ မေးလိုက်ရာ မိန်းကလေးက "ထွင်းမာ" ဟု ပြန်၍ ဖြေလေ၏။

ထိုအခါ နီဝါးဘက်လှည့်ကာ. . .

"နီဝါးရေ. . .၊ ကောင်မလေးနာမည်က 'ထွင်းမာ'တဲ့ကွ၊ မင်းနဲ့ရွယ်တူပဲ"

ဟု လှမ်း၍ နောက်လိုက်လေ၏။

ထို့နောက် ထွင်းမာတို့မိသားစုနှင့် တာရှီးသည် စကားလက်ဆုံးကျနေလေ၏။ နောင်တွင် သိရသည်မှာ ၎င်းတို့မိသားစု တိဘက်မိသားစုဖြစ်ပြီး ရှန်ဂရီလာခေါ်သည့် တိဘက်တောင်ကြား ဒေသတွင် နေထိုင်ကြသူများ ဖြစ်၏။ ထိုနေရာမှနေ၍ တရုတ်ပြည်၊ ဒါလီမြို့ ပြောင်းရွှေ့ကာ အရောင်းအဝယ်လုပ်ကြ၏၊

ထိုသို့လုပ်ခြင်းမှာလည်း အခြားအကြောင်း ရည်ရွယ်ချက် ကြီးကြီးမားမား မရှိသော်လည်း သမီးလေး ထွင်းမာအား ပညာသင်ကြားရန် ရည်ရွယ်ချက်သာရှိလေ၏။ သို့ရာတွင် ၎င်းတို့၏ လုပ်ငန်း ကိုင်းနေ်းများ မကောင်း





တော့၍ ဒါလီမြို့တွင် ဆက်၍ မနေနိုင်တော့ဘဲ တောင်ကြားဒေသသို့ အပြီးပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရလေတော့၏၊

နီဝါးသည် ထွင်းမာတို့ မိသားစုစားရန်အတွက် ထမင်းထပ်၍ ချက်ရလေ၏၊ မျှစ်ခြောက်နှင့် နွားနောက်သားကို အဆင်ပြေအောင် ချက်ပြုတ်ရ၏၊

အရည်သောက်အဖြစ် မှိုခြောက်ပန်းခြောက်များ၊ ကြက်သွန်ဖြူများ၊ ယုန်သားကင်များဖြင့် စီမံရလေ၏။

ထွင်းမာတို့ မိသားစုသည် နီဝါးချက်သော ထမင်းဟင်းကို မြိန်ယှက်စွာ စားသောက်ကြလေ၏၊

စားသောက်နေရင်းနှင့်လည်း နီဝါးအား များစွာ ချီးကျူးကြလေ၏၊ ထိုသို့ ချီးကျူးကြောင်းကို တာရှီးက ပြန်၍ ပြောပြလေ၏။

"နီဝါးရေ. . . ယောက္ခမလောင်းနှစ်ယောက်ကတော့ သဘောကျနေပြီကွ၊ သူတို့အိမ်လိုက်သွားပြီး ထမင်းဟင်း ကောင်းကောင်းချက်ရမယ့် ပုံပေါ်နေပြီကွ"

ဟု နောက်ပြောင်လေ၏။

"ကောင်မလေးများနှာက တော်တော့ကို မြန်မာနဲ့တူတယ်နော"

ဟု နီဝါးက ပြောလိုက်ရာ တာရှီးက. . .

"သူတို့လဲ တိဘက်အစစ် မဟုတ်ဘူးကွ၊ မွန်ဂိုအဆက်တွေပဲကွ၊ မွန်ဂိုပဲဖြစ်ဖြစ်၊ တိဘက်ပဲဖြစ်ဖြစ်၊ မြန်မာပဲဖြစ်ဖြစ် မျက်နှာပေါက် မျက်နှာကျတွေက တူတယ်ကွ" ဟု ပြောလေ၏၊

"ခက်တာကွ ကျုပ်က တရုတ်လိုတော့ ပြောတတ်တာပေါ့၊ တိဘက်လိုတော့ မတတ်ဘူးလေ"

ဟု နီဝါးက ပြောလိုက်လျှာ တာရှီးက. .

"ကောင်မလေးနဲ့ ချစ်သွားရင် အဲဒီစကားက အမြန်ဆုံးတတ်သွားမှာပါ" ဟု ပြန်၍ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နီဝါးသည် ရေနွေးကြမ်းကိုတည်၍ လက်ဖက်ခြောက်ခတ်ပြီးလျှင် ဧည့်သည်သုံးဦးအား ရေနွေးကြမ်း တိုက်လေ၏။ အမှန်စင်စစ်အားဖြင့် နီဝါး၏ဘဝသည် အကျပ်အတည်းအတွင်းသို့ ကျရောက်နေခြင်းဖြစ်၏။ ဆရာသဖွယ်၊ ဦးလေးသားချင်းသဖွယ် အားကိုးရသော ဦးရီဖုန်းလည်း မရှိတော့ပေ။ ဒုတိယအားကိုးစရာဖြစ်သော တာရှီးမှာလည်း ရန်သူ၏လုပ်ကြံခြင်းကို မည်သည့်နေ့ရက်တွင် ခံရမည်ဟု မဆိုနိုင်ပေ။ တာရှီးမရှိလျှင် ရှေ့ဆက်၍ မည်သို့စခန်းသွားရမည်ကို နီဝါးအနေဖြင့် တွေး၍ပင် မရနိုင်အောင် ရှိလေတော့၏။

တစ်နေ့တွင် တာရှီးက. . .

"ဒီမှာ နီဝါး၊ ငါ့ကို သတ်မယ့်လူတွေက ငါ့ကိုသတ်ပြီးရင် မင်းကိုလည်း ချမ်းသာပေးမှာ မဟုတ်ဘူး၊ တို့ရဲ့လက်ထောက်၊ တို့ရဲ့လူယုံလို့ မင်းကိုပါ သိထားလိမ့်မယ်၊ အဲဒီအခါ မင်းကိုလည်း အပြတ်ရှင်းပစ်လိမ့်မယ်၊ အဲဒီတော့ မင်းကို ပြောချင်တာက ငါမရှိဘူးဆိုရင် နောက်ကြောင်းကို မလှည့်နဲ့တော့. . .၊ ရှေ့ကိုသာဆက်သွားပေတော့၊ ဒီကနေ တည့်တည့်ဆက်သွားရင် ယူနန်နယ်ရဲ့အစပ်မှာ ရှန်ဂရီလာဆိုတဲ့ တောင်ကြားဒေသတစ်ခုရှိတယ်၊ လူနေတော့အတော်ကျဲပါတယ်၊ အိမ်စုလေးတွေ အိမ်စုလေးတွေတော့ ရှိတာပေါ့၊ အဲဒီနေရာကို အရောက်သွားရင် လာဇွန်းတို့၊ ထွင်းမာတို့မိသားစုနဲ့တွေ့မှာပဲ၊ သူတို့ဆီမှာ တစ်ထောက်နားပြီးရင် တိဘက်ကိုဖြတ်ရမယ်၊ တိဘက်ကနေ ဘူတန်ဘက်ကို ဆင်းရမယ်၊ အဟန့်အတားအနှောင့်အယှက်တွေတော့ ရှိကောင်းရှိမယ်၊ မင်းမှာအရည်အချင်းရှိပြီးသားပဲ၊ ဖြစ်အောင်သွားရမယ်၊ ဘူတန်ကိုဖြတ်ပြီးရင် နီပေါကိုရောက်လိမ့်မယ်၊ အထူးအရေးကြီးတာက ဘာသာစကားပဲကွ၊ ဘာသာစကားတစ်ခုနဲ့တစ်ခု ပြောင်းလဲလေ့လာရတာတွေ ရှိမှာပေါ့၊ ဘာသာစကား လေ့လာတဲ့အခါမှာ အကောင်းဆုံးနည်းကတော့ ဘာလဲဆိုတဲ့ စကားကိုရအောင် အရင်သင်ရတယ်ကွ. . .၊ ဘာလဲဆိုတာရရင် မင်းသိချင်တဲ့ စကားလုံးတွေအတွက် ဘာလဲဆိုတဲ့ စကားလုံးနဲ့





မေးပြီး မှတ်ထားလိုက်ရုံပေါ့၊ ဥပမာ. . . မင်းက မြန်မာစကားသင်ချင်တယ်ဆိုပါတော့. . .၊ မီးခြစ်ကို မြန်မာလို ဘယ်လိုခေါ်ရမှန်း မသိဘူးဆိုပါစို့၊ အဲဒီအခါမှာ မင်းဟာ မီးခြစ်ကိုကိုင်ပြီး ဘာလဲလို့ မေးရမယ်၊ သိတဲ့လူက မင်းကို မီးခြစ်လို့ ပြန်ပြီးဖြေလိမ့်မယ်၊ အဲဒီဖြေတဲ့အသံထွက်ကို မှတ်ထားပြီး အကြိမ်ပေါင်းများစွာ ဆိုလိုက်ရင် မီးခြစ်ကို မင်းခေါ်တတ်သွားပြီပေါ့၊ အဲဒီလိုနဲ့ပဲ ကိုယ် မသိသေးတဲ့ ဘာသာစကားကို ထောင်နဲ့ချီပြီး သိသွားနိုင်တာပေါ့၊ အဲဒီစကားလုံးများများသိသွားရင် စပ်ဟပ်ပြီး ပြောဆိုလို့ရပြီပေါ့ကွာ၊ အဲဒီလောက်အခြေခံရသွားရင်တော့ ရှေ့အဖို့မှာ ရေရေလည်လည် ပြောတတ်၊ နားလည်တတ်ဖို့ကတော့ ဘာခက်တော့မလဲ"

ဟု ပြောလေ၏။

"တာရှီးပြောတာ ဟုတ်ပါပြီ၊ ကျုပ်က နီပေါထိရောက်အောင် ရှောင်တိမ်း ပြေးပုန်းလို့ရပြီဆိုပါစို့၊ အဲဒီကို ရောက်တော့ ကျုပ်က ဘာဆက်လုပ်ရမှာလဲ"

ဟု နီဝါးက မေးလိုက်လေ၏။

"မင်းနောက်မှာ ရန်သူတွေလိုက်လာသေးတယ်လို့ ယူဆရင်တော့ တခြားအလုပ်မရှာနဲ့ကွ၊ ရောက်ရာနေရာက စစ်တပ်ကို ဝင်ရမယ်ကွ၊ ထမင်းချက်အဖြစ်နဲ့ပဲရရ၊ ဘာနဲ့ပဲရရ ဝင်လိုက်ရမယ်၊ အဲဒီကျမှ မင်းဟာ လုံခြုံသွားမှာ. . .၊ ကျန်တာတွေကတော့ ဉာဏ်ရှိသလို ဆက်လုပ်ပေါ့ ကိုယ့်လူရယ်"

ဟု တာရှီးက ပြောလေ၏။

ထိုနေ့၌ပင် နီဝါးသည် တာရှီးထံမှ တိဘက် ဘာသာစကားဖြင့် 'ဘာလဲ'ဟူသော စကားတစ်ခွန်းကို သင်ယူထားလိုက်လေ၏။ ထိုသို့ သင်ယူထားပြီးနောက် ထွင်းမာနှင့်တွေ့လျှင် အခွင့်ကြုံတိုင်း ရေကိုကိုင်၍ 'ဘာလဲ' ဟု မေး၏။ ထမင်းကိုကိုင်ပြ၍ 'ဘာလဲ'ဟု မေးလေ၏။ ထို့ကြောင့် သုံးရက်မျှကြာသောအခါ နီဝါးသည် တိဘက်စကားလုံး တစ်ရာကျော်ခန့် မှတ်သားမိနေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တာရှိုးက. . .

"မင်းက သိပ်ပြီးဉာဏ်ကောင်းတဲ့ ကောင်ပဲ၊ တစ်လ၊ နှစ်လ လောက်ဆိုရင် အတော့်ကို ပြောတတ်သွားမှာ"

ဟု ချီးမွမ်းလေ၏။

မိုးစဲ၍ ရာသီဥတုကောင်းသွားသောအခါ၌ ထွင်းမာတို့မိသားစုသည် ခရီးဆက်ကြလေ၏။ ခွဲခွာသွားရမည် ဖြစ်သောကြောင့် ထွင်းမာ၏ မျက်နှာ၌ ဆွေးရိပ်မှုပေါ်နေသည်ကို နီဝါး သတိပြုမိလေ၏။ နီဝါးသည် ဝါးလုံးတစ်လုံးကို ခုတ်ကာ အဖုံးကလေးဖြင့် ရေဘူးကလေးတစ်လုံး ပြုလုပ်ပြီးလျှင် ထွင်းမာ လမ်းတွင်သောက်ရန်အတွက် လက်ဆောင်ပေးလိုက်လေ၏။ ထွင်းမာသည် ထိုရေဘူးကလေးရသော အခါ၌. . .

"ယရှို. . . ယရှို. . . ယ. . . ယ. . . ရှို"

ဟု ဆိုကာ လက်ခုပ်လက်ဝါးတီးလေ၏။ အဓိပ္ပာယ်မှာ 'ကောင်းတယ်. . သိပ်ကောင်းတယ်" ဟူ၍ ဖြစ်လေတော့၏။

ထွင်းမာတို့ မိသားစုသည် နီဝါး၏ မြင်ကွင်းတွင် တဖြည်းဖြည်း ပျောက်ကွယ်၍ သွားပြီဖြစ်၏။ နီဝါးသည် ရင်၌ ဟာတာတာကြီး ဖြစ်၍ ကျန်ခဲ့လေ၏။ တာရှိုးက. . .

"နီဝါး မင်းဟာ ထွင်းမာကို ချစ်ရေဘူးလေး လက်ဆောင်ပေးလိုက်တာကိုးကွ၊ အဲဒီရေဘူးလေးဟာ ဇာတ်ထုပ်ကြီးတစ်ထုပ် ဖြစ်ချင်လည်း ဖြစ်သွားလိမ့်မယ် ငါ့လူရေ၊ ဒါပေမဲ့ အဲဒီဇာတ်ထုပ်ဟာ ရေဘူးလေးနဲ့ စတာဆိုတော့ အေးချမ်းတဲ့ ဇာတ်ထုပ်ဖြစ်ပါလိမ့်မယ်ကွာ၊ သိပ်ပြီး စိတ်ပူစရာမလိုပါဘူး၊ ပူစရာလိုတာ အခုကွ၊ လူသတ်သမားအဖွဲ့ဟာ အထမ်းသမားတွေနဲ့ ရောပြီး ပြန်လာတော့မယ်၊ ရာသီဥတုကောင်းသွားပြီလေကွာ၊ တို့ရဲ့အသက်ရှင်ရေးအတွက် ရှိသမျှ အကြံဉာဏ်ထုတ်ပေတော့ နီဝါးရေ၊ သေမင်းကတော့ လာတော့မယ်"

ဟု ပြောလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀





## အခန်း ( ၂၁ )
## ရင်ဆိုင်မှုစခြင်း

နီဝါးသည် တာရှိုးအား သေချာစွာ ကြည့်၍. . .

"ဒီလိုလုပ်မယ်ဗျာ. . .၊ ဟောဟို တောင်အဆင်း လမ်းနံဘေးမှာ ခင်ဗျားသေသွားလို့ တွင်းတူးပြီး မြှုပ်ထားတဲ့ ပုံသဏ္ဍာန် မှတ်တိုင်လေးနဲ့ လုပ်ထားမယ်ဗျာ၊ အထမ်းသမားတွေနဲ့ရောပြီး ပါလာမယ့် လူသတ်သမားဟာ တောင်အောက်ကို ဒရွတ်ဆင်းခပ်တဲ့ လူတွေက တစ်ဆင့် အဲဒီမြေပုံကို မြင်သွားရင် ခင်ဗျားသေပြီဆိုပြီး လက်လျှော့သွားမှာပေါ့"

ဟု နီဝါးက ထပ်မံ၍ ပြောလိုက်လေ၏။

ထိုအခါ တာရှိုးက. . .

"လူသတ်သမားဟာ လူလေကွာ၊ သူ့အနေနဲ့ ဘယ်ယုံမလဲကွ၊ အထဲမှာ အလောင်းရှိ၊ မရှိ မြေပုံကို ဖော်ကြည့်မှာပေါ့"

ဟု ပြန်၍ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖော်ချင်းဖော်ပစေဗျာ၊ အထဲမှာ မောင်းတက်ဆင်ပြီး တစ်စို့တပ်ထားမယ်ဗျာ. . .၊ ဖော်လိုက်တာနဲ့ မောင်းတတ်ပြုတ်ပြီး တံစို့က ရင်ဝကို ထိုးပြီးသားဖြစ်အောင် လုပ်ထားတယ်ဗျာ၊ အဲဒါဆိုရင် ခင်ဗျား လူသတ်သမား ပွဲသိမ်းပြီပေါ့၊ ကျန်သေးတယ်လို့ထင်ရင်လည်း ကျန် တဲ့လူသတ်သမားကို ကျုပ်တို့က ပုန်းနေရာက အလစ်တိုက်မယ်ဗျာ"

ဟု နီဝါးက ပြောလိုက်လေ၏။

ထိုအခါ တာရှီးက. . .

"လူသတ်သမားဟာ ရှိသလောက်နဲ့ နှစ်ခုခွဲလာလိမ့်မယ်၊ ပထမအဖွဲ့က တို့ကို အပြီးမသတ်နိုင်ရင် ဒုတိယအဖွဲ့က သတ်နိုင်အောင် ကြိုပြီး လုပ်လိမ့်မယ်ကွ၊ အဲဒါ ငါတို့ တရုတ်လူမျိုးတွေရဲ့ လုပ်လေ့လုပ်ထရှိတဲ့ သဘောပဲကွ. . .၊ ပထလူက သတ်ရင် ဒုတိယလူက အလောင်းဖျောက်တဲ့ သဘောပဲကွ၊ တကယ်လို့ ပထမလူ ချော်သွားရင်လည်း ဒုတိယလူက အပြီးလုပ်ရတယ်ကွ"

ဟု ပြောလျှင် နီဝါးက. . .

"အလွန်ကောင်းတာပဲဗျာ၊ ဒီနည်းလေးကို အတုတောင် ခိုးရဦးမယ်၊ ပြီးတော့ ဒီသဘာဝကို သိထားတော့ ကျုပ်တို့အဖို့ ပိုပြီး လွယ်တာပေါ့ဗျာ၊ ဒုတိယအဖွဲ့အတွက်ပါ မောင်းတက်ဆင်ရမယ်ဗျ. . ."

ဟု ဆိုကာ နီဝါးသည် တာရှီး၏မြေပုံအတုကို ရေခပ်ဆင်းသော တောင်စောင်းနံဘေးတွင် ဖန်တီးလေတော့၏။ ကျင်းတစ်ကျင်းတူး၏။ ဝါးတံစို့ကို မောင်းတက်ဆင်၍ တပ်၏။ ပြီးလျှင် အပေါ်မှမြေဖို့၍ ကျောက်တုံးများဖိကာ မောင်းတက်ကို ဖုံးထားလေ၏။ ထို့နောက် ခေါင်းရင်းဘက်တွင် မှတ်တိုင်လေးတစ်ခု စိုက်ထားလိုက်လေ၏။

တာရှီးသည် နီဝါးလုပ်သည်ကို ကြည့်ပြီးနောက်. . .

"မင်းလုပ်တဲ့ မြေပုံက တိုနေတယ်ကွ. . .၊ ငါက အရပ်ရှည်တယ်လေကွာ၊ သဘာဝကျအောင်တော့ လုပ်မှဖြစ်မယ်. . . ဟေ့"





ဟု တာရှီးက ပြောလေ၏။

ထို့ကြောင့် နီဝါးသည် တာရှီး၏အရပ်ကို ဝါးလုံးဖြင့် တိုင်းတာ ကျင်းကို ပြန်၍တူးလေ၏။

အလုံးစုံပြီးသောအခါ၌ တာရှီးက. . .

"အေး. . . ဟုတ်တယ်. . . ဟုတ်တယ်၊ အခုမှ ငါသေလို့ မြှုပ်ထားတဲ့ မြေပုံနဲ့ တူတယ်ကွ"

ဟု ပြောလေ၏။

အလုံးစုံဆောင်ရွက်ပြီးသောအခါ၌ နီဝါးသည် ရန်သူနှင့် တိုက်ခိုက်ရန်အတွက် ဝါးဖြင့် လက်နက်များ ပြုလုပ်လေ၏။

ထိုအခါ တာရှီးက. . .

"လူသတ်သမားတွေမှာ သေနတ်အတိုတွေ ပါချင်ပါမယ်ကွ၊ ဒါပေမဲ့ အဖြစ်နိုင်ဆုံးကတော့ ဓားတွေပဲကွ၊ မင်းရဲ့ ဝါးချွန်ဟာ ရန်သူနဲ့ ယှဉ်ပြိုင်ဖို့ မလုံလောက်ဘူးကွ၊ ပေး. . ငါ လုပ်ပြမယ်"

ဟု ဆိုကာ မတိုမရှည် ဝါးကျစ်တုတ်တစ်ချောင်းထိပ်တွင် တစ်ထွာကျော်ကျော်ကြိုးကို တပ်၍ တစ်တောင်ခန့်ရှိသော ဝါးကျစ်တုတ်ကို ချည်ထားလေ၏။

ထိုအခါ နီဝါးက. . .

"ခင်ဗျားဟာက ဘာလက်နက်လဲဗျ"

ဟု မေးလိုက်လေ၏။

"ဒါက အမှန်ပြောရရင် လက်နက်မဟုတ်ဘူးကွ၊ တောရပ်ဒေသတွေမှာရှိတဲ့ လယ်သမားတွေရိတ်ထားတဲ့ စပါးပုံကို ရိုက်ပြီး စပါးခြွေတဲ့ ကိရိယာကွ၊ ဒီတုတ်နဲ့ရိုက်လိုက်ရင် ထိပ်မှာချည်ထားတဲ့ ဝါးဆပ်တုတ်လေးက ယမ်းပြီးသွားထိတာကွ၊ ရိုက်အားရော ကြိုးလွှဲအားရော နှစ်ဆင့်ပေါင်းပြီး အရှင်းပြင်းတယ်ကွ၊ ထိပ်တည့်တည့်ကိုများ ထိသွားရင် လူကိုမပြောနဲ့၊ ဆင်ရဲ့ထိပ်ကိုထိရင်တောင် ငုတ်တုတ်ထိုင်ပြီး သေသွားနိုင်တယ်ကွ၊ ဒါပေမဲ့ ရိုက်တတ်အောင်၊ ကျွမ်းကျင်အောင်ကတော့ နည်းနည်းပါးပါး ရိုက်စမ်းကြည့်ထားဦး၊ သူကမြား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ခုတ်၊ ကိုယ်က ဒါနဲ့ရိုက်ရင် သူ့ခေါင်း ကိုယ့်ဘက်ကိုတွေ့တယ်ဆိုပါ

စို့၊ တော်ရုံတန်ရုံ ဓားကတော့ မှန့်လေပွေ ဖြစ်ချင်ဖြစ်၊ မဖြစ်ရင်

ခေါက်မုန့်ဖြစ်သွားတယ်"

ဟု တာရှီးက ပြောလေ၏၊

ထို့နောက် နီဝါးသည် ထိုကြိုး ဆက်တုတ်ကို ကိုင်၍ ဝါးရုံများကို လျှောက်၍ ရိုက်ကြည့်လေ၏။

ထိုသို့ ရိုက်ကြည့်ပြီးနောက်. . .

"တာရှီးရေ. . . အတော်နိုင်တယ်ဗျို့၊ ဒါနဲ့တိုက်ရမှာပဲ၊ လူသတ်သမား

ကတော့ လက်တွေကျိုး၊ ဦးခွံတွေကွဲပြီး သေကုန်မှာပဲ"

ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

ထိုအခါ တာရှီးက. . .

"လူသတ်သမား သေတာ၊ မသေတာ အသာထားကွာ၊ ငါသေသွား

ရင်တော့ မင်း ဒီနားမနေနဲ့နော်၊ လစ်ပေတော့၊ လာဗွန်းတို့၊ ထွင်းမာ

တို့ဆီကို ရောက်အောင်ပြေး၊ အဲဒီမှာ တစ်ထောက်နားပြီးတော့

တိဘက်ကို ပြေး၊ အဲဒီကနေ ဘူတန်ဘက်ကိုဆင်း၊ သူတန်ကမှတစ်

ဆင့် နီပေါကို ပြေးပေတော့. . .၊ ဖြစ်နိုင်ရင် စစ်တပ်တစ်တပ်ထဲ

ကို ဝင်လိုက်၊ အဲဒါဆိုရင်တော့ မင်းရဲ့အသက်ဟာ လုံခြုံသွားပြီ"

ဟု ပြောလေ၏။

"ခင်ဗျား ကျုပ်ကို မှာပြီးသားပါဗျာ" ဟု နီဝါးက ပြောလေ၏။

"အေး. . . မှာပြီးသားပဲ၊ ထပ်ပြီးမှာရတာပေါ့၊ မင်း မေ့သွားမှာ

စိုးလို့၊ ငါသေတာနဲ့ မင်းအနေနဲ့ လစ်ပေတော့၊ နောက်ကျတဲ့

ခြေထောက် သစ္စာဖောက်ပေါ့ကွာ"

ဟု တာရှီးက ပြောလေ၏၊

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး သုံးရက်ခန့်ကြာသော အခါ၌ တိဘက်မှလာသော အထမ်းသမား ၈ ဦး ရောက်လာလေ၏၊ နီဝါးနှင့် တာရှီးသည် ပစ္စည်းပစ္စယများကို သိမ်းဆည်း၍ တောင်ဆုံးတွင် ကပ်နေလေ





၏၊ အထပ်သမား ၈ ဦးအနက် ၂ ဦးသည် တာရှီး၏ မြေပုံကိုတွေ့သွားရာ မြေပုံကိုဖော်၍ ကြည့်ကြလေ၏၊ ထိုသို့ဖော်လိုက်စဉ်၌ပင် ဝါးတံစို့တစ်ချောင်း ထွက်လာပြီး တစ်ဦး၏လည်မျိုကို ထုတ်ချင်းပေါက်သွားလေ၏၊ ကျန်သော တံစို့တစ်ချောင်းလည်း ကျန်တစ်ဦး၏မျက်နှာကို ရိုက်ပြီးသား ဖြစ်သွားလေ ၏။ ထိုအခြင်းအရာကိုမြင်သော အထမ်းသမားများအနက် နှစ်ဦးသည် သေနတ်အတို တစ်လက်စီထုတ်၍ မြေပုံအနီးသို့ ပြေးလာကြလေ၏၊ ထို့နောက် အနီးပတ်ဝန်းကျင်တွင် တာရှီး ရှိ မရှိ ရှာဖွေလေတော့၏။

ထိုအခါ တာရှီးက နီဝါးအား. . .

"မင်း အသာကပ်နေ မထွက်နဲ့"

ဟု ဆိုကာ ၎င်းက ကြိုးဆက်တုတ်တစ်ချောင်းကို ကိုင်၍ ထိုသူ၏အလစ် တွင် ထွက်၍ ရိုက်လေ၏။ ထိုသူသည် လက်ကျိုး၍ သေနတ်လွတ်ကျသွား လေ၏။ ကျန်တစ်ဦးသည် အဝေးမှနေ၍ တာရှီးအား သေနတ်ဖြင့် ပစ်လိုက် ရာ တာရှီး၏ ဦးခေါင်းကို ထိမှန်၍ အသက်ထွက်သွားလေတော့၏။ ထို အခါ၌ ထိုသူသည် တာရှီး၏ သေဟန်ဆောင်ထားသော တွင်းအတွင်းသို့ အလောင်းများကို ထည့်၍ မြေဖို့ပစ်လိုက်လေတော့၏။

နီဝါးလည်း တောင်ကြားလမ်းမှနေ၍ ပြေးခဲ့ရလေတော့၏။ တစ် တောင်ဆင်း တစ်တောင်တက်ဖြင့် ပင်ပန်းကြီးစွာ ပြေးခဲ့ရလေ၏။ လမ်းတွင် ဆာလောင်မွတ်သိပ် သောအခါ၌ ပါလာသော မှိုနှင့်မျှစ်များကို ဝါးကျည်တောက် ဖြင့် ပြုတ်ကာ စားသောက်ရလေ၏။ တောင်ကျစမ်းရေကလေးများကို ဝါးကျည် တောက်ဖြင့်ခံကာ သောက်ရလေ၏၊

ဤသို့ဖြင့် တဖြည်းဖြည်း တစ်တောင်ဆင်း တစ်တောင်တက် ပြေး ခဲ့ရာ နောက်ဆုံးတွင် ကျားခုံတောင်ကြားဟု ခေါ်သော လှပသည့် မြို့ကလေး တစ်မြို့ဆီသို့ ရောက်ရှိခဲ့လေ၏။ ထိုတောင်ကြား မြို့ကလေးတွင် ရိက္ခာ အနည်းငယ် ဝယ်ပြီးနောက် တိဘက်ဘက်သို့ သွားရန် ခရီးဆက်ရလေတော့ ၏၊ နှစ်ရက်ခန့် အပြင်းအထန် ခရီးဆက်လိုက်ရာ တရုတ်ပြည်အတွင်းသို့ စီးဝင်သည့် ထုံမြစ်၏ မြစ်ဖျားကို ရောက်သွားလေ၏၊ ထိုမြစ်ဖျားမှဆက်၍ သွားရာ နောက်ဆုံးတွင် လမင်းပြာတောင်ကြားဒေသဟု တင်စားရသော



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ အေးချမ်းသော ရှန်ဂရီလာဟုခေါ်သည့် လှပသော တောင်ကြား ဒေသလေးသို့ ရောက်သွားလေ၏။

ထိုတောင်ကြားဒေသတွင် ကြီးမားသော ကျောက်တောင်ကြီးတစ်တောင် ရှိ၏။ ထိုကျောက်တောင်ကြီးတွင် တိဘက် လားမားဘုန်းတော်ကြီးများ ရာနှင့်ချီ၍ သီတင်းသုံး နေထိုင်သည့် ရွှေအမိုးဖြင့် ပြုလုပ်ထားသော ထူးခြားသော ကျောင်းတော်ကြီးလည်းရှိ၏။ မြောက်မြားစွာသော နွားနောက်များကိုလည်း တောင်ကုန်းများပေါ်တွင် တွေ့ရ၏။

သူသည် စမ်းချောင်းငယ်တစ်ခုတွင် ထိုင်ကာ ရေသောက်ရင်း အမောဖြေနေလေ၏။ ထိုအချိန်၌ ရွာအတွင်းမှ မိန်းကလေးများ ရေခပ်လာကြလေ၏၊ သူသည် ထွင်းမာနှင့် တာရှီးထံမှ တတ်ထားသော တိဘက်စကားအချို့ဖြင့် ဟိုမေး ဒီမေး မေးကြည့်လေ၏။ ထိုသို့မေးနေစဉ်မှာပင် ထွင်းမာလည်း ရောက်လာလေ၏။

ထိုအခါ နီဝါးက. . .

"ထွေးမာ. . ." ဟု မြန်မာသံဖြင့် ခေါ်လိုက်လေ၏။

ထိုအခါ ထွင်းမာကလည်း. . .

"နီဝါး" ဟု ခေါ်လိုက်လေ၏။

ထို့နောက် နီဝါးက တာရှီးသေပြီဖြစ်ကြောင်း ကိုယ်ဟန်အမူအရာနှင့်ရော၊ စကားနှင့်ရော ကြိုးစား၍ ပြောပြလေ၏။

ထွင်းမာသည် နီဝါးအား အိမ်သို့ခေါ်သွားလေ၏၊ ထွင်းမား၏ မိသားစုများ ဖြစ်ကြကုန်သော လာဇွန်းနှင့် ညောင်ဇွန်းတို့သည် နီဝါးအား ဝမ်းသာ အယ်လဲ ခရီးဦးကြိုပြုကြလေ၏။

ထို့နောက် လာဇွန်းကပင် သူ၏အိမ်တွင် တည်းခိုနိုင်ကြောင်း ပြောသောကြောင့် နီဝါးလည်း ထွင်းမာတို့အိမ်၌ပင် ခေတ္တမှီခို နေရလေ၏။ ထွင်းမာ လုပ်ရမည့် အလုပ်ကို ဝိုင်း၍ ကူညီ၏။ လာဇွန်းလုပ်ရမည့် အလုပ်များကိုလည်း ဝိုင်း၍ ကူညီ၏။





ထိုဒေသတွင် ဆန်ကိုပင် စားကြလေ၏။ ဟင်းလျာမှာ နွားနောက်သား၊ တောင်ဆိတ်သားသည် အဓိကဖြစ်၏၊ မုန်လာဥဝိုင်းများကိုလည်း အခြောက်လှန်း၍ ချက်ပြုတ်စားသောက်လေ့ရှိ၏။

ခေါက်ဆွဲကိုမူ မုန့်ပဲသရေစာအနေဖြင့် စားကြလေ၏၊ ခေါက်ဆွဲ မစားသောအခါ၌ ဆန်ပြုတ်ကို သောက်ကြလေ၏။

လားမားကျောင်းတွင်မူ သက်သက်လွတ်သာ စားကြရလေ၏။ အသားကိုမူ မစားကြပေ။ နီဝါးသည် ထွင်းမာတို့၏အိမ်တွင် ရက်ပေါင်း ၆၄ ရက်တိတိ တည်းခိုနေထိုင်လေ၏။

ထိုသို့ နေထိုင်ရင်း ထွင်းမာနှင့် ချစ်ကြိုးသွယ်၍ သွားလေ၏။ ထင်း ချိုးထင်းကောက် နှစ်ယောက်အတူတူ သွားကြလေ၏၊ ထိုသို့သွားရာ၌ နီဝါး သည် တောပန်းကလေးများကို ခူး၍ ထွင်းမာ၏ ခေါင်းတွင် ပန်ပေးလေ၏။

နီဝါးသည် ထွင်းမာကို နမ်းရှုပ်၏။ ထွင်းမာ၏ ကျစ်လျစ်တောင့်တင်းသော ကိုယ်လုံးကလေးကို အချိန်အကြာကြီး ဖက်ထားတတ်၏။ ထိုသို့ဖက်ထားသောအခါ၌ ထွင်းမာသည် တခစ်ခစ် ရယ်တတ်လေ၏။

နီဝါးသည် ထွင်းမာ၏ ပါးကလေးကို တစ်ခါနမ်းလိုက်၊ တောပန်းလေးတစ်ပွင့် ပန်ပေးလိုက်နှင့် ပြုလုပ်နေလေ၏၊ ထင်းချိုးပြီး၍ ပြန်လာသောအခါ၌ ထွင်းမာ၏ခေါင်းတွင် တောပန်းများ ပွတ်သိပ်၍ နေလေ၏၊ ဆံပင်ကိုပင် မမြင်ရတော့ပေ။

ထို့နောက် နီဝါးသည် ထွင်းမာတို့ကို နှုတ်ဆက်၍ တိဘက်သို့ ခရီးဆက်လေတော့၏။ ထွင်းမာသည် နီဝါးနှင့် ခွဲရတော့မည် ဆိုသောအခါ၌ ၎င်းအနေနှင့် အရှက်နှင့်အသက်ကို ကာကွယ် အစဉ်သဖြင့် ဆောင်ထားသော ဓားမြှောင်အကောက်လေးကို နီဝါးအား ချစ်လက်ဆောင်အဖြစ် ပေးလိုက်လေတော့၏။

နီဝါးသည် တိဘက်မှတစ်ဖန် ဘူတန်ဘက်သို့ ဆင်း၏။ ဘူတန်တွင် ပန်းထမ်း အလုပ်သမားအဖြစ်ဖြင့် နေထိုင်ရလေ၏။ ထိုသို့နေထိုင်စဉ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ရက်ချိကူးမားဟု ခေါ်သော နီပေါလူငယ်တစ်ယောက်နှင့် သိကျွမ်းရင်းနှီးသွားလေ၏။

ထို့နောက်တွင် ရက်ချိကူးမားနှင့်အတူ နီပေါနယ်ဘက်အတွင်းသို့ ဝင်သွားလေတော့၏။ တာရှီးကို သတ်သော လူသတ်မားများမှာ နီဝါး ကျန်သေးကြောင်းကိုသိ၍ နီဝါး၏ နောက်သို့ ခြေရာခံ၍ လိုက်လာကြလေ၏။

သို့ရာတွင် ၎င်းတို့သည် ရှန်ဂရီလာသို့ ရောက်သောအခါ၌ နီဝါးအား မျက်ခြည်ပြတ်သွားကြလေတော့သတည်း။

❀ ❀ ❀ ❀ ❀



ရှန်ဂရီလာ ခရီးတစ်နေရာ





အခန်း ( ၂၂ )

## နီဝါး တပ်ထဲဝင်ပြီ

နီဝါးသည် ဘူတန်မှတစ်ဆင့် နီပေါပြည်တွင်းသို့ ဝင်ရောက်သွားပြီဖြစ်သည်။ ၎င်းနှင့်ရင်းနှီးခဲ့သော ရပ်ချိကူးမားဆိုသည့် ဂေါ်ရခါး သူငယ်ချင်းလည်း နီဝါးကို များစွာ အထောက်အကူ ပေးလေ၏။ ဂေါ်ရခါးစကားကိုလည်း နီဝါးသည် ရပ်ချိကူးမားထံမှ သင်ယူထားပြီးဖြစ်ရာ ထမင်းစား၊ ရေသောက် ပြောတတ်နေပြီ ဖြစ်၏။

နီပေါနယ်စပ်သို့ ရောက်လျှင် ဗြိတိသျှအစိုးရ တည်ထောင်ထားသော ဂေါ်ရခါးစုဆောင်းရေး တပ်သို့ဝင်ကာ နှစ်ယောက်စလုံး စာရင်းသွင်းကြလေ၏။

၎င်းစစ်သားစုဆောင်းရေးတွင် ဂျမဒါရာထူးရှိသော ဂေါ်ရခါးကြီးတစ်ဦးက နီဝါးတို့ကဲ့သို့ တပ်သားသစ်များကို ထိန်းသိမ်းရ၏။

ထိုဂျမဒါကြီး၏အမည်မှာ မောင်မောင် ဟူ၍ ဖြစ်၏။

၎င်း ဂျမဒါမောင်မောင်သည် နီဝါးကိုကြည့်လျှင် မြန်မာစကားနှင့်ပင်

"ဟေ့ကောင် နီဝါး မင်း မြန်မာလူမျိုးမဟုတ်လား"

ဟု မေးရာ နီဝါးက. .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ခင်ဗျ"

ဟု ဖြေလျှင် ဂျမဒါမောင်မောင်က. . .

"မင်း. . . ဒီမှာ စာရင်းပေးထားတာက တရုတ်လူမျိုးလို့ ပေးထားတယ်ကွ၊ ဘယ်လိုဖြစ်တာလဲ" ဟု မေးလေ၏။

"ဒီလိုပါခင်ဗျ. . . ကျွန်တော်က ငယ်ငယ်ကလေးက အိမ်ကထွက်ပြေးပြီး တရုတ်ပြည် ယူနန်ထဲက တရုတ်အိမ်မှာ ကြီးခဲ့ရတာပါ၊ တကယ် က ကျွန်တော်က မြန်မာလူမျိုးအစစ်ပါ၊ မြန်မာပြည်၊ စလင်းမြို့ကပါ၊ ကျွန်တော့်အဖေနာမည်က ဦးနီတဲ့၊ ကျွန်တော် ငယ်ငယ်ကလေး ကတည်းက ကွယ်လွန်သွားပါပြီ"

ဟု နီဝါးက ဖြေရှင်းလိုက်ရာ ဂျမဒါကြီးက. . .

"မင်း ဒီမှာပေးထားတာက အဖေနာမည် မစွတာရီဖုန်းတဲ့၊ တစ်ခုမှလည်း မဟုတ်ပါလားကွ၊ လိမ်ပြီးပြောဖို့ မလိုပါဘူး၊ မှန်မှန်ကန်ကန်ပြောပြီး ဝင်လည်းရပါတယ်၊ အခု မင်းပြောတဲ့ မင်းအဖေဆိုတာက သေသွားပြီ ဟုတ်လား၊ မင်းအမေ ဒေါ်ဝါးကရော ရှိသေးလား"

ဟု မေးလေ၏။

"ကျွန်တော့်အမေ ဒေါ်ဝါးကတော့ ရှိပါသေးတယ်၊ စလင်းမြို့ ဈေးနားမှာ နေပါတယ်"

ဟု နီဝါးကပြောလျှင် ဂျမဒါမောင်မောင်က စစ်သားသစ်လက်ခံသော ပုံစံသစ်တစ်ရွက်ကို ယူ၍ ရေသွင်းလေတော့၏။

"ဒီစစ်တပ်က ဗြိတိသျှစစ်တပ်ကွ၊ ဂေါ်ရခါးတပ်ရင်း ဆိုပေမယ့် ဂေါ်ရခါးတစ်မျိုးတည်း ဖွဲ့စည်းထားတာ မဟုတ်ဘူး၊ ကုလားလူမျိုးအမျိုးမျိုးပါတယ်ကွ၊ အများစုကတော့ ဂေါ်ရခါးပေါ့ကွာ၊ ငါတို့လို မြန်မာလည်း ဒီမှာ တစ်ယောက်တစ်လေ ရှိတာပေါ့ကွာ၊ ပြီးတော့ တို့မြန်မာပြည်က ကရင်တွေလည်း ဒီလိုတပ်မျိုးမှာ ရှိနေတယ်ကွ၊ အိန္ဒိယပြည်ထဲကျတော့ ဒီလိုတပ်တွေ အများကြီးပဲကွ၊ အဲဒါလည်း ဗြိတိသျှက တည်ထောင်ထားတဲ့ တပ်တွေပဲ၊ အဲဒီမှာ ရှီးခီးတပ်သား





တွေလည်း ရှိလေရဲ့၊ ဆူမဒါ၊ ဟာဗေဒါ၊ ဂျမဒါ စတဲ့ အရာရှိမဟုတ်တဲ့အဆင့်က ရာထူးတွေနဲ့လည်း ရှိတယ်ကွ၊ စကင်း လက်ဖတင်နင်၊ လက်ဖတင်နင်၊ ကပ္ပတိန်၊ မေဂျာဆိုတဲ့ အော်ဖစ်ဆာအဆင့်ရာထူးတွေရတာလည်း ရှိတယ်ကွ၊ ဒီထက် ကြီးတဲ့ရာထူးတွေလည်း ရှိပါတယ်၊ ငါနဲ့သိတဲ့ ကရင်အမျိုးသား တစ်ယောက်ဆိုရင် ကာနယ်ရာထူးရနေပြီ၊ သူ့နာမည်က မင်းမောင်တဲ့"

ဟု ဂျမဒါမောင်မောင်က ပြောပြလေ၏။

"ဟုတ်ကဲ့ ဆရာကြီး၊ ဒီလိုနေရာမျိုးမှာ မြန်မာတစ်ယောက်နဲ့ တွေ့ရတာ အတော်ပဲ အားရှိပါတယ်"

ဟု နီဝါးက ပြန်၍ ပြောလျှင် ဂျမဒါမောင်မောင်က နီဝါး၏ ခေါင်းကို လက်ဖြင့် ပွတ်သပ်လိုက်ရင်း. . .

"ငယ်ငယ်ကတည်းက အိမ်ကထွက်ပြေး၊ ဟိုရောက် ဒီရောက်ဆိုတော့ မင်းကိုကြည့်ရတာ လူဆိုးလေးထင်ပါတယ်၊ အခုလည်း စစ်တပ်ထဲကို ရောက်လာပြန်ပြီ၊ ဘယ်လိုပဲရောက်ရောက်ပေါ့ကွာ. . .၊ ရောက်တဲ့နေရာမှာ အဆင်ပြေအောင် နေတတ်ဖို့တော့ အရေးကြီးတယ်၊ ဒီတပ်တွေမှာက ဂေါ်ရခါးတပ်ပဲ ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အင်္ဂလိပ်စကားလေး ဘာလေး နားလည်အောင် လုပ်ထားကွ၊ စာကလေးဘာလေးပါ သင်ချင်လည်း သင်ထား၊ အထက်လူကြီးက တစ်ခါတစ်လေ အင်္ဂလိပ်လို ပြောတယ်ကွ၊ ပြီးတော့ ဒီမှာအမိန့်ပေးတဲ့ဟာတွေကလည်း အင်္ဂလိပ်လိုပေးတာကွ၊ မင်းသူငယ်ချင်း ဟိုဂေါ်ရခါး ရပ်ချ်ကူးမားကတော့ အင်္ဂလိပ်လို ကောင်းကောင်းတတ်တယ်ကွ၊ ငါ သူ့ကိုမေးကြည့်ပြီးပြီ၊ သူ့ဆီမှာ သင်ယူပေါ့ကွာ"

ဟု ပြောလေ၏။

"ဂျမဒါကြီး ဒီကနေ ကျွန်တော်တို့က ဘယ်ကိုသွားရမှာလဲ"

ဟု နီဝါးက မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေမမေးနဲ့ကွ၊ စစ်တပ်ဆိုတာ ဘယ်စစ်တပ်ပဲဖြစ်ဖြစ် သူ့လွှတ်တဲ့ဆီကို သွားရတာပေါ့ကွာ၊ ပထမဦးဆုံးကတော့ ခပ်မန်ဖူးနားက တောင်ပေါ်ဒေသတစ်ခုမှာ စစ်ပညာထရိန်နင်ပေးတဲ့ ကျောင်းရှိတယ်ကွ၊ အဲဒီကို အရင်ပို့လိမ့်မယ်၊ အဲဒီကပြန်မှ တပ်သားဖြစ်သွားမှာ၊ အခုဟာက တပ်သားမဖြစ်သေးဘူး၊ တပ်သားသစ် 'ရီခရု' ခေါ်တယ်" ဟု ဂျမဒါမောင်မောင်က ရှင်းပြလေ၏။

ထိုတပ်တွင် နေစဉ်အတွင်း နီဝါးသည် ရုပ်ချိုကူးမားထံမှ အင်္ဂလိပ်စကားကို သင်ယူလေ၏။

ၾင်းတို့နှစ်ဦးစာသင်နေသည်ကို အနီးမှကြည့်နေသော ဗဟားဒူးဆိုသည့် ဂေါ်ရခါးဆရာတစ်ဦးက အားမလို အားမရဖြစ်ကာ ၎င်းကပါ ဝင်၍ သင်ပေးလေ၏။

နောက်တွင် ဂျမဒါမောင်မောင်က အင်္ဂလိပ်-မြန်မာ အဘိဓာန်လေးတစ်အုပ်ကို နီဝါးအား လက်ဆောင်ပေးလိုက်လေ၏။

နီဝါးလည်း အင်္ဂလိပ်စာလုံးများကို ပေါင်း၍ အသံထွက်တတ်နေပြီဖြစ်၏၊ နီဝါး၏ တိုးတက်မှုမှာ အားရဖွယ် ကောင်းလှလေတော့၏။

ထို့နောက်တွင်ကား ထိုတပ်တွင် စုဆောင်းထားသော နီဝါးကဲ့သို့ တပ်သားသစ်များကို လွန်စွာချမ်းအေးသော တောင်ပေါ်ဒေသတစ်ခုရှိ ထရိန်နာ စစ်ကျောင်းသို့ ပို့လိုက်လေတော့၏။

ထိုစစ်ကျောင်းသို့အဝင်တွင် ဆရာဝန်ဖြင့် ဆေးစစ်လေ၏၊ ဆရာဝန်မှာ အသေးစိတ်စစ်၏၊ ချောင်းဆိုးခိုင်း၏၊ လိပ်ခေါင်းရှိမရှိ ဖင်ကုန်းခိုင်း၏။

တမံသလင်းပေါ်တွင် ရေလောင်းထားပြီး ရေကို နင်ခိုင်းတာ တမံသလင်းအခြောက်တွင် လျှောက်ခိုင်း၍ ခြေရာကို ကြည့်၏။

ထိုသို့ ပြုလုပ်ခိုင်းခြင်းကို နားမလည်သော နီဝါးက ရုပ်ချိုကူးမားအား မေးလေ၏။

"အဲဒါ ဘာလုပ်တာလဲ ရုပ်ချိုကူးမား၊ ငါ့ကိုလည်း ပြောပြပါဦး" ဟု နီဝါးက မေးလျှင် ရုပ်ချိုကူးမားက. . .





ထို့နောက်တွင်ကား ထိုတပ်တွင် စုဆောင်းထားသော နီဝါးကဲ့သို့ တပ်သားသစ်များကို လွန်စွာချမ်းအေးသော တောင်ပေါ်ဒေသတစ်ခုရှိ ထရိန်နာ စစ်ကျောင်းသို့ ပို့လိုက်လေတော့၏။

ထိုစစ်ကျောင်းသို့အဝင်တွင် ဆရာဝန်ဖြင့် ဆေးစစ်လေ၏၊ ဆရာဝန် မှာ အသေးစိတ်စစ်၏၊ ချောင်းဆိုးခိုင်း၏၊ လိပ်ခေါင်းရှိမရှိ ဖင်ကုန်းခိုင်း၏။

တမံသလင်းပေါ်တွင် ရေလောင်းထားပြီး ရေကို နင်ခိုင်းတာ တမံသလင်းအခြောက်တွင် လျှောက်ခိုင်း၍ ခြေရာကို ကြည့်၏။

ထိုသို့ ပြုလုပ်ခိုင်းခြင်းကို နားမလည်သော နီဝါးက ရုပ်ချိုကူးမားအား မေးလေ၏။

"အဲဒါ ဘာလုပ်တာလဲ ရုပ်ချိုကူးမား၊ ငါ့ကိုလည်း ပြောပြပါဦး" ဟု နီဝါးက မေးလျှင် ရုပ်ချိုကူးမားက. . .

"ခြေဖဝါးခွက်သလား၊ ပြည့်သလား ကြည့်တာကွ၊ ခြေဖဝါး ပြည့်တဲ့လူဟာ တောင်တွေဘာတွေတက်တဲ့အခါ မတက်နိုင်ဘူးကွ၊ အဲဒီလို လူမျိုးကို စစ်တပ်က လက်မခံဘူးကွ၊ မင်းရဲ့ခြေရာကို ကြည့်ရတာ ခြေဖဝါး ခွက်တဲ့ ခြေရာပါကွာ၊ စစ်တပ်ထဲ ဝင်ခွင့်ရမှာပါ" ဟု ပြန်၍ ပြောလေ၏။

ထိုနေရာသို့အရောက်တွင် ဖိနပ်၊ ဦးထုပ်မှအစ စစ်ဝတ်တန်ဆာများ ထုတ်ပေးလေ၏။

ရေ၊ လက်ဖက်ရည်စသည် သောက်ရန် မတ်ခွက်လည်း ပါ၏၊ ထမင်းစားရန် ကြွေရည်သုတ် ပန်းကန်များ ပါ၏။ ဇွန်း၊ ခက်ရင်းလည်း တစ်စုံ စီပေး၏။

ဖိနပ်စီးပြီးလျှင် ခြေကျင်းဝတ်မှစ၍ ပတ်ရသော သက္ကလတ်ခြေပတ်ကြီးတစ်ခုလည်း ပါ၏၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်နံပါတ် ရိုက်ထားသော သတ္တုပြားလေးနှစ်ခုကိုလည်း လည်ပင်းမှာ ဆွဲရန် ပေးထား၏။

ခြင်ထောင်၊ စောင် အကုန်ရ၏။ ခေါင်းအုံးကိုမူ မပေးပေ။ ခေါင်းမှ စွပ်ရသော ဂျာစီပုံးလိုးဗား ခေါ် ခေါင်းစွပ်စွယ်တာ တစ်ထည်လည်း ရ၏။

ခေါင်းဖြီးသော ဘီး၊ သွားပွတ်တံ၊ သွားတိုက်ဆေး စသည်များထည့်ရသော အိတ်ငယ်လေး တစ်အိတ်ကိုလည်း ပေး၏။ ထိုအိတ်ငယ်ကလေးတွင် မှန်အဖြစ် ကြည့်ရန် သတ္တုပြားကလေး တစ်ချပ်လည်း ပါ၏။

နံနက် ၄ နာရီတွင် အိပ်ရာမှထပြီး အလေးအပေါ့သွားပြီး မျက်နှာသစ်ပြီး ဖြစ်နေရ၏။ ပြီးလျှင် ခြင်ထောင်၊ စောင်တို့ကို ပြထားသော ပုံစံအတိုင်းခေါက်၍ ခုတင်ပေါ်တွင် ညီညီညာညာထားရ၏။ အဆောင်ထိပ်မှ ကြည့်လိုက်ရာ ထိုခြင်တောင်၊ စောင်ခေါက်ကလေးများ တစ်တန်းတည်းညီ၍ နေရ၏။ အရွယ်အစားအားဖြင့်လည်း တစ်တိုင်းတည်း ဖြစ်နေရ၏။

ခြေရင်းတွင် ဖိနပ်အပိုကို ပြောင်လက်အောင် တိုက်၍ တင်ထားရ၏။ ကြိုးဖြင့်ပင် တန်း၍ ညှိရ၏။ ထိုအလုပ်ကို 'ကစ်လေးအောက်'ဟု ခေါ်၏။

နိဝါးကဲ့သို့ စည်းမရှိ ကမ်းမရှိသော သူငယ်အဖို့ ညီညီညာညာ သပ်သပ်ရပ်ရပ် လုပ်ရသော အလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။

ထိုအချိန်၌ ယူနီဖောင်းဝတ်ပြီးသား ဖြစ်နေရ၏။ ငါးနာရီထိုးသည်နှင့် 'ဖျူကယ်'ခေါ် ခရာကို မှုတ်လေ၏။ ထိုခရာမှာ လွန်စွာ နားထောင်၍ ကောင်း၏။

ထို့နောက် တန်းစီရလေ၏။ တန်းစီသောအခါ၌ တန်းညှိခြင်း၊ အမှတ်စဉ်မှတ်ခြင်း၊ သတိအနေအထား နေခိုင်းခြင်း စသည်တို့ကို အမိန့်ပေးရာ၌ အင်္ဂလိပ်စကားနှင့်ပင် ပေးလေ၏။





လမ်းလျှောက်ချီတက်ခြင်း၊ ဘယ်ညာလှမ်းခြင်းတို့ကိုလည်း ပြုလုပ်ရလေ၏။ အလေးပြုခြင်း. . . စသည်တို့လည်း ပြုလုပ်ရလေ၏။ ထို့ပြင် ရိုင်ဖယ် ကိုင်တွယ်ခြင်း၊ ကျည်ဆန်ထိုးခြင်း၊ ရိုင်ဖယ်တွင်ပါသော 'ဆိုက်'ခေါ် ချိန်သီးကြည့်ခြင်းတို့ကို ပေါင်းရုံး၍ 'ဖြုတ်ခြင်း၊ တပ်ခြင်း၊ ဆိုက်တင်ခြင်း' သုံးမျိုးကို ကျွမ်းကျင်စွာ ပြုလုပ်ခိုင်း၏။

ဒူးတစ်ဖက်ထောက်၍ ချိန်ခြင်း၊ မတ်တပ်အနေအထားမှ ချိန်တွယ်ခြင်း စသည်တို့ကိုလည်း သင်ကြားလေ့ကျင့်ပေး၏။

သေနတ်ကို ကိုယ်၌ကပ်တင်ထားခြင်း၊ သေနတ်မြှောက်၍ အလေးပြုခြင်းတို့ကို ပြုလုပ်ရ၏။ လမ်းလျှောက်ခြင်း၌လည်း အမြန်လျှောက်ခြင်းကို လေ့ကျင့်သကဲ့သို့ ခြေလှမ်းတစ်လှမ်းချင်းကို နှေးကွေးစွာလျှောက်ရသော အနှေးလျှောက်ခြင်းကိုလည်း လေ့ကျင့်ရ၏။

ရိုင်ဖယ်သင်ခန်းစာပြီးသောအခါ၌ လက်ပစ်ဗုံးသင်ခန်းစာကို သင်၏။

ထိုသင်ခန်းစာပြီးသောအခါ၌ တပ်စိတ်ဖွဲ့စည်းပုံကို သင်ပြန်၏။ ထို တောင်ပေါ်ဒေသတွင် သုံးလတိတိ သင်ကြားရလေ၏။

ထို့နောက် ဆူးကြိုးများရက်ထားသော အောက်တွင် ဝမ်းလျားမှောက်၍ ရှေ့သို့တက်ရသော အလုပ်များကို လုပ်ခိုင်းသကဲ့သို့ (၆)လက်မခန့် အကျယ်အဝန်းရှိသော သစ်သားပြားများကို အနိမ့် အမြင့် မညီအောင်လုပ်ထားပြီး လျှောက်ခိုင်းပြန်၏။

ပြီးလျှင် ကြိုးဖြင့်လွဲ၍ မြောင်းကို ကျော်ခိုင်းပြန်၏။ ထို့နောက် လက်နှိပ်ဓာတ်မီးဖြင့် အချက်ပြ၍ ရှေ့သို့တက်ခိုင်းခြင်း၊ နောက်ကိုဆုတ်ခိုင်းခြင်း၊ လူစုခွဲခြင်း စသည်များကို လေ့ကျင့်ပေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အလံဖြင့်ပြ၍လည်း ခိုင်းစေပြန်၏။ ထို့ကြောင့် ထိုသင်တန်းတွင် ငါးလခန့်တက်ရလေ၏။ ငါးလပြည့်သောအခါ၌ အရာရှိကြီး တစ်ဦးကိုအလေး ပြု၍ သင်ခန်း ဆင်းခဲ့ရ၏။

နိုဝါးသည် ဂျမဒါ မောင်မောင်နှင့် ပြန်လည်တွေ့ဆုံသောအခါ၌ ယူနန်ပြည်အတွင်နေစဉ်က သူ၏ ဆရာဦးရိုဖုန်းနှင့် တာရှိုးတို့အား လာ၍ သတ်သော လူသတ်သမားများ၏ အကြောင်းကို ပြောပြလေ၏။

"ကျွန်တော်ကိုလည်း အဲဒီ လူသတ်သမားတွေက ချမ်းသာပေးတာ မဟုတ်ဘူး၊ တွေ့တာနဲ့သတ်မှာပဲ၊ ကျွန်တော့်ဆရာ တာရှိုးကလည်း လူသတ်သမားတွေ လက်ကလွတ်ဖို့ စစ်တပ်ထဲ ဝင်လိုက်လို့ပြော တာနဲ့ ကျွန်တော် ဒီကိုရောက်လာတပါ"

ဟု နိုဝါးက ပြောလိုက်ရာ ဂျမဒါမောင်မောင်က. . .

"မှန်တာပေါ့ . . . ငါ့လူရာ၊ အဲဒီလို ဝင်လိုက်တော့ မင်းအသက် ဟာ လုံခြုံသွားပြီပေါ့၊ ပြီးတော့ သူ့တို့လည်း မျက်ခြေပြတ်သွားပါ ပြီ၊ ဒီကာလဟာ စစ်ဖြစ်ခါနီးတဲ့ကာလဖြစ်တော့ စစ်သားအားလုံး ကို 'စတန်းဘိုင်'ဆိုတဲ့ အသင့်အနေအထားမှာ ထားတယ်ကွ၊ အဲဒီ တော့ လူတိုင်းကို ကိုင်ဆောင်ဖို့ သေနတ်ထုတ်ပေးထားတယ်. . .၊ မင်းမှာလည်း သေနတ်ရှိနေပြီပဲ၊ ကြောက်ဖို့ မလိုတော့ဘူးလေ. .၊ မသင်္ကာစရာတွေ့ရင် ငါ့ကို ပြောပေါ့ကွာ. . ."

ဟု ပြောလေ၏။

နိုဝါးသည် ဤသို့ပြောလိုက်ရသဖြင့် စိတ်ထဲတွင် ပေါ့ပါး၍ သွား လေတော့သတည်း။





## အခန်း ( ၂၃ )
## နိုဝါး စစ်မြေပြင်ပြန်ပြီ

နိုဝါးသည် စစ်သင်တန်းကျောင်းမှ ကျောင်းဆင်းခဲ့ပြီးနောက် မူလ ဝင်ခဲ့သော တပ်သို့ပင် ပြန်၍ ရောက်နေပြီဖြစ်၏။ ဂျမဒါမောင်မောင်သည် နိုဝါးအား အင်္ဂလိပ်စာနှင့် အခြား သိသင့်သိထိုက်သော ဗဟုသုတများကို သင်ကြားပေးခဲ့လေ၏။

ထို့နောက် ဂျမဒါမောင်မောင်သည် အိန္ဒိယပြည်တွင်းရှိ စစ်တပ်သို့ ပြောင်းသောအခါ၌ အထက်လူကြီးများကို တင်ပြကာ နိုဝါးကိုပါ ခေါ်၍ သွားလေ၏။

အိန္ဒိယပြည်တွင်းသို့ ရောက်သောအခါ၌ နိုဝါးသည် ဟိန္ဒူကုလား ကြီးတစ်ဦး ဖွင့်လှစ်သော ညကျောင်းတွင် တက်ခွင့်ရသဖြင့် ကြိုးကြိုးစားစား တက်လေ၏။ ထိုဆရာကြီး၏ အမည်မှာ မစ္စတာမာဂါး ဟူ၍ဖြစ်၏။ နိုဝါး တို့က 'မစ္စတာမားဂါး'ဟု ခေါ်၏၊ ထိုဆရာကြီး၏ ကျောင်းသို့ ဂျမဒါ မောင်မောင်ပင် လိုက်၍ အပ်နှံပေးခဲ့ခြင်းဖြစ်၏။

တစ်နေ့တွင် ဂျမဒါမောင်မောင်က နိုဝါးအား. . .

"ဘယ်လိုလဲ. . . နိုဝါး၊ မစ္စတာမာဂါးကျောင်းမှာ နေရတာ အဆင် ပြေရဲ့လား"

ဟု မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် ဂျမဒါ၊ အခု ကျွန်တော့်ကို သင်ပေးနေတာ အင်္ဂလိပ်စာ တစ်ခုတည်း မဟုတ်ဘူး၊ ဂျော်ကရော်ဖီတွေရော၊ မက်တယ်မက်တစ်တွေရော စုံနေတာပဲ၊ တစ်နှစ်လောက် သူ့ဆီမှာ တက်ပြီးရင် မက်ဒရစ် ကူးလေးရှင်းစာမေးပွဲကို ဝင်ဖြေနိုင်းမယ်လို့ ပြောတယ်၊ အဲဒါ အောင်သွားရင် အဆင့်မြင့်တဲ့ ကျောင်းကြီးတွေ ရှိသေးတယ်တဲ့. . .၊ ဟာရာ ဏာသီမှာလည်း ရှိတယ်တဲ့. . .၊ အဲဒီမှာလည်း တက်ခွင့်ရမှာတဲ့၊ တခြားမြို့ကြီးတွေမှာလည်း ကျောင်းကြီးတွေ ရှိသေးတယ်တဲ့. . .၊ အဲ့ဒီ ကျောင်းကြီးတွေမှာလည်း တက်ဖို့ အဆင်ပြေရင် တက်နိုင် တယ်တဲ့. . .၊ တစ်ခုခက်တာက သင်တဲ့ ဘာသာရပ်ကို အင်္ဂလိပ် လိုလိုက်ပြီး ကျက်နေတာဆိုတော့ အတော် ခက်တာပေါ့ဗျာ. . .၊ မြန်မာလိုသာ သင်ရမယ်ဆိုရင်တော့ သဘောနဲ့လိုက်ပြီး မှတ်လို့ ရတာပေါ့ဗျာ၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ အားလုံးကို အလွတ်လိုက် ပြီး ကျက်နေရတယ်"

ဟု ပြောလေ၏။

ထိုအခါ ဂျမဒါမောင်မောင်က. . .

"ဘာပဲဖြစ်ဖြစ် ကြိုးစားရမယ်ကွ၊ အဲဒီ စာမေးပွဲကြီး အောင်သွားရင် မင်းအတွက် အများကြီး အကျိုးရှိမယ်ကွ. . .၊ ဒီမှာက မင်းအနေနဲ့ ဆုဘေတာရာထူးပဲဖြစ်ဖြစ်၊ ဟာဘေတာ ရာထူးပဲဖြစ်ဖြစ် တစ်ခုခု ရပြီးရင် ကော်မရှင်ပေးဖို့ စာမေးပွဲနဲ့ကြုံရင် ဝင်ဖြေခွင့်ရှိတယ်ကွ၊

အောင်သွားလို့ရှိရင် ပထမဦးဆုံး စကင်းလက်ဖတင်နင် ရာထူးကို စပြီးပေးမယ်ကွ. . .၊ အဲဒါဆိုရင် အော်ဖစ်ဆာဖြစ်ပြီကွ. . .၊ တို့တပ်မှာက အားသားရင့်နဲ့ အော်ဖစ်ဆာရယ်လို့ နှစ်မျိုးရှိတယ်ကွာ. . .၊ အားသားရင့်ဆိုတာကတော့ အရာရှိမဟုတ်တဲ့





တပ်သားကနေ ဂျမဒါအထိပေါ့. . .၊ အော်ဖစ်ဆာကတော့ စကင်းလက်ဖတင်နင်ကနေ အထက်ပေါ့ကွာ"

ဟု ရှင်းပြလေ၏။

နီဝါးသည် တပ်မှပေးထားသော တာဝန်များကို ကျေပွန်စွာဆောင်ရွက်သကဲ့သို့ မစ္စတာဂါးမားသင်သော ပညာရပ်များကိုလည်း မရမနေ ကြိုးစား ရလေ၏။ နောက်ဆုံးတွင် မက်ထရိကူလေးရှင်း စာမေးပွဲကို ဝင်၍ဖြေရာ အောင်မြင်သွားလေ၏။

ထို့နောက်တွင်ကား ဆပ္ပားပိုင်းနား ရှေ့တန်းစစ်မျက်နှာသို့ ပြောင်းရွှေ့ခြင်း ခံရလေတော့၏။

ထိုနေရာမှတစ်ဆင့် အခြားသော စစ်မြေပြင်များသို့လည်း ပြောင်းရွှေ့၍ အမှုထမ်းခဲ့ရလေ၏။ ထိုသို့ အမှုထမ်းနေစဉ်အတွင်း၌ပင် ဟာဘေတာ၊ ဆုဘေတာ ရာထူးများ ရ၍လာလေတော့၏။

ထို့နောက် နီပေါရှိတပ်သို့ ပြောင်းရလေ၏။ ထိုတပ်သို့အရောက်တွင် အော်ဖစ်ဆာဖြစ်ရန် ရွေးချယ်သော စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်သွားလေ၏။

ထိုစာမေးပွဲသည် စာနှင့်လည်း ဖြေရသကဲ့သို့ ကြံ့ခိုင်မှုစွမ်းရည်ကိုလည်း ဖြေဆိုရလေ၏။ ထို့အတူ ပူးပေါင်းလုပ်ဆောင်မှု ရှိ၊ မရှိ၊ ဦးဆောင်နိုင်မှု ရှိ မရှိများကိုလည်း စစ်ဆေးခဲ့လေ၏။

ထို့နောက် အလုံးစုံ အောင်မြင်သွားသောကြောင့် အော်ဖစ်ဆာလောင်း လေ့ကျင့်သောနေရာသို့ ပို့လွှတ်၍ လေ့ကျင့်ရပြန်လေ၏။

ထိုသင်တန်းမှ အောင်သောအခါ၌ နီဝါးသည် စကင်းလက်ဖတင်နင် ရာထူးကို စတင်ရလေတော့၏။ ထိုရာထူးသည် ဂျမဒါရာထူးထက် ကြီး၏။ ထို့ကြောင့် ဂျမဒါမောင်မောင်နှင့် ပြန်၍ တွေ့သောခါ၌ ဂျမဒါမောင်မောင်က စတင်၍ အလေးပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နီဝါးက. . .

"မလုပ်ပါနဲ့ ဂျမဒါကြီးရယ်. . .၊ ကျွန်တော်က ဂျမဒါကြီးရဲ့ တပည့်ပါ"

ဟု ပြောလိုက်ရာ ဂျမဒါမောင်မောင်က. . .

"မင်းလည်း သိသားနဲ့ကွာ၊ စစ်တပ်ဆိုတာ ရာထူးငယ်တဲ့လူက ရာထူးကြီးတဲ့လူကို 'စလုရိုက်'ရတာပဲ၊ အဲဒါကို ရဲရဲခံယူလိုက်စမ်းပါ. . . ငါ့လူရာ"

ဟု ပြောလိုက်သောကြောင့် နှစ်ယောက်စလုံး အားရပါးရ ရယ်မောရ၍ တစ်ဦးကို တစ်ဦး သိုင်း၍ ဖက်လိုက်ကြလေတော့သတည်း။

❁ ❁ ❁ ❁ ❁





# အခန်း ( ၂၄ )

## ပြည်တော်ပြန် နီဝါး

နီဝါးသည် ဂျမဒါမောင်မောင်နှင့် တစ်တပ်တည်းနေရလေ၏။ သူသည် အရာရှိတစ်ဦးဖြစ်သောကြောင့် ဗော်ဖစ်ဆာများ၏ မက်စ်ခေါ်ရိပ်သာတွင် နေထိုင်ခွင့်၊ ထမင်းစားခွင့်ရလေ၏။ ဂျမဒါမောင်မောင် ခေါ် ၎င်း၏ဆရာမှာ ဗော်ဖစ်ဆာ မဟုတ်သောကြောင့် ဂျမဒါမက်စ်တွင်သာ နေရလေ၏။ ထိုအချိန်တွင် ဂျမဒါမောင်မောင်သည် သင်ပေးစရာရှိသည်ကို ဆက်လက်၍ သင်ပေးနေဆဲ ရှိလေ၏။

တစ်နေ့တွင် ဂျမဒါမောင်မောင်က. . .

"မင်းကို ပြောရဦးမယ်ကွ. . .၊ ကမ္ဘာစစ်ကတော့ ဖြစ်မှာအမှန်ပဲ၊ ဂျာမနီရယ်၊ အီတလီရယ်၊ ဂျပန်ရယ် ပေါင်းသွားပြီကွ. . .၊ အဲဒီနိုင်ငံသုံးခုနဲ့ ကျန်တဲ့မဟာမိတ်နိုင်ငံတွေနဲ့ စစ်ဖြစ်ကြလိမ့်မယ်ကွ၊ စစ်ကြီးပြီးသွားတာနဲ့ တို့မြန်မာနိုင်ငံက ခေါင်းဆောင်တွေကလည်း ဗြိတိသျှအုပ်ချုပ်မှုကို လက်ခံမှာ မဟုတ်ကြတော့ဘူး. . .၊ လွတ်လပ်ရေးရအောင် လုပ်ကြတော့မှာပဲ. . .၊ အဲဒီအခါ မင်းတို့ ငါတို့လို ဗြိတိသျှတပ်ရောက်နေတဲ့ လူတွေ မြန်မာတပ်ကို ပြောင်းကြရမို့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ငါကတော့ အသက်လည်းကြီးနေပြီကွာ. . .၊ ကျန်းမာရေး လည်း သိပ်မကောင်းဘူးဆိုတော့ အဲဒီအခွင့်အရေးကို ရမှာမဟုတ် တော့ဘူး၊ ဆေးပင်စင်နဲ့ပဲ အနားယူရလိမ့်မယ်ထင်တယ်၊ အဲဒီလို အနားယူရတဲ့အချိန်မှာ မြန်မာပြည် အင်းစိန်မြို့ တောင်သူ ကုန်းနား မှာ ဗြိတိသျှအစိုးရဝယ်ထားတဲ့ မြေကွက်တချို့ရှိတယ်၊ အဲဒီမြေ ကွက်လပ်တွေကို တို့လိုအမှုထမ်းတွေကို ဗြိတိသျှအစိုးရက ဂရမ် စာရွက်နဲ့အတူ နေထိုင်ခွင့်အပြီးပေးလိမ့်မယ်ကွ၊ ငါကတော့ အဲဒီမှာ သွားနေပြီး ခြံလေးဘာလေး စိုက်စားမယ်ကွာ၊ မင်းအနေနဲ့ ကတော့ အများကြီးငယ်သေးတယ်ကွာ၊ မြန်မာတပ်ကို ပြောင်းခွင့် ရတဲ့အခါ မှာ ပြောင်းသွားတာ အကောင်းဆုံးပဲကွ"

ဟု အကြံပေးလေ၏။

ဂျမဒါမောင်မောင် ပြောသကဲ့သို့ပင် ဒုတိယကမ္ဘာစစ်ကြီးသည် အမှန်ပင် ဖြစ်ခဲ့လေ၏။

နီဝါးသည် စစ်မျက်နှာအမျိုးမျိုးသို့ ရောက်ရှိခဲ့လေ၏။ စစ်ကြီးပြီး သောအခါ၌ နီပေါပြည်သို့ ပြန်၍ ရောက်သွားလေ၏။

ထို့နောက် မြန်မာပြည်လွတ်လပ်ရေး ရသောအခါ၌ မြန်မာတပ်မတော် သို့ ပြောင်းရွှေ့အမှုထမ်းလိုခြင်းအတွက် အထက်သို့ စာတင်ခဲ့ရာ မြန်မာတပ် မှလည်း လက်ခံပြီဖြစ်ကြောင်း အကြောင်းပြန်သောကြောင့် မြန်မာတပ်သို့ ပြောင်းရွှေ့ခွင့်ရလေတော့၏။

ထို့ကြောင့် နီဝါးသည် ကာလကတ္တား၊ ဟောင်းရားဆိပ်ကမ်းမှ တစ်ဆင့် ပင်လယ်ကူးသင်္ဘောကြီး စီးကာ အမိနိုင်ငံသို့ ဝမ်းမြောက်စွာ ပြန်ခဲ့ ရလေတော့၏။

မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် သက်ဆိုင်ရာမှ သတင်းပို့လိုက်ရာ သက်ဆိုင်ရာလူကြီးများက လက်ခံ၍ တပ်မတော်မှ ဗိုလ်အဆင့်ရာထူးဖြင့် မင်္ဂလာဒုံရှိ စစ်ဖက်မော်တော်ကားများ ထားသောတပ်တွင် တာဝန်ချလိုက် လေတော့၏။





ထိုတပ်တွင် နှစ်လခန့် တာဝန်ထမ်းဆောင်ပြီးနောက် ခွင့်ရှည်ယူ ကာ ခွင့်ရသောအခါ၌ တရုတ်ပြည်၊ ယူနန်နယ်ကြီးမှတစ်ဆင့် ရှန်ဂရီလာ ဒေသသို့ အရောက်သွားခဲ့လေ၏။

ထိုအချိန်၌ လမ်းပန်း ဆက်သွယ်ရေး အခက်ခဲရှိသောကြောင့် မြေလျှင် တစ်တန်၊ လှည်းတစ်တန်၊ မော်တော်ကားတစ်တန်ဖြင့် တောင် အထပ်ထပ်သို့ ကျော်နင်းကာ ခက်ခဲစွာ သွားရလေ၏။

နောက်ဆုံးတွင် ရှန်ဂရီလာသို့ ရောက်ရှိသွားလေတော့၏။

နေရာဒေသအမျိုးမျိုးသည် ပြောင်းလဲနေပြီ ဖြစ်သော်လည်း ရှန်ဂရီလာ မှာမူ လုံးဝပြောင်းလဲခြင်း မရှိဘဲ နဂိုအတိုင်းပင် ရှိနေလေ၏။ နီဝါးသည် ရွာကလေးတစ်ရွာ၏ နံဘေး စမ်းချောင်းတွင် ရေကို လက်ဖြင့်ခပ်၍ သောက် လိုက်ပြီးနောက် မောပန်းလွန်းသဖြင့် ပက်လက်လှန်ကာ ဦးထုပ်ကို မျက်နှာ ပေါ်တွင် အုပ်လိုက်လေတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ။ ရေခပ်လာသော တိဘက် မလေးများ၏ စကားသံကြောင်း နိုး၍သွားလေ၏။

တိဘက်မလေးများသည် နီဝါးကို မြင်သဖြင့် ကြောက်လန့်ကာ ပြေး မည်ပြုသော်၏။

သို့ရာတွင် နီဝါးက ၎င်းတို့၏ ဘာသာစကားဖြင့် မပြေးရန် ပြော လိုက်လေ၏၊ ထိုမိန်းကလေးအနက်မှ တစ်ဦးသော မိန်းကလေးသည် နီဝါး ကို ကောင်းစွာ မှတ်မိသွားလေ၏။

ထို့ကြောင့် ၎င်းက. . .

"ရှင်ဟာ လာဇွန်းနဲ့ ထွင်းမာတို့အိမ်မှာ နေသွားတဲ့ နီဝါး မဟုတ် လား"

ဟု မေးလေ၏။

ထိုအခါ နီဝါးက အားရဝမ်းသာဖြင့် ဟုတ်မှန်ကြောင်း ပြော၍ ထွင်းမာနှင့် တွေ့ချင်ကြောင်းပြောရာ ထိုမိန်းကလေးက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကြာပါပြီ ရှင်လည်း အဲဒီအိမ်က ထွက်သွားရော လူဆိုးတွေရောက်လာပြီး ထွင်းမာတို့အိမ်ကို ရှာတယ်၊ ရှင့်ရဲ့အကျီ အဟောင်းရယ်၊ ရှင်ကိုင်တဲ့ဓားရယ်ကို သူတို့က တွေ့သွားတယ်၊ ရှင့်ကို ဘယ်သွားသလဲလို့ မေးတဲ့အခါ သူတို့ဟာ လူဆိုးတွေ ကျေနပ်အောင် အဖြေမပေးနိုင်ခဲ့ဘူး၊ ဒါကြောင့် လာဗွန်းကိုရော၊ ညောင်ဗွန်းကိုရော ထွင်းမာကိုရော သတ်ပြီးထွက်သွားကြတယ်"

ဟု ပြောလိုက်ရာ နီဝါးသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုတ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သတည်း။





# အခန်း ( ၂၄ )

## ကျွဲနေသူတို့ တွေ့ကြပြီ

နီဝါးသည် ရှန်ဂရီလာမှ ပြန်လာခဲ့ပြီဖြစ်၏။ သူသည် ခွင့်ယူပြီး ရှန်ဂရီလာသို့ ထွက်သွားကြောင်းကို တစ်စုံတစ်ယောက်ကိုမျှ ဖွင့်မပြောခဲ့ပေ။ ခွင့်စေ့သောအခါ၌ အလုပ်ပြန် ဆင်းလေ၏။ တစ်နေ့တွင် နီဝါးသည် ရွှေတိဂုံဘုရားသို့ ရောက်ခဲ့လေ၏။ ဘုရားဖူးပြီးသောအခါ၌ ဘုရားပေါ်တွင်လှည့်ပတ်၍ လျှောက်နေလေ၏။

ထိုသို့ လျှောက်နေစဉ်အတွင်း မိန်းမကြီးတစ်ဦးကို တွေ့လေ၏။ အစပထမတွင် နီဝါးသည် ကောင်းစွာမမှတ်မိပေ၏၊ နောက်မှ မှတ်မိသွားလေ၏။

ထိုမိန်းမကြီးမှာ ရွှေစက်တော်တွင် ခေါက်ဆွဲ ရောင်းနေစဉ်က ဒေါ်စိန်ကြီးအားတွေ့၍ ခေါ်သွားသော ဒေါ်ထားထား ဆိုသည့် အဒေါ်ကြီးပင်ဖြစ်၏။

ထိုအဒေါ်ကြီးသည် နှစ်ကာလကြာပြီဖြစ်သော်လည်း ရုပ်ရည်များများစွာပြောင်းလဲခြင်း မရှိပေ၊ ထို့ကြောင့် နီဝါးက ကောင်းစွာ မှတ်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အစပထမတွင် နှုတ်ဆက်ရန် စိတ်မကူးသော်လည်း ဒေါ်စိန်၏ သတင်းကို သိလိုသောကြောင့်. . .

"ဒေါ်ထားထား"

ဟု ခေါ်လိုက်လေ၏။

အဒေါ်ကြီးသည် ခပ်ကြောင်ကြောင်ဖြစ်၍ ရပ်တန့်သွားလေ၏။ လုံး၀ မမှတ်မိရှာပေ။

ထို့ကြောင့်. . .

"စိတ်မဆိုးပါနဲ့ရှင်. . . . အန်တီ ဗိုလ်ကြီးကို မမှတ်မိပါဘူး"

ဟု ပြောလိုက်ရာ နီ၀ါးက. . .

"ကြာပါပြီခင်ဗျာ . . . ရွှေစက်တော်ဘုရားပွဲမှာ ခေါက်ဆွဲဆိုင်ကလေး တစ်ဆိုင်မှာ ဒေါ်စိန်ဆိုတဲ့ မိန်းမကြီးကိုတွေ့လို့ အဒေါ်ခေါ်သွား တယ်လေ၊ အဲဒီတုန်းက ကျွန်တော်ဟာ အဲဒီဆိုင်ရဲ့အကြော်သမား ပေါ့"

ဟု ပြောလိုက်လျှင် ဒေါ်ထားထားက. . .

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ ဒေါ်စိန် ခဏခဏပြောတဲ့ နီ၀ါး မဟုတ်လား"

ဟု အားရ၀မ်းသာ ပြောလေ၏။

"ဟုတ်ပါတယ်ခင်ဗျာ. . . ကျွန်တော် နီ၀ါးပါ"

ဟု နီ၀ါးက ပြောလိုက်လျှင်. . .

"ဒီမှာ. . . ဗိုလ်ကြီး၊ ဗိုလ်ကြီးကို သိပ်ချစ်၊ သိပ်ပြီးသတိရ၊ သိပ်ပြီး လွမ်းတဲ့ အမေဆိုပါတော့. . .၊ ဒေါ်စိန်ကတော့ သေရှာပါပြီ၊ အဲဒီ တုန်းက အန်တီနဲ့ ဒေါ်စိန်အတူတူ နေကြတယ်၊ ပြွန်တန်ဆာမြို့မှာ ပါ၊ မြို့ရဲ့အစွန်ပိုင်းရပ်ကွက်ကလေးမှာပါ၊ အဲဒီတုန်းက အဒေါ်တို့ က အိမ်မှာပဲ ကုန်စုံဆိုင်ဖွင့်ထားတယ်၊ ဆိုင်ကလည်း အတော့်ကို အောင်မြင်ပါတယ်၊ အဒေါ်က ဆိုင်အတွက် ရန်ကုန်တက်ပြီး ကုန် ၀ယ်နေတုန်း ဓားပြတွေက ဒေါ်စိန့်ကို သတ်သွားကြတယ်"

ဟု ဒေါ်ထားထားက ပြောလိုက်လေ၏။





နီ၀ါးသည် တွေး၍ စဉ်းစားနေ၏။

အမှန်စင်စစ်အားဖြင့် ဒေါ်စိန်ကို သတ်သွားကြသူများမှာ ဓားပြ မဟုတ်ပေ။

ဦးရိုဖုန်းနှင့် တာရှီးအားသတ်သွားသော သူလျှိုလူသတ်သမားများ သာ ဖြစ်တန်ရာ၏ဟူ၍ နီ၀ါးအနေနှင့် သဘောပေါက်သွားလေ၏။

ထို့နောက် နီ၀ါးနှင့် ဒေါ်ထားထားတို့သည် နှုတ်ဆက်၍ လမ်းခွဲ ခဲ့ကြလေ၏။ ထိုသို့ လမ်းခွဲခဲ့သော်လည်း တစ်ဦး၏လိပ်စာကို တစ်ဦးမမေး ဖြစ်ခဲ့ကြပေ။

ဒေါ်ထားထားသည် အိမ်သို့ပြန်ရောက်သောအခါ သူနှင့်အတူနေ သော မိန်းမကြီးအား နီ၀ါးဆိုသော သိဟောင်းကျွမ်းဟောင်း တစ်ဦးနှင့်တွေ့ခဲ့ ပုံကို ပြောပြလေ၏။

သူ၏ စကားအဆုံးတွင်. . .

"ငါကလည်း မေ့ကိုမေ့တတ်ပါတယ်၊ သူ့ရဲ့လိပ်စာကို မမေးလိုက် မိဘူး"

ဟု အသံကျယ်ကျယ်ဖြင့် ပြောလိုက်လေ၏။

ထိုသို့ ပြောလိုက်စဉ်၌မှာပင် အိမ်ပေါ်သို့ မိန်းမတစ်ယောက် တက် လာလေ၏။ ထိုမိန်းမမှာ ရုပ်ရည်လွန်စွာ ချောမောလေ၏။ ထိုမိန်းမသည် ဒေါ်ထားထားပြောသော နောက်ဆုံးစကားကို ကြား၍ သွားပြီဖြစ်ရာ. . .

"ဒေါ်ထားထားရယ်. . .၊ ဘယ်သူ့လိပ်စာများ သိချင်လို့တုန်း"

ဟု ပြောဆိုရင် အိမ်ပေါ်သို့ တက်လာလေ၏။

ထို့နောက် ဒေါ်ထားထား၏ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်လိုက် လေ၏။

"ဘယ်သူ့လိပ်စာရမလဲတော်. . .၊ အန်တီနဲ့အတူနေတဲ့ ဒေါ်စိန်ကြီး ကို မှတ်မိဦးမှာပေါ့. . .၊ ကောင်လေးက ခေါက်ဆွဲဆိုင်မှာ အကြော် ကြော်တဲ့ ကောင်လေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ထိုမိန်းမက. . .

"နီဝါးကို ပြောတာလား"

ဟု မဆိုင်းမတွ ပြန်၍ မေးလိုက်လေ၏။

"အေး. . . ဟုတ်တယ်၊ ထွေးထွေးက ဘယ်လိုသိနေတာလဲ"

ဟု ဒေါ်ထားထားက ပြန်၍ မေးလိုက်လေ၏။

"ဘယ်လို သိမှာလဲ အန်တီရယ်၊ ဒေါ်စိန်ကြီး ရွှေစက်တော်မှာ ဈေး ရောင်းရင်းနဲ့ အသည်းအသန်ဖြစ်လို့ စကုမြို့က ဆေးရုံမှာ တက်ရ တယ်လေ၊ အဲဒီတုန်းက ထွေးတို့အမေလည်း ဘုရားဖူးသွား ရင်း အသည်းအသန်ဖြစ်လို့ အဲဒီဆေးရုံမှာပဲ တက်ရတယ်၊ ထွေးက အမေ့ ရဲ့ လူနာစောင့်၊ နီဝါးက ဒေါ်စိန်ကြီးရဲ့ လူနာစောင့်၊ ဒါပေမဲ့ အဆောင် က အမျိုးသမီးအဆောင်မို့လို့ အပြင်မှာပဲ နေရတယ်၊ သူက ဆေးရုံ က မီးဖိုမှာ အစိမ်းကြော်တို့၊ ချိုချဉ်ကြော်တို့၊ ခေါက်ဆွဲ ကြော်တို့လုပ် ပြီး ဆေးရုံက လူတွေကိုလည်း ကျွေးတယ်၊ ထွေးတို့ကို လည်း ကျွေးတယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဒေါ်ထားထားက. . .

"နေပါဦး. . . အကြောင်းအရာလေး ပြောတာနဲ့ နီဝါးဆိုတဲ့ နာမည် ကို မှတ်မိပုံထောက်ရင် မှတ်စုစာအုပ်နဲ့ ရေးမှတ်ထားတာ မဖြစ်နိုင် ဘူး၊ အသည်းနှလုံးမှာ ရေးမှတ်ထားသလားကွယ်"

ဟု ထောက်လိုက်ရာ ထွေးထွေး ခေါ် မာမာထွေးက. . .

"မိန်းမချင်းဆိုတော့ မရှက်ပါဘူး၊ အန်တီ့ကို အမှန်အတိုင်း ဖွင့်ပြော ပါ့မယ်၊ တကယ့်ကိုပဲ သူ့နာမည်ကို အသည်းနှလုံးမှာ ရေးမှတ်ထား မိတာပါ၊ တခြားနာမည်ဆိုလို့လည်း မရှိပါဘူး၊ ဒီနာမည် တစ်လုံး တည်းပါ"

ဟု ထွေးထွေးက ပြန်၍ ဖြေလေ၏။





"ဟုတ်ပါပြီ. . . ဒါကြောင့် အလွတ်ရနေတာကိုး၊ နှစ်တွေက ကြာမင့်ပဲ"

ဟု ဒေါ်ထားထားက ဟန်ပါပါ ပြောလိုက်လေ၏။

"ဒါနဲ့ နေပါဦး အန်တီရယ်၊ အခု နီဝါးက ဘယ်ခေါက်ဆွဲဆိုင်မှာ တဲ့လဲ"

ဟု မေးလိုက်လေ၏။

"အမယ်လေး. . . အမယ်လေး၊ ကြားသားမိုးကြိုး. . ခေါက်ဆွဲဆိုင် က အကြော်သမားလေး မဟုတ်တော့ဘူး. . . ထွေးထွေးရေ၊ စစ်ဗိုလ် ကြီး ဖြစ်နေပြီ"

ဟု ပြောလိုက်ရာ ထွေးထွေးက. . .

"ဟင်"

ဟု တစ်လုံးတည်း ရေရွတ်၍ အံ့အားသင့်နေလေ၏။

မာမာထွေး ခေါ် ထွေးထွေးသည် စကုဆေးရုံတွင် နီဝါးအား စတင် တွေ့စဉ်ကပင် စိတ်ထဲတွင် စွဲလမ်းလာခဲ့၏။

ထို့ကြောင့်လည်း လူချင်းခွဲခါနီး၌ လက်ကိုင်ပဝါ အဖြူလေးတစ်ထည် ပေးခဲ့၏။

ထို လက်ကိုင်ပဝါလေး၏ ထောင့်တွင် အနီရောင်ချည်ဖြင့် 'ထွေး' ဟူသော စာလုံးလေးကို ကိုယ်တိုင် ထိုးထား၏။ 'ထွေး'အနေနှင့် လက်ကိုင် ပဝါလေးပေးလိုက်ခြင်းကို သူ၏ အသည်းနှလုံးကို ပေးလိုက်ခြင်းဟုပင် မှတ်ယူထား၏။

သို့ရာတွင် ထိုအချိန်ကတည်းက ကွဲသွားလိုက်သည်မှာ ယခုအချိန်ထိ ပြန်၍မတွေ့ရသေးပေ။ ထွေး၏ရင်သည် လှုပ်ခတ်နေ၏။

ထွေးသည် နီဝါးအား လွန်စွာမှတွေ့ချင်လှ၏။ အန်တီထား၏ ပြော ပြချက်အရ စစ်ဗိုလ်ဖြစ်နေပြီဟူသော နီဝါးအား 'ထွေး'သည် တွေ့ချင် မြင်ချင် လှပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က တွေ့ဖူးသော နီဝါး၏ ပုံသဏ္ဌာန်တွင် စစ်ဗိုလ်အဝတ်အစားများကို စိတ်ကူးဖြင့် ဝတ်ပေးကြည့်၏။ သို့ရာတွင် စိတ်ကူးအာရုံထဲတွင် ရုပ်အသွင်သည် ပီပီသသ ပေါ်မလာပေ။ ထွေးထွေးသည် အန်တီထားအား နှုတ်ဆက်ပြီးနောက် ပြန်ခဲ့လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်လကျော်ကျော် ကြာသောအခါ၌ ဒေါ်ထားထားနှင့်သိသော စစ်တပ်မှ တပ်ကြပ်ကလေးတစ်ဦး အိမ်သို့ အလည်အပတ် ရောက်ရှိလာလေ၏။

ထိုတပ်ကြပ်ကလေး ရောက်ရှိလာသော အချိန်၌မှာပင် အိမ်ရှေ့မှ စမူဆာသုပ်ရောင်းသော ကုလားသည် အော်ဟစ်၍ ရောက်လာလေ၏။

ဒေါ်ထားထားက ထိုတပ်ကြပ်ကလေးအား ကျွေးမွေးရန် စမူဆာရောင်းသော ကုလားကိုခေါ်၍ စမူဆာသုပ်နှစ်ပွဲ ဝယ်လေ၏။

ထိုသို့ဝယ်နေစဉ်အတွင်း တပ်ကြပ်ကလေးက စမူဆာသုပ် ကုလားအား ငရုတ်သီးကို လျှော့၍ထည့်ရန် ကုလားစကားဖြင့် ပြောလေ၏။

ထိုကုလားကလည်း ဒီလိုအသုပ်မျိုးစားတဲ့အခါမှာ ငရုတ်သီးထည့်ပြီးစားမှ ကောင်းတယ်ဟု ပြန်၍ ပြောလေ၏။

ထိုအခါ တပ်ကြပ်ကလေးက. . .

"ကောင်းရင် မင်းအိမ်က ကလေးကို ကျွေးတဲ့အခါ ငရုတ်သီးထည့်ကျွေး"

ဟု ကုလားစကားဖြင့် ပြန်၍ ပြောလိုက်လေ၏။

ကုလားလည်း ရယ်မောလေ၏။

ထိုကုလားနှင့် ထိုတပ်ကြပ်ကလေးသည် အတန်ကြာသည်အထိ ကုလားစကားဖြင့် အချီအချ ပြောနေကြလေ၏။

ထို့နောက်မှ ကုလားလည်း သူ၏ စမူဆာဗန်းကို ရွက်၍ ထွက်သွားလေ၏။ ထိုအခါ ဒေါ်ထားထားက ၎င်းတပ်ကြပ်ကလေးအား. . .

"မောင်သာညွှန့်က ကုလားလို အတော့်ကို ပြောတတ်တာကိုး၊ အန်တီ မသိပါဘူးကွယ်"





ဟု ပြောလိုက်ရာ ၎င်းတပ်ကြပ်ကလေး မောင်သာညွှန့်က. . .

"အရင်က မတတ်ပါဘူး အန်တီရယ်၊ ကျွန်တော်တို့ မော်တော်ယာဉ်တပ်ကို အိန္ဒိယပြည်ကုလားတပ်က ဗိုလ်ကြီးနီဝါးဆိုတာ ပြောင်းလာတယ်၊ သူက သင်ပေးလို့ ကျွန်တော်တတ်တာပါ"

ဟု ပြောလိုက်လျှင် ဒေါ်ထားထား၏ မျက်လုံးသည် ပြူးကျယ်၍ သွားလေ၏။

ထို့နောက် ဒေါ်ထားထားက. . .

"ဗိုလ်ကြီးနီဝါး ဟုတ်လား၊ သူက အခု ဘယ်တပ်မှာလဲ. . . ဟင်"

ဟု ပျာပျာသလဲ မေးလိုက်သဖြင့် တပ်ကြပ်ကလေးမှာ တအံ့တသြဖြစ်သွားလေ၏။

"ဘာဖြစ်လို့လဲ အဒေါ်ရယ်"

ဟု ပြန်၍ မေးရှာလေ၏။

"ဘာမှ မဖြစ်ပါဘူးစကွယ်၊ အဒေါ်နဲ့က တူလို၊ သားလို့နေတာပါ၊ သူ့ရဲ့လိပ်စာသိချင်လို့"

ဟု စကားကို ပြန်၍ ပြောလိုက်လေ၏။

တပ်ကြပ်ကလေး မောင်သာညွှန့် ပြန်သွားသောအခါ၌ ဒေါ်ထားထားသည် ထွေးထွေး အိမ်သို့ ထွက်လာလေ၏။

ထွေးထွေး၏အိမ်သို့ ရောက်သောအခါ၌ ထွေးထွေးကို မတွေ့ရပေ။ ယခုမနက်ပင် မိတ်ဆွေများနှင့်အတူ ကျိုက်ထီးရိုးသို့ ဘုရားဖူးထွက်သွားပြီဖြစ်ကြောင်း သိရလေတော့၏။

ထို့ကြောင့် ဒေါ်ထားထားက. . .

"ဒုက္ခပါပဲ. . . ထွေးထွေး မြန်မြန်ပြန်လာရင် ကောင်းမှာပဲ"

ဟု တောင့်တရေရွတ်လိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

“သူတို့ကတော့ တခြားတိုင်းပြည်အတွက် လွှတ်ထားတဲ့ ငတိတွေ ပေါ့ကွာ၊ စက်ဘီးနောက်မှာ အထုပ် ကြီးတွေတင်ပြီး ‘ပိုးမျှင်. . . ပိုးမျှင်’လို့ အော်ပြီး အနယ်နယ်မှာ လှည့် လည်ရောင်းနေတဲ့ တရုတ်ကြီးတွေ တွေ့တယ်မဟုတ်လား. . .၊ အဲဒီလူဆယ်ယောက်မှာ ခုနစ်ယောက် က ဒလန်ကွ. . .၊
သုံးယောက် က စပိုင်တွေကွ. . .၊ သူတို့ဟာ ရောက်တဲ့နေရာမှာ မြေတိုင်းစာရေး တွေ၊ မြေတိုင်းအင်စပက်တာတွေနဲ့ ပေါင်းတယ်၊ ရွှေတို့ ငွေတို့ကို မက်လောက်အောင် ပုံပေးပြီး အဲဒီအရပ် နယ်မြေနဲ့ မြေပုံတွေကို အရအမိ ယူတော့တာ ပဲဟေ့. . .၊

“ကမ္ဘာစစ်ဖြစ်လို့ အဲဒီနေရာကို သူတို့တပ်တွေ ပို့တဲ့အခါ ရိုးရိုး အရပ်မြေပုံကနေ စစ်မြေပုံတွေ ဖြစ်သွားတော့တာပေါ့ကွာ၊ တို့ကို လိုက်ပြီးသတ်နေတာ အလုပ်ပြီးသွားလို့ တို့ကို စာရင်းသိမ်း တာကွ. . .၊ တို့ကို ခိုင်းတဲ့လူကပဲ တို့ကိုလိုက်သတ်တာပဲကွ. . .၊ အဲဒီတော့ မင်းကို ငါပြောချင်တာက ငါသေပြီဆိုရင် မင်းလွတ် အောင် ပြေးပေတော့၊ ပြေးတဲ့အခါမှာ လာလမ်းအတိုင်း မပြန်နဲ့၊ ရှေ့ကို ဆက်ပြီးပြေး၊ တိဘက်နယ် ပိုင်နက်ထဲကို ရောက်သွား လိမ့်မယ်၊ အဲဒီမှာလည်း မလုံခြုံသေးဘူးထင်ရင် ဆက်ပြီးပြေး၊ ဘူတန်နယ်ထဲ ကို ရောက်သွားလိမ့်မယ်၊ ဘူတန်ကနေ ဆက်ပြီးပြေး ရင် နီပေါနိုင်ငံ ထဲကို ရောက်သွားလိမ့်မယ်၊



## အခန်း ( ၂၆ )

### နိဝါး ဆောင်ရွက ဆင်းသောအခါ

ထွေးထွေး ကျိုက်ထီးရိုးဘုရားဖူးမှ ပြန်လာသောအခါ၌ ဒေါ်ထားထား သည် ထွေးထွေးအိမ်သို့ သွားလေ၏။ ထွေးထွေးအိမ်သို့ ရောက်သောအခါ၌

“ဗိုလ်ကြီးနိဝါးက မကွေးက ခြေလျင်တပ်ကို ပြောင်းသွားပြီတဲ့၊ အဲဒီ ကို လိုက်သွားရင်တော့ ကျိန်းသေတွေ့ရမှာပဲ”

ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးတိုင်ပင်ကာ မကွေးသို့ လိုက်ကြလေ၏။

မကွေးရှိ တပ်သို့ရောက်လျှင် ထိုတပ်၏ တပ်ရေးဗိုလ်ကြီးထံဝင်၍ တွေ့ပြီးလျှင် ဗိုလ်ကြီးနိဝါးအား စုံစမ်းရာ ထိုတပ်ရေး ဗိုလ်ကြီးက. . .

“ဒီလို. . . အမေကြီးရဲ့၊ ကျွန်တော်တို့တပ်က မကွေးမှာ တပ်ရင်းရုံး စိုက်ပေမယ့် တပ်ခွဲတွေက တခြားမြို့တွေမှာ တပ်စွဲထားတာ၊ ဗိုလ်ကြီး နိဝါးက စလင်းမြို့မှာရှိတဲ့ ကျွန်တော်တို့တပ်ရဲ့ တပ်ခွဲ(၂)မှာ တပ်ခွဲမှူး အဖြစ် တာဝန်ထမ်းဆောင်ဖို့ အဲဒီကိုသွားရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် ဒေါ်ထားထားတို့သည် မကွေးမြို့မှတစ်ဆင့် ကုန်းတစ်တန်၊ ရေတစ်တန် ဖြတ်ကာမှ စလင်းမြို့ရှိ တပ်ခွဲ(၂)သို့ လိုက်ရလေ၏။

ထိုတပ်သို့ ရောက်လျှင် ဗိုလ်ကြီးနီဝါးသည် စေတုတ္တရာမြို့သို့ ရှေ့တန်းထွက်သွားပြီဖြစ်ကြောင်း ရည်မွန်စွာ ရှင်းပြလေ၏။

ထို့ကြောင့် ထွေးထွေးနှင့် ဒေါ်ထားထား တို့သည် ရန်ကုန်သို့ ပြန်ခဲ့ကြရလေတော့၏။

သို့ရာတွင် ဗိုလ်ကြီးနီဝါး၏ လိပ်စာကို ရခဲ့ပြီဖြစ်သောကြောင့် ထွေးထွေး နှင့် ဗိုလ်ကြီးနီဝါးတို့သည် စာချင်းအဆက်အသွယ်တော့ ရှိလေ၏။

တစ်နေ့တွင် ဗိုလ်ကြီးနီဝါး ဒဏ်ရာရ၍ စလင်းဆေးရုံတွင် တက်ရောက် ကုသနေပြီဖြစ်ကြောင်း ဒေါ်ထားထားက သတင်းရ၍ ထွေးထွေးအား လာ၍ပြောလေ၏။

ထွေးထွေးသည် ဒေါ်ထားထားကိုခေါ်ကာ စလင်းဆေးရုံသို့ ချက်ချင်းလိုက်၍ သွားလေ၏။

ဗိုလ်ကြီးနီဝါးအား အထူး ကြပ်မတ်ကုသဆောင်၏ လူနာခုတင်ပေါ်တွင် တွေ့ရလေ၏။ ၎င်း၏နံဘေးတွင်လည်း ဒဏ်ရာပြင်းထန်သော ယောကျ်ားလူနာတစ်ဦးကို တွေ့ရလေ၏။

ဗိုလ်ကြီးနီဝါးက. . .

"ဟိုဘက် ခုတင်က လူနာဟာ စလင်းမြို့ အဝင်နားမှာ လမ်းချော်ပြီး ကားမှောက်သွားလို့ ဆေးရုံသို့ရောက်လာတာ အခြေအနေမကောင်းဘူး၊ အဲဒီလူနာမည်က ဦးစိန်လှိုင်တဲ့၊ သူဟာ အခြားမဟုတ်ဘူး ထွေးထွေး။ ကိုယ့်ရဲ့ပထွေးပဲ၊ သူနှိပ်စက်လို့ ကလေးဘဝကတည်းက ကိုယ် အိမ်က ပြေးခဲ့ရတာ. . .၊

ဟိုဘက် အမျိုးသမီးဆောင်မှာ လူနာတစ်ယောက်ရှိသေးတယ်၊ အဲဒါ ဒေါ်ဝါးတဲ့၊ ကိုယ့်ရဲ့အမေပါပဲ၊ နှစ်ယောက်စလုံး အခြေအနေ မကောင်းဘူး၊ သေဖို့များတယ်၊ နီဝါးဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့ ဘဝက ဇာတ်ပေါင်းချိန် ရောက်နေပါပြီ၊ ဒါပေမဲ့ ဇာတ်





သိမ်းမကောင်းဘူးကွယ်၊ အမေနဲ့ကွဲသွားတာ နှစ်ပေါင်းအကြာကြီးပဲ၊ ပြန်တွေ့တော့ သေရတော့မယ် အချိန်ကျမှ ပြန်တွေ့ရတယ်၊

ကိုယ်ပြောချင်တာက တစ်ခြား နေရာတွေမှာ မကောင်းတာတွေကတော့ ထားလိုက်ပါတော့၊ နီဝါးနဲ့ ထွေးရဲ့ ဇာတ်သိမ်းခန်းကိုတော့ ကောင်းစေချင်တယ်"

ဟု ပြောလိုက်ရာ ထွေးထွေးသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ငိုလေတော့၏။

"ကောင်းရမှာပေါ့ ကိုရယ်"

ဟု ပါးစပ်ကလည်း ငိုသံပါကြီးနှင့် တတွတ်တွတ်ပြောနေလေ၏။

များမကြာမီမှာပင် နီဝါး၏ မိခင် ဒေါ်ဝါးနှင့် ၎င်း၏နောက်ယောကျ်ား ဦးစိန်လှိုင်တို့သည် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကွယ်လွန်သွားကြလေ၏။

၎င်းတို့နှစ်ဦး၏ ဈာပနာကို နီဝါးကပင် အကုန်ကျခံ၍ သူ၏တပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတို့၏ အကူအညီဖြင့် ဆောင်ရွက်ပေးလိုက်လေ၏။

ထိုဈာပနကိစ္စပြီးသောအခါ၌ နီဝါး၏ ဒဏ်ရာမှာလည်း မသက်သာသဖြင့် မင်္ဂလာဒုံရှိ စစ်ဆေးရုံသို့ ပို့လိုက်ရလေတော့၏။

ထိုဆေးရုံသို့ ရောက်သောအခါ၌ ဒဏ်ရာရသွားသော နီဝါး၏ ခြေထောက်တစ်ဖက်ကို ဖြတ်လိုက်ရလေတော့၏။

ဆေးရုံမှဆင်းသောအခါ၌ နီဝါးသည် ချိုင်းထောက်ဖြင့် ဆင်းခဲ့ရလေ၏။

ဆေးရုံကမဆင်းမီကပင် နီဝါးသည် တပ်မှ နုတ်ထွက်ခွင့်တောင်းခဲ့လေ၏။ ဆေးရုံက ဆင်းသောအခါ၌ ထွေးထွေးကို မျှော်မိသေး၏။ သို့ရာတွင် ထွေးထွေး ပေါ်မလာပေ။

သူသည် ချိုင်းထောက်ကို တဒေါက်ဒေါက် ထောက်ရင်း ဆေးရုံဝင်းအတွင်းမှ ထွက်ခဲ့လေ၏။

သူ့အတွက် သွားစရာမရှိပါ။ သူသည် အင်းစိန်တောင်သူကုန်း အနီးရှိ ရပ်ကွက်သို့ ထွက်လာခဲ့လေ၏။ ထိုနေရာသို့အရောက်တွင် သူ၏ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမောင်မောင်ကို မေးမြန်းစုံစမ်းရ၏။

နောက်ဆုံးတွင် သပ်ရပ်သော ဖျဉ်ထောင်အိမ်ကလေးတစ်လုံးနှင့် ဘူးသီးများ ပွတ်နေအောင် သီးသော ထိုအိမ်ရှေ့ရှိ ဘူးစင်ကလေးကို တွေ့ရလေ၏။

နီဝါး ငှားစီးသွားသော အငှားမော်တော်ကားလေး ခြံရှေ့တွင်ရပ်၍ နီဝါး ကားပေါ်မှ ဆင်းလာသည့်အခါ၌ သူ၏ဆရာ ဂျမဒါမောင်မောင်သည် ပြေးထွက်လာပြီးလျှင် နီဝါးအား အလေးပြု၍ ပြေးကာဖက်လိုက်လေတော့၏။

"ဘယ်လိုလဲ လက်ဖတင်နင်နီဝါး ခြေထောက်တစ်ဖက် မရှိတော့ဘူးပေါ့၊ ဒါပေါ့ကွာ၊ ဒါဟာ ဝမ်းနည်းစရာ မဟုတ်ပါဘူး၊ မင်းတို့ ငါတို့ လို စစ်ပျော်ကြီးတွေအတွက် ထိုက်ထိုက်တန်တန် ရသင့်တဲ့ ဆုလာဘ် ပါကွာ၊ ဂုဏ်ယူဖို့ကောင်းပါတယ်၊ ကိုယ့်မြန်မာတပ်မှာ မြန်မာလူမျိုး တွေအတွက် ပေးလိုက်ရတဲ့ အရင်းအနှီးပါ၊ ကုလားတပ်မှာနေတုန်း က ဒီလိုဖြစ်ခဲ့ရင် ရင်ထုမနာ ဖြစ်ဖို့ကောင်း လိမ့်မယ်"

ဟု ပြောကာ ဘူးစင်အောက်ရှိ ကွပ်ပျစ်ကလေးပေါ်တွင် နှစ်ယောက်သား စကားပြောဖြစ်ကြ၏။

"ဂျမဒါ ကျွန်တော် ဒီမှာနေမယ်"

ဟု နီဝါးက ပြောလိုက်ရာ ဂျမဒါမောင်မောင်က. . .

"ဟိုဘက်မှာ မြေကွက်လပ်အလွတ်တစ်ကွက် ရှိတယ်ကွ၊ ကရင်ကြီး တစ်ယောက် ပိုင်တယ်၊ သူက ဆုံးသွားပါပြီ၊ သူ့မိန်းမက အဲဒီမြေကွက် ကိုရောင်းပြီး ဘားအံကို ပြန်သွားပြီ"

ဟု ပြောလိုက်ရာ နီဝါးက. . .

"အဲဒီမှာ အိမ်သစ်ကလေးတစ်လုံး ဆောက်နေပါလား"

ဟု မေးလိုက်ရာ ဂျမဒါမောင်မောင်က. . . .

"ဝယ်ပြီးပြီးချင်း မင်းလာနေရင် ရဖို့ ဆောက်ထားတာကွ၊ ဆောက် ပြီးပါပြီကွာ"

ဟု ပြောလိုက်လျှင် နီဝါးက. . .





"အိမ်က ဘယ်လိုလဲ ဂျမဒါရဲ့ လှေကားက နှစ်စင်းပါလား"

ဟု မေးလိုက်ရာ ဂျမဒါမောင်မောင်က ပြုံးလေ၏။

"လှေကားတစ်စင်းက ရိုးရိုး၊ ကျန်တဲ့တစ်စင်းက မင်းအနေနဲ့ တက်ဖို့ဆင်းဖို့လွယ်အောင် လုပ်ထားတဲ့လှေကားကွ"

ဟု ပြောလိုက်ရာ နီဝါးက အားရပါးရ ရယ်လေ၏။

ကျေနပ်အောင်ရယ်ပြီးနောက်. . .

"ဂျမဒါကြီးက အခုထက်ထိ ကျွန်တော့်ကို စောင့်ရှောက်နေတုန်းပဲနော်"

ဟု နီဝါးက ပြောလိုက်လေ၏။

ထိုအခါ ဂျမဒါမောင်မောင်က. . .

"စောင့်ရှောက်ရမယ် လက်ဖတင်နင် နီဝါးရေ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းယူမယ့်မိန်းမက ငါ့တူမအရင်းကွ၊ သူ့အမေက ငါ့အစ်မကွ"

ဟု ပြောလိုက်ရာ နီဝါးသည် မျက်လုံးပြူး၍ သွားလေ၏။

ထို့နောက်. . . .

"ဂျမဒါကြီး ဘယ့်သူကို ပြောနေတာလဲ"

ဟု နီဝါးက မေးလိုက်လေ၏။

"ဘယ်သူ့ကိုပြောရမလဲ နီဝါးရယ်၊ ထွေးထွေးကို ပြောနေတာပေါ့"

ဟု ဂျမဒါကြီးက ပြန်၍ပြောလိုက်လေ၏။

"တော်ပါ. . . ဂျမဒါကြီးရယ်၊ ကျွန်တော် ဆေးရုံကဆင်းတာတောင် ထွေးထွေးက လာပြီးကြိုဖော်ရတာ မဟုတ်ဘူး၊ ကျွန်တော် စိတ်နာတယ်"

ဟု ပြောလိုက်ရာ. . .

"ဘယ်လိုဖြစ်တာလဲ လက်ဖတင်နင် နီဝါးရယ်၊ မင်း ဆေးရုံကဆင်းရမှာ မနက်ဖြန်လေကွာ၊ မင်းက ဆင်းချင်တာနဲ့ တစ်ရက်စောပြီး ဆင်းတာ မေ့နေပြီလား၊ ထွေးထွေးက မနက်ဖြန်မှာ လာကြိုရမှာ. . .၊ အဲဒီလို လာကြိုရင် ငါလည်း လိုက်ရမှာ. . .၊

အဲဒါကြောင့် လာမကြိုဖြစ်တာ ငါ့လူရေ၊ မင်းတပ်က ထွက်ရင် အတူနေဖို့ဆိုပြီး အဲဒီမြေကွက်ကို ထွေးထွေးက



www.burmeseclassic.com

www.burmeseclassic.com



ဝယ်တာကွ၊ အိမ်လည်း သူပဲ ဆောက်တာကွ၊ အဲဒီဆေးရုံမှာက ငါ့မိတ်ဆွေ တစ်ယောက်ရှိတယ်ကွ၊ သူ့ဆီကို ငါ တယ်လီဖုန်းဆက်ကြည့်တော့ တာဝန်ကျ ဆရာဝန်လှည့်ပြီးရင် မင်းအနေနဲ့ ဆေးရုံကဆင်းမယ် ဆိုတာ သိရပြီကွ. . .၊

ဒါပေမဲ့ လာကြိုဖို့မမီတော့ဘူး၊ မင်းအနေနဲ့ ဘယ်မှသွားစရာမရှိဘူး၊ ငါ့ဆီပဲ လာမယ်ဆိုတာ အတတ်သိနေတယ်လေကွာ၊

အဲဒါကြောင့် ထွေးထွေးကိုမသွားနဲ့တော့၊ သူလာရင် ထမင်းစားဖို့ ထမင်းပဲချက်ကြတော့လို့ ပြောရတော့မယ်၊ မင်းအနေနဲ့ ငါးမြင်း ငါးပိကောင်ကို မန်ကျည်းသီးမှည့်နဲ့ချက်တာကို ကြိုက်တယ်လို့ မင်း က ပြောဖူးတာကို မှတ်မိလို့ အဲဒါပဲ ချက်ခိုင်းထားတယ်ကွ”

ဟု ပြောလိုက်လျှင် နီဝါး၏ မျက်နှာသည် ဝင်းလက်၍သွားလေ၏။

ထိုအခါ ဂျမဒါမောင်မောင်က အိမ်သစ်ကလေးဘက်သို့ လှည့်ကာ

“ထွေးထွေးရေ. . . ထမင်း၊ ဟင်း ကျက်ပြီလားဟေ့ နီဝါး ရောက်နေပြီ. . .”

ဟု လှမ်း၍ အော်လိုက်လျှင် ထွေးထွေးသည် အိမ်နောက်ဖေး ကပျဉ်မှခုန်ချ၍ အားကုန်သုတ်၍ ပြေးလာလေတော့၏။ ထို့နောက် နီဝါးကို သိုင်း၍ ဖက်လိုက်လေ၏။

ထို့နောက် ၎င်းတို့သုံးယောက်သည် အိမ်သစ်ကလေးသို့ သွားကြလေ၏။ ပြီးလျှင် သုံးယောက်သား ပျော်ရွှင်စွာ ထမင်းစားကြလေ၏။ ထမင်းစားရင်း နီဝါးက. . .

“ထွေးထွေးက ဂျမဒါကြီးရဲ့တူမဖြစ်နေတယ်ဆိုတဲ့ အချက်က ဝတ္ထုသိပ်ပြီးဆန်တာပဲ”

ဟု ပြောလိုက်လျှင် ဂျမဒါမောင်မောင်က. . .





“ဒီထက် ဝတ္ထုဆန်တဲ့အချက် ရှိသေးတယ်ကွ၊ အဲဒါက ဘာလဲဆိုတော့ မင်းရဲ့မွေးစားအမေ ဒေါ်စိန်ကြီးဟာ ထွေးထွေးကို စကုဆေးရုံမှာကတည်းက တွေ့ဖူး၊ မြင်ဖူးတယ်ကွ. . .၊

ဒါပေမဲ့ မသိရှာဘူး၊ ပြွန်တန်ဆာရောက်မှ သေသွားတဲ့ သူ့ရဲ့မောင်တစ်ယောက်မှာ သမီးလေးတစ်ယောက် ကျန်ခဲ့တယ်ဆိုတဲ့ သတင်းကို သိရလို့ မသေခင်တစ်နှစ်မှာ ရှာပုံတော်ဖွင့်ခဲ့တယ်ဟေ့. . .၊

အဲဒီမှာ ထွေးထွေးကို သွားပြီးတွေ့တာ၊ သူက အဲဒီအချိန်မှာ ဒေါ်ထားထားနဲ့အတူနေနေပြီး အိမ်ဆိုင်ကလေး တစ်ဆိုင်ဖွင့်နေတာကွ၊ သေခါနီးမှာပဲ ထွေးထွေးနဲ့ချိန်းတွေ့ပြီး ထွေးထွေးကို သံ သေတ္တာ အဟောင်းကြီးတစ်လုံး အမွေအဖြစ်ပေးခဲ့တယ်. . .၊

ထွေးထွေးကလည်း သူ့စိတ်ချမ်းသာအောင် ယူထားလိုက်တယ်၊ သိပ်မကြာပါဘူးကွာ၊ ဒေါ်စိန်ကြီးကိုလည်း ဓားပြတွေက သတ်သွားကြတယ်. . .၊

ဒေါ်စိန်ကြီးသေပြီး အကြာကြီးနေမှ ထွေးထွေးက သူပေးထားခဲ့တဲ့ သေတ္တာအဟောင်းကို ဖွင့်ကြည့်မိတာကွ၊ အဲဒီတော့မှ ထွေးထွေးက အံ့ဩတာဟေ့၊ အထဲမှာက ရွှေဒင်္ဂါးတွေ အများကြီးပဲကွ၊ ထွေးထွေးဟာ တစ်ချိတည်း ချမ်းသာတော့တာပဲ”

ဟု ပြောလိုက်လျှင် နီဝါးသည် အံ့ဩသောမျက်နှာဖြင့် ထွေးထွေးအား လှမ်း၍ ကြည့်လိုက်လေ၏။

ထိုအခါ ထွေးထွေးက. . .

“တစ်သက်လုံး ပင်ပန်းလာတာ ကိုနီဝါးအနေနဲ့ အေးအေးဆေးဆေး အနားယူပေတော့၊ ဘာမှမပူနဲ့တော့၊ ဒါပေမဲ့ ဒီလိုကြီးထိုင်စားနေတော့ လူကြည့်လို့မကောင်းဘူး၊ ထွေးထွေးက ဈေးမှာ ဆိုင်ခန်းတစ်ခန်းဝယ်ပြီး အထည်ဆိုင်ဖွင့်မယ်လေ၊ မကောင်းဘူးလား ရုပ်ပြ

ဟု ပြောလိုက်လျှင် နီဝါးက. . .



www.burmeseclassic.com

www.burmeseclassic.com




"ထွေး. . . သဘောပါပဲ၊ ကိုယ့်အနေနဲ့ စိတ်မကောင်းဖြစ်တာ တစ်ခု က ထွေးယူတဲ့ယောက်ျားဟာ ဒုက္ခိတဖြစ်နေတာ တစ်ခုပါပဲ"

ဟု ပြောလိုက်လျှင် ထွေးထွေးက. . .

"အဲဒီအတွက် ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ ကိုနီဝါးရယ် ထွေးက ဂုဏ်တောင် ယူမိသေးတယ်"

ဟု ပြောလိုက်လျှင် ဂျမဒါကြီးရော၊ နီဝါးပါ ကျေကျေနပ်နပ်ကြီး ရယ်မိကြလေတော့သတည်း။

❀ ❀ ❀ ❀ ❀





"တူဆိုတဲ့သဘောက နှစ်ချောင်း လုပ်ရတာမဟုတ်လား၊ တစ်ချောင်းနဲ့တစ်ချောင်း အလုံးရော၊ အရှည်လုံး၊ ပုံသဏ္ဌာန်ရော တစ်ထပ်တည်း တူနေမှ 'တူ'ဖြစ်တာကွ၊ မတူရင်တူလို့ မခေါ်ဘူးနော်၊ တူအောင်ကို လုပ်ရမှာကွ၊ နောက်ပြီး မင်းကို ပြောရဦးမယ်၊ ငါတို့ တရုတ်လူမျိုး တွေဟာ တူကို အထိပ်အတုံးပဲ လုပ်ပြီးစားတာကွ၊ ဂျပန်ကျတော့ ဒီလိုမဟုတ်ဘူးကွ၊ တူကိုထိပ်မှာ ခဲတံချွန်သလို ချွန်ထားသေးတာ"

ညောင်ရမ်းမင်း နန်းထိုင်တယ်၊ ညောင်ရမ်းမင်းဆက်ကလည်း များများစားစား မရှိဘူးကွယ့်၊ ညောင်ရမ်းမင်းတရားကြီးရယ်၊ သားတော်မင်းတရားရယ်ပဲ နန်းဆက်ပြတ်သွားတယ်လို့ ကြားဖူးတယ်. . .၊ အဲဒီလို နန်းဆက်ပြတ်သွားပေမဲ့ ဒုတိယညောင်ရမ်းမင်း တရားရဲ့ ဆွေစဉ်မျိုးတစ်ဆက်ဟာ ပြွန်တန်ဆာကို ရောက်လာတယ်၊ အဲဒီမင်းဆက်ရှိခဲ့ရင်တော့ သူဟာလည်း အခုက မင်းသားတစ်ပါး ပေါ့၊ ဒါပေမဲ့ မင်းဆက်က ပြတ်သွားတော့ သူဟာ ဘာမှမဟုတ် တော့ဘူးပေါ့၊ ဒါပေမဲ့ အဲဒီလိုပဲ သူနဲ့မောင်နှမအရင်းတော်တဲ့ မင်းသမီးတစ်ပါးဟာလည်း ပြွန်တန်ဆာမြို့ကို ရောက်လာတယ်၊ သူတို့နှစ်ယောက်စလုံးမှာ နန်းစဉ်နန်းဆက်သုံး ရွှေငွေရတနာတွေ အမြောက်အမြားပါလာကြတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုဖြစ်ပြီး သူက အိမ်ထောင်ဦးစီး ဖြစ်ရတာတုန်း၊ အမေက ဆိုင်ထွက်တယ်၊ ကျွန်တော်က ကျောင်းတက်တယ်၊ သူက အရက် သောက်တယ်၊ ဖဲရိုက်တယ်၊ သူဟာ လူမိုက်ပဲ၊ ကျောင်းမှာ ဆရာလေး က သင်တယ်၊ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင် နေတဲ့၊ သူနဲ့ကင်းအောင်နေရမယ်၊ အမေက ဘာဖြစ်လို့ အဲဒီလူမိုက် ကို မှီဝဲနေတာလဲ"

"ဒီလူကြီးဟာ ဘာအလုပ်မှ လုပ်တာမဟုတ်ဘူး၊ ဘာလို့ ပေးရတာလဲ၊ ကျွန်တော် စာမေးပွဲအောင်လို့ ဘောင်းဘီလေး ချုပ်ပေးပါဆိုတာ ကျတော့ အမေက ချုပ်မပေးဘူး၊ ဘာအလုပ်မှ မလုပ်တဲ့ လူကြီးကို ကျတော့ အမေက အလိုလိုက်တယ်၊ ကဲပါ ပြောစမ်းပါ၊ ဒီလူကြီးက ဘာလုပ်လို့လဲ"

BURMESE CLASSIC .com

ဘုမ္မဝတီစာပေမှ ထုတ်ဝေဖြန့်ချိပြီး စာအုပ်များစာရင်း


၁။ မင်းသိခ် ပြည်တော်ဝင် (စနေမောင်မောင်)

၂။ မင်းသိခ် သူတော်စင်မလေးပုဏ္ဏရိက

၃။ မင်းသိခ် ဘဝစာမျက်နှာ အပိုင်းအစများ (ကိုယ်တိုင်ရေးဘဝဖြစ်စဉ်)

၄။ မင်းသိခ် မင်းမေးတိုင်း ငါကဖြေရမှာလား

၅။ မင်းသိခ် မသွားမီကရောက်နှင့်သည် (စနေမောင်မောင်)

၆။ မင်းသိခ် မမင်းဖြူမှန်မှန်ပြော (ဆားပုလင်းနှင်းမောင်)

၇။ မင်းသိခ် မိုက်ခဲကျောက်ပွင့် (ဆားပုလင်းနှင်းမောင်)

၈။ မင်းသိခ် ဝိတုန်းသုံးကောင် (ဆားပုလင်းနှင်းမောင်)

၉။ မင်းသိခ် မြနန်းနွယ်

၁၀။ မင်းသိခ် ပါပလူမျိုး ကိုးဆယ့်ကိုး

၁၁။ မင်းသိခ် ပြည်ကြီးမဏ္ဍိုင်မြကြီး

၁၂။ မင်းသိခ် ပက်ထရစ်ရွှေဂေါ်င်း

၁၃။ မင်းသိခ် ပျားသားရှောင်းက ရေမြောကမ်းတင်အောင်ဗဒင်

၁၄။ မင်းသိခ် မအောင်ရင်

၁၅။ မင်းသိခ် ဘိုးဘေးဘီဘင်

၁၆။ မင်းသိခ် မြယာရွှေပြည်မင်းသမီး

၁၇။ မင်းသိခ် မြေလျှိုးမိုးပျံဒိဗ္ဗာန် (ဆားပုလင်းနှင်းမောင်)

၁၈။ မင်းသိခ် ဘုမ္မာဝတီ အရှုပ်တော်ပုံ (ဆားပုလင်းနှင်းမောင်)

၁၉။ မင်းသိခ် မီးအိမ်လက်ဆွဲခရီးသည် (ဆားပုလင်းနှင်းမောင်)

၂၀။ မင်းသိခ် ဘဝအသချေ (ကိုယ်တိုင်ရေးဘဝအမြင်)

၂၁။ မင်းသိခ် မိုးနဲ့မြေ

၂၂။ မင်းသိခ် မိုးနဲ့အတု

၂၃။ မင်းသိခ် ခေါင်းမြီးခြုံလုံပါပေ့

၂၄။ မင်းသိခ် မ.တတ်ပွဲ

၂၅။ မင်းသိခ် မြေလျှိုးမိုးပျံဂိုက်ား (စနေမောင်မောင်)

၂၆။ မင်းသိခ် မြင်းကပါအကျဉ်းသား

၂၇။ မင်းသိခ် ဖိုးသူတော်ကြီးနှင့်ကျွန်ပ်

၂၈။ မင်းသိခ် မနောမယ ကိုဝိတာ


www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ

## မွှေးပင်မွှေးကြား ပန်းစကား

